

www.burmeseclassic.com
BURMESE CLASSIC .com
ရွှန်းရည်မိုး
ရာဇဝင်မလှတဲ့ ကဗျာ
www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ရွှန်းရမိမိုး

## ရာဇဝင်မလှတဲ့ ကဗျာ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဈွန်းရမိမိုး၏ ထွက်ရှိပြီးစာအုပ်စာရင်း

၁။ လကဗျာအရောင်ရင့်ပါမှ
၂။ ကွန်းခိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ဒိုင်ယာရီ
၅။ မွေးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး ... ဆူး
၇။ အချစ်၏ရိုက်ခတ်မှု အချိန်၏ပွဲတင်သံ
၈။ အငိုဆုံး ... ရွှဲ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ဝိညာဉ်ကကြိုး
၁၁။ မေတ္တာရေတိမ်နစ်မှာစိုး
၁၂။ ဆက်ထုံးပြေသောနေ့
၁၃။ အသည်းကွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့် အချစ်လေပြည်
၁၅။ အက်ဆစ်အတ္တ
၁၆။ ရင်ပျိုးမြစ်
၁၇။ ကြည်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်သြဘွဲ့ညို
၁၉။ လ အရိုး ကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ
၂၁။ ပစ္စုပ္ပန်၏နောက်ကွယ်
၂၂။ ကာရံလွဲဗျူဟာမှသည်အချစ်လမ်းလွှဲဆီသို့
၂၃။ ဆူးလှေကား
၂၄။ ဘဝအထာနှင့်နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကိုဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲမိုး
၂၇။ ဖယောင်းတိုင်
၂၈။ မညီမျှခြင်း၏ တစ်ဖက်ဆီမှာ
၂၉။ အမိပွာယ်မဲ့ မျှော်လင့်ခြင်း
၃၀။ သံယောဇဉ်ငြမ်း(ပုလဲရတုအထိမ်းအမှတ်)
၃၁။ ကြယ်ကြွေခြင်းနဲ့ လမင်းလက်ာ
၃၂။ မှုပိုင်နှလုံးသား
၃၃။ သက်တံရောင်ခြယ်နှလုံးသားစုတ်ချက်များ
၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော
၃၅။ အတူတူမသက်ဆိုင်ခဲ့ရင်
၃၆။ နားလည်ကြေး
၃၇။ မြားနတ်မောင်၏ နှစ်ဆယ့်တစ်ရာစုလက်နက်
၃၈။ ဣန္ဒြေကိုတောင်ပံခတ်မိတဲ့အခါ
ယခုလ
၃၉။ ရာဇဝင်မလှတဲ့ကဗျာ

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ပန်းတစ်ပွင့်ဆိုတာ ပွင့်ချပ်နဲ့မှလှတာလေ။ ဒါပေမဲ့နှင်းဆီလို အထပ်ထပ် အချပ်ချပ် ပွင့်ဖတ်တွေများတဲ့ ပန်းတစ်ပွင့်မှာတော့ တစ်ခါတလေ ပန်းကလေးရဲ့အလှကို ရုပ်မဆိုးရလေအောင် မလှပသိမ်နုပ်တဲ့ ပွင့်ချပ်ကလေးတွေကို ဖဲ့ထုတ်ရှင်းလင်းပေးရတတ်တယ်။

သို့သော် ပွင့်ချပ်လေးနှစ်ချပ်သုံးချပ်သာပါတဲ့ သစ်ခွလို ပန်းကလေးတွေသာဆို ပွင့်ချပ်တစ်ဖက်လပ်နေတာဟာ တော်တော်ရုပ်ဆိုးမှာနော်။

ဒါပေမဲ့ ခက်နုသာ ဆိုတဲ့ မိန်းမလှလေးကတော့ နှင်းဆီလို မိန်းကလေးဖြစ်သတဲ့။

---

ဓေတနှ၁၀၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ချပ်တွေများပါရဲ့။ ဆူးတွေးလည်းရှိပါရဲ့။ ဒါပေမဲ့ သူမရဲ့ဆူးတွေက သူမအလှကို မပံ့ပိုးပေးတဲ့အပြင် သူမရဲ့ပွင့်ဖတ်ကလေးတစ်ခု ပိုးကိုက်သွားတဲ့အခါ သူမကိုထိန်းသိမ်းပြုပြင်ပေးတဲ့ ဥယျာဉ်မှူးက စိတ်မကောင်းစွာပဲ ပွင့်ဖပ်တစ်ချပ်ကို ဖဲ့ထုတ်ပစ်လိုက်ရတယ်။

ဒါက နှင်းဆီပန်းကလေး ပိုလှဖို့လုပ်လိုက်ရတာဆို ပေမဲ့ ဖဲ့ထုတ်ခံလိုက်ရတဲ့ ပွင့်ဖပ်ကလေးခမျာတော့ ...။

✣ ✧ ✣





ခက်နွံ့သာဆိုတဲ့ကောင်မလေးက ပွဲရုံပိုင်ရှင် မိဘတွေရဲ့ ဖူးဖူးမှုတ် အလိုလိုက်ခံရတဲ့ တစ်ဦးတည်းသော သမီးလေးပါ။

ခက်နွံ့သာရဲ့ တက္ကသိုလ်ကျောင်းသူဘဝက သူများတွေထက် ပိုပျော်စရာကောင်းခဲ့တယ်။

ဘာလို့လဲ သိလား။ မထင်မရှား ရွက်ကြမ်းရေကျိုပဲ ရှိတဲ့ ခက်နွံ့သာကို ကျောင်းက ကင်းန်ဟုတင်စားထားကြတဲ့ ကိုလွှမ်းဆိုတဲ့ကောင်ကလေးက အသေအလဲချစ်နေလို့ပေါ့။

ကိုလွှမ်းနဲ့ ခက်နွံ့သာတို့ဟာ တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခဲ့ကြတယ်။

လှုမြင်ကွင်းမှာ လက်ကလေးတွဲ။ ထိုးကလေးတစ်ချောင်း နှစ်ယောက်ဆောင်းလို့ ကြည်နူးနေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



မေဂျာကလည်းတူတာမို့ စာသင်တော့လည်း အတူတွဲ ခွဲကိုမခွဲကြတဲ့အတွဲပါ။

ခက်နဲ့သာက ကိုလွှမ်းနဲ့ ချစ်သူဖြစ်ခွင့်ရတဲ့အတွက် အရမ်းကို ကံကောင်းတယ်လို့ ယူဆထားသူပါ။ သူမက ကိုလွှမ်းကို သိပ်ချစ်သလို ကိုလွှမ်းကလည်း သူမကို တယုတယကိုချစ်ရှာတာ။

မိုးမမြင်လေမမြင် ချစ်ကြသူတိုင်းဟာ ဘာကိုမှလဲ မမြင်တတ်ကြတော့ဘဲ လက်တစ်ကမ်းက အန္တရာယ်တွင်းထဲကို စုန်းစုန်းမြုပ်တတ်ကြစမြဲပါ။

"ကိုလွှမ်း ဟိုလေ ခက်ခက်တော့ ဒုက္ခရောက်နေပြီ"

အရှုံးအမူး ချစ်မိတဲ့ဒဏ်ကို နှစ်ဦးသား ခံကြရပြီ။

မရှုနိုင်မကယ်နိုင်ဖြစ်လာတော့ ခြေမကိုင်မိ လက်မကိုင်မိ။

"သေချာရဲ့လား ခက်ခက်ရယ်"

"သေချာတယ်ထင်တယ်"





"ကိုယ်တို့ ဆရာဝန်ပြပြီး သေချာစစ်ကြည့်ရအောင်"

"ဟင့်အင်း ... ခက် ရှက်တယ်"

ကိုလွှမ်းရော ခက်ခက်ပါ တက္ကသိုလ်ကျောင်းသူကျောင်းသားဘဝတွေမို့ ဘာမှမလုပ်တတ် မကိုင်တတ်ကြ။

"ခက် ဘာမှ စိတ်မပူနဲ့၊ ကိုယ့်ကို ချစ်တယ်မို့လား"

"ချစ်တာပေါ့ ကိုလွှမ်းရယ်"

"ဟုတ်ပြီ၊ ဒါဆို ကိုယ် ခက်ကို နိုးပြေးမယ်"

"ရှင်"

"ခက် ကိုယ့်နောက်လိုက်မယ်မို့လား"

"လိုက်ရတော့မှာပေါ့ ကိုလွှမ်းရယ်"

"ဟုတ်ပြီ၊ ဒါဆို ကိုယ်တို့ မနက်ဖြန် မန္တလေးက ကိုယ့်အဘွားဆီ ပြေးကြမယ်"

"ကိုလွှမ်းသဘော"

"မနက်ဖြန် အဝတ်အစားတွေ သယ်နိုင်သလောက်သယ်ခဲ့နော်၊ မှတ်ပုံတင်ပါယူခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကိုလွမ်း"

"ဒါနဲ့ ခက်လေး ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီနော်"

"ဟုတ် ... ပြည့်ပါပြီ ကိုလွမ်းရဲ့"

"အိုခေ ... ဘာမှစိတ်မပူနဲ့၊ ကိုယ်တို့ မနက်ဖြန် မန္တလေး သွားကြမယ်"

"ကျေးဇူးတင်ပါတယ် ကိုလွမ်းရယ်"

"ကိုယ်က ကျေးဇူးပြန်တင်တာ ခက်ရဲ့၊ ကိုယ်ခေါ်ရာ လိုက်ရဲတဲ့ ကိုယ့်အချစ်ကို ပိုချစ်သွားပြီ"

ပျော်နေရှာတဲ့ ချစ်သူနှစ်ယောက်ကိုကြည့်ပြီး လောကကြီးက သနားနေသတဲ့။ သူတို့နှစ်ဦးရဲ့ ကံကြမ္မာကို လောကကြီးက ကြိုသိနေလို့များလားကွယ်။

✣ ✧ ✣





ညဘက်ကျတော့ ကိုလွမ်းဆီက ဖုန်းဝင်လာတယ်။

"ခက် လက်ဝတ်လက်စားတွေ ဘာမှ မယူခဲ့နဲ့နော်၊ ကိုယ့်အဘွားက သုံ့ငွေ၊ ဟိုရောက်ရင် ခက်ကို အကုန်ဆင်မှာ သိလား၊ အဲဒါတွေ ခက်ယူလာရင် ပြဿနာတက်နေမှာစိုးလို့"

"ဟုတ်ကဲ့ ကိုလွမ်း"

ခက်လေ ကိုလွမ်းကို ဘယ်လောက်ချစ်သလဲဆိုအရာရာ ကိုလွမ်းသဘော။

ကိုလွမ်းအလိုကျ။

အဲဒါကြောင့်လည်း ခုလို နိုးရာလိုက်ရတဲ့အထိ ဖြစ်ခဲ့ပေမယ့် ခက်ကတော့ နောင်တမရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို အရှုံးအမှုံးကိုးကွယ်ပြီး အချစ်ကလွဲလို့ ဘာမှ မသိတဲ့ သူတို့နှစ်ယောက်ဟာ သူတို့ရဲ့အနာဂတ်အတွက်လည်း အပူအပင်မရှိခဲ့။

နောက်နေ့မှာတော့ ခက်ရဲ့လွယ်အိတ်ကလေးနဲ့ ဆံ့သလောက် အဝတ်အစားလေးတွေ ထိုးသိပ်ထည့်ရင်း ခက်နဲ့ ကိုလွှမ်း ချိန်းထားတဲ့ကားဂိတ်ကို တန်းထွက်ခဲ့တယ်။

ကိုလွှမ်းကိုယုံတဲ့ ခက်ဟာ လက်ထဲမှာ ပိုက်ဆံလည်း များများစားစားမပါခဲ့ပါဘူး။

ကားဂိတ်ရောက်တော့ ချစ်တဲ့ ကိုလွှမ်းက လက်မထောင်ပြတယ်။

ရန်ကုန်မြေကို ကျောခိုင်းခဲ့ရပေမယ့် သူတို့နှစ်ယောက်ဟာ သိပ်ကိုပျော်နေခဲ့ကြတာပေါ့။

သို့သော် ...

သူတို့ရဲ့ ပျော်ရွှင်မှုလေးဟာ ကြာကြာမခံလိုက်ပါဘူး။





ပဲခူးနားရောက်ကာနီးမှာပဲ သူတို့စီးလာတဲ့ကားက ဘရိတ်ခ်ပေါက်ကာ လမ်းဘေးကိုထိုးကျသွားခဲ့တယ်။ ကိုလွှမ်းက ခက်ကို ရင်ခွင်ထဲသိမ်းကျုံးဖက်လိုက်တာကိုပဲ မှတ်မိကာ ခက် သတိလစ်သွားခဲ့သတဲ့။

သတိရလာတော့ ခက် ပဲခူးဆေးရုံရောက်နေပြီ။ အနည်းငယ်ပွန်းပဲ့သွားရုံကလွဲပြီး ခက် ဘာမှမဖြစ်တာ ခက်ကံကောင်းတာလား။ ခက် လွယ်ထားရတဲ့ရင်သွေးလေးရဲ့ကံကြမ္မာလား။

"အား ... ကျွတ် ... ကျွတ် ... ကိုလွှမ်း ... ကိုလွှမ်းရေ... အား"

ခက် အတင်းထထိုင်လိုက်တော့ သူနာပြုဆရာမလေးက ...

"မထနဲ့လေ မူးနေဦးမယ်"

"ဆရာမ ကိုလွှမ်း ... ကိုလွှမ်း"

"ညီမအမျိုးအသားထင်တယ်၊ ညီမကိုဖက်ထားပြီး ကာကွယ်ပေးသွားပေမယ့် သူကတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ ... သူ ဘာဖြစ်သွားလဲ ဆရာမ"

"နေရာတင်ပွဲချင်းပြီးပဲ ညီမရယ်"

"ရှင်"

"ညီမနဲ့ ညီမဗိုက်ထဲက ကလေးကတော့ ဘာမှမဖြစ်ဘူး"

"ဟင်အင်း ... ကိုလွမ်း ... ကိုလွမ်း"

ထိုစဉ်မှာပဲ ခက်မိဘတွေ ရောက်လာတယ်။

"သမီးလေးရယ် မသေကောင်းမပျောက်ကောင်းကွယ်၊ ကားမှောက်ပြီး ဆေးရုံပေါ်ရောက်လာတဲ့သမီးကို ဖေဖေ့အသိတစ်ယောက်ကတွေ့ပြီး လှမ်းဆက်လို့ ဖေဖေတို့သိတာ"

ခက်မေမေကတော့ ဘာမှ မပြောနိုင်ဘဲ တရှုံ့ရှုံ့ငိုနေတယ်။

"ကိုလွမ်း ... ကိုလွမ်းကို သွားကြည့်ပါရစေ၊ ခက်မယုံဘူး ကိုလွမ်းသေတယ်ဆိုတာ ခက် မယုံဘူး"

ဒါပေမဲ့ ခက် ကိုလွမ်းကို တွေ့ခွင့်မရခဲ့ပါဘူး။





နောက်ဆုံးအချိန်ထိ ခက် ကိုလွမ်းကို မတွေ့လိုက်ရဘူး။ မေမေတို့က ခက်ကို အတင်းပဲ ရန်ကုန်ကိုပြန်ခေါ်ခဲ့ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုလွှမ်းကို သင်္ဂြိုဟ်မယ့်နေ့က ခက်နဲ့သာ ကိုလွှမ်းကို နောက်ဆုံးသွားနှုတ်ဆက်ဖို့ မေမေ့ဆီမှာခွင့်တောင်းခဲ့ပေမယ့် တစ်သက်လုံး အလိုလိုက်ခဲ့တဲ့ မေမေက ခက်ကို လုံးဝမလွှတ်ဘူး။

"မသွားရဘူး သမီး၊ ကျန်းမာရေးလည်း မကောင်းဘဲနဲ့ မသွားရဘူး၊ ပြီးတော့ ခုချိန်မှာ ဦးစားပေးစဉ်းစားရမှာက သမီးဗိုက်ထဲက ကလေးကိစ္စ၊ ကောင်လေးကမရှိတော့ဘူး၊ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲဟင်၊ မေမေသာသေလိုက်ချင်တယ်၊ နင့်ဖေဖေကလည်း မေမေ့ပဲ ကြိမ်းနေတာ၊ သမီးကို မဆူရက်ဘူးလေ၊ ပြီးတော့ ခုချိန်မှာ ကောင်လေး ပတ်ဝန်းကျင်မှာ သမီး မျက်နှာမပြသင့်ဘူးလေ"





"မေမေရယ် ... သမီး ... သမီး ကိုလွှမ်းကို နှုတ်မဆက်ရတော့ဘူးလား"

"နှုတ်မဆက်သင့်ဘူးလေ သမီးရယ်၊ အခုချိန်မှာ သေတဲ့လူက သေပြီ၊ ငါ့သမီးဗိုက်ကိစ္စကိုပဲ ရှင်းရတော့မှာ"

မေမေကလည်း ခက်နဲ့အပြိုင် ငိုနေပြီလေ။ ခက်နဲ့သာဆိုတဲ့ နှင်းဆီပန်းကလေးရဲ့ ပိုးပေါက်နေတဲ့ ပွင့်ချပ်ကလေးကို မေမေက လက်မခံနိုင်။

✣ ◇ ✣



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုလုပ်ကြမလဲ ယောက်ျားရယ်”

“ခက်တယ်ကွာ၊ သမီးဗိုက်က တစ်နေ့တခြား သိသာလာပြီ၊ ဖျက်ဆီးလိုက်ရင်လည်း သမီးလေး အသက်အန္တရာယ် စိုးရိမ်ရတယ် မိန်းမ”

“ဒီတိုင်းထားရင်လည်း ဗိုက်ကထွက်လာမှာ ယောက်ျားရဲ့၊ လင်မရှိဘဲ ဒီကလေးကို ဘယ်လိုမွေးရမလဲ”

ခက်နံ့သာရဲ့ဖခင်ကြီးက လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဘာပြန်ပြောရမှန်းမသိ။

သူတို့အိမ်ဆိုတာကလည်း ကုန်သည်တွေ အဝင်အထွက်ရှုပ်တယ်လေ။ ပွဲရုံကိစ္စနဲ့ ဧည့်ကမပြတ်။ ဒီတော့ သမီးကိစ္စကို လူတွေသိကုန်ကြမှာ။





“ယောက်ျား ရှင့်တပည့်တစ်ယောက် သင့်တော်ရာမရှိဘူးလား”

“ဘာလဲ မင်းက သမီးနဲ့ပေးစားမလို့လား၊ မတော်ပါဘူးကွာ၊ ငါ့သမီးလေး မျက်နှာငယ်ပါ့မယ်”

“ဒါဆို ဘယ်လိုရှင်းကြမလဲယောက်ျားရဲ့၊ ကျွန်မသမီး ပန်းကောင်းအညွန့်ကျိုး ဖြစ်ရမှာလား”

“ငါ စဉ်းစားပါဦးမယ်ကွာ”

“ဟင် ... ရှင်စဉ်းစားရင်း သမီးဗိုက်က ပိုပူလာပြီရှင့်”

“ငါသိပါတယ်ကွာ၊ ငါလည်း မကြံတတ်ဘူး”

“ဒီလိုလုပ်ရင်ကောင်းမလား ယောက်ျား၊ သမီးကို ကျုပ်ညီမတစ်ယောက်တာဝန်ကျနေတဲ့ သံတောင်ကိုခေါ်သွားပြီး ကလေးကို အဲဒီမှာမွေးခိုင်းရင်ကောင်းမလား”

“ဟာ ... သံတောင်က သွားရေးလာရေး နေရေးထိုင်ရေး စားရေးသောက်ရေးကအစ မြေပြန့်လို မချောမွေ့ဘူးဟာ”

“ဒါပေမဲ့ အဲဒီမှာဆို သမီး ဒီကလေးကို ချောချောမောမော မွေးနိုင်လိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါတော့ ဟုတ်တယ်၊ ဒါပေမဲ့ ကလေးမွေးပြီးရင် ဘယ်လိုလုပ်ကြမလဲ၊ ကလေးတစ်ယောက်နဲ့ ငါ့သမီးလေး"

"အို ... ကျုပ် ကြည့်ပြီး စီစဉ်ပါ့မယ်တော်"

အဲဒီလိုနဲ့ ခက်နဲ့သာကို သံတောင်ပို့လိုက်ကြတယ်။ ခက်ရဲ့အဒေါ်အပျိုကြီးက ခက်ကို တာဝန်ယူစောင့်ရှောက်ပေးတယ်။

ရန်ကုန်မှာတော့ ခက်တစ်ယောက် ခရီးထွက်သွားသလိုလို မထင်မရှား ကိုယ်ရောင်ဖျောက်ထားလိုက်ရတယ်လေ။

✣ ✧ ✣





ခက်ရဲ့ကိုယ်ဝန်ကြီး တစ်နေ့တခြားရင့်မာကြီးထွားလာကာ ခက်တစ်ယောက် မွေးဖွားမယ့်ရက်တောင် နီးလာပြီ။

ခက်လေ ကိုလွမ်းအနားမှာ မရှိပေမယ့် ကိုလွမ်းရဲ့ ကိုယ်ပွားလေးကို အရမ်းဂရုစိုက်ပါတယ်။

ကိုလွမ်း ချန်ရစ်ခဲ့တဲ့ ရင်သွေးလေး ရှောရှောရှူရှူနဲ့ ကျန်းကျန်းမာမာမွေးလာဖို့ ခက် အစစအရာရာ ဂရုစိုက် ဆင်ခြင်တယ်။ ကိုလွမ်းမရှိပေမယ့် ဒီကလေးကို ကိုလွမ်းကိုယ်စား အတိုးချချစ်သွားမယ်။

ခက်တို့နှစ်ယောက် ဝေးရတဲ့ကံကြမ္မာကို ခက် အပြစ်တင်နေလို့ရော ကိုလွမ်းက ခက်နားပြန်ရောက်လာတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ဒါပေမဲ့ ခက်လေ ကိုလွမ်းကို သိပ်သတိရတာပဲကွယ်။ စက္ကန့်အမျှပါ။

အရင်ကတော့ တက္ကသိုလ်ကင်းန်နဲ့ ချစ်သူဖြစ်ခွင့်ရခဲ့တဲ့ ကံကြမ္မာကို ခက် သိပ်ကျေနပ်နေခဲ့ပြီး ခုလို ခင်ပွန်းမရှိတဲ့ဘဝနဲ့ ရင်သွေးမွေးရမယ်မှန်းသိရင် ခက် ရူးရဲခဲ့ပါမလား။ ခုချိန်မှာ မသေချာတော့တဲ့ သတ္တိတွေဟာ အဲဒီအချိန်တုန်းကတော့ ကံကြမ္မာကို စိုးစဉ်းမျှ သံသယမရှိခဲ့ပါဘူး။

ခက်မိုက်ပြစ်တွေပါပဲ။

ခက်ဟာ ကိုလွမ်းရဲ့အချစ်ကို အကြွင်းမဲ့ယုံကြည်ပြီး မျက်လုံးစုံမှိတ်ထားခဲ့တာပါ။

ဒါတောင် သိပ်ကို သစ္စာရှိလှပါချည်ရဲ့ ခက်ကို ချစ်လှပါချည်ရဲ့။ ခက်ကို သေမှထားခဲ့မှာ။ ခက်နဲ့ဝေးရင် သေမှာပဲဆိုတဲ့ ကိုလွမ်းဟာ ခက်ကို တကယ်ပဲ ထားခဲ့ပြီလေ။

ကျွေးသောလက်မဆန့်မီဆိုတဲ့စကားလေးကို ချစ်ခဲ့ချိန်တုန်းက ကိုလွမ်းရော ခက်ပါ လုံးဝကို သတိမထားမိကြ။





တက္ကသိုလ်ကျောင်းသားဘဝ ကိုလွမ်းနဲ့ ခက်တို့ဟာ ခက်တို့နှစ်ယောက်ကြား သေမင်းက စောစီးစွာ စည်းခြားထားလိုက်မယ်လို့ မထင်ထားခဲ့ဘူးလေ။ ခုတော့ ကိုလွမ်းကလည်း မပြန်လမ်းကိုသွားပြီ။ ခက်လည်း လူပုံအလယ် မျက်နှာမပြရဲတဲ့အဖြစ်နဲ့ ကြုံရပြီ။

“ကိုလွမ်းရယ်”

ခက် ငိုမိပြန်ပြီ။

ဒီဇင်ဘာနှင်းတွေ ဝေနေပြန်ပြီ ကိုလွမ်းရဲ့။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ဒီနှစ်ဒီဇင်ဘာမှာ ခရစ်စမတ်နေ့က လပြည့်နေ့ဖြစ်နေသေးတယ်လေ။ ခရစ်စမတ်နဲ့ လပြည့်ညကိုချစ်တဲ့ ကိုလွမ်းရေ ... ကိုလွမ်းချစ်တဲ့အရာနှစ်ခု တစ်ထပ်တည်းကျမှန်း ကိုလွမ်း သိခဲ့ရင် ...။



www.burmeseclassic.com

www.burmeseclassic.com



ခရစ်စမတ်နေ့ ...

သံတောင်မြို့ဟာ ခရစ်ယာန်ဘာသာဝင်တွေ အများစုနေထိုင်သောမြို့လေးပါ။

ခက် ဒီနေ့ အစောကြီးနိုးနေတယ်။

ကိုလွှမ်းနဲ့ ချစ်သူဖြစ်ပြီးနောက်ပိုင်း ခရစ်စမတ်တိုင်းမှာ ကိုလွှမ်းဟာ ဆန်တာကလော့ဘိုးဘိုးကြီးလို ခက်လိုချင်တာတွေ မရရအောင်လုပ်ပေးတတ်တာတွေ ခက် သတိရနေပြန်ပြီလေ။

အိုး ...။

ဗိုက်ထဲက ဆစ်ခနဲ လှုပ်ရှားသွားသလိုပဲ။ ဘုရား ... ဘုရား ... အိုး ... ထပ်လှုပ်ပြန်ပြီ။





ဘုရားရေ ... စူးရှတဲ့နာကျင်မှု။

ခက် ဗိုက်နာပြီပေါ့။

ခက်ရဲ့ကလေးလေး ကိုလွှမ်းရဲ့ကိုယ်ပွားလေး။ ဒီနေ့မှာ မွေးဖွားလာတော့မလားဟင်။

အိုး ... ခက်သည် နာကျင်စူးရှမှုတွေ ကြားထဲမှာ ကြည်နူးနေခဲ့သေးသတဲ့။

ကိုလွှမ်းရင်သွေးလေး လူ့လောကကို ခြေချတော့မယ်။

"အိုး ... အမယ်လေး ... ကျွတ် ကျွတ် ... ဒေါ်ဒေါ် ... ဒေါ်ဒေါ်ရေ ..."

ခက်အသံစူးစူးလေးကြောင့် ခက်အဒေါ် ဆရာဝန်မ ပြေးထွက်လာကာ ...

"သမီး ဘာလဲ ... ဗိုက်နာပြီလား"

"အား ... အမယ်လေး ... နာတယ်"

"အေး အေး ... ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဝင်းထဲမှာပဲနေတဲ့ ဒေါ်ဒေါ်က ခက်ကို ဆေးရုံ ဆီတွဲခေါ်ပါတယ်။ ဒေါ်ဒေါ့်လက်ထောက်ဆရာဝန်နဲ့ ဒေါ်ဒေါ်တို့ပဲ ရှိနေတဲ့ ဆေးရုံမှာ ခက် ဗိုက်အသည်းအသန်နာနေပါတယ်။

"ခက် သမီးလေး သမီးမွေးဖို့က လိုသေးတယ်၊ သမီးနားမှာ နာ့စ်ထားခဲ့မယ်နော်၊ ဒေါ်ဒေါ်နဲ့ ဆရာဝန်တစ်ယောက်က ခွဲခန်းဝင်ပေးရမှာမို့၊ သမီးအားမငယ်နဲ့နော်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ် ... အား ... နားလိုက်တာ အမေရေ ကိုလွှမ်း"

တကယ်ပဲ အဲဒီနေ့က လမင်းထိန်ထိန်သာတဲ့ညကျ မှ ခက် ရင်သွေးလေး လူ့လောကကိုရောက်လာပါတယ်။

ဒါပေမဲ့ ခက်ရင်သွေးလေး ကံမကောင်းရှာပါဘူး။ ခက် ဒီလောက်ဂရုစိုက်နေတဲ့ကြားထဲက ရင်သွေးလေးက အံဖတ် မတင်ဘူးတဲ့။ ကိုလွှမ်းရေ ... သံယောဇဉ်လက်ကျန်ကလေးကို တောင် ချန်မထားတော့ဘူးလားကွယ်။

✣ ✧ ✣





ကိုလွှမ်းမရှိတော့သလို ကိုလွှမ်းရင်သွေးလေးက လည်း သူ့ဖခင်နောက် တစ်ခါတည်းလိုက်သွားလားမသိ။

ခက်မှာ တငိုငိုတရယ်ရယ်နဲ့ လွှမ်းမဆုံးနိုင်။

"သမီးလေး"

မိဘဆိုတာက သမီးမိုက်ဆိုပေမဲ့လည်း သမီး စိတ် ဆင်းရဲနေတာကို ကရုဏာသက်မဆုံး။

"ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်၊ ပြီးတာတွေလည်းပြီးပါစေ တော့၊ သမီး ပျော်ရွှင်အောင်နေပြီး ဘဝသစ်ပြန်စပါ သမီးရယ်နော်၊ သမီးဖြစ်ပျက်ခဲ့တာတွေအတွက် ဖေဖေရော မေမေပါ သမီးကို တစ်ခွန်းမှမဆူခဲ့ကြဘူး၊ ဒါပေမဲ့ မေမေ တို့ရင်ထဲ ဘယ်ကောင်းပါ့မလဲသမီးလေးရယ်၊ သမီး ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မှိုင်တွေနေရင် မေမေတို့ ပိုဆိုးတာပေါ့၊ ဒါကြောင့် သမီးလေး ပျော်နေတာမြင်ချင်တယ်ကွယ်၊ သမီးပျော်နေမှ မေမေတို့လည်း ဖြေလို့ရမှာပေါ့"

ခက်လည်း မိဘတွေကို သနားပါသည်။ ထို့ကြောင့် မိဘတွေရှေ့ မမှိုင်မိအောင်သတိထားနေရသည်။

ထို့နောက် ခက်ဒေါ်ဒေါ် ဆရာဝန်ကြီး နိုင်ငံခြားကို ပညာတော်သင်သွားတော့ ခက်ကို အတင်းခေါ်သဖြင့် ခက် လိုက်သွားခဲ့ရသည်။

✣ ✧ ✣





ရေမြေပြောင်းတော့ ခက်စိတ်တွေလည်း အသစ်အဆန်းတွေကြား စိတ်သက်သာရာရခဲ့ပါသည်။

ထို့နောက် ...

နိုင်ငံခြားကပြန်လာတော့ မေမေတို့က ခက်ကို သူတို့သဘောတူတဲ့ ကုန်သည်တစ်ယောက်နဲ့ပဲ ပေးစားခဲ့သည်။

ခက်သည်လည်း မေမေနဲ့ ဒေါ်ဒေါ်က အတန်တန် တားသဖြင့် ကိုလွမ်းနဲ့ဇာတ်လမ်းကို ဖောင်ပိတ်ကာ ပြည်ဖုံးကားချပြီး ကိုဝင်းခိုင်နဲ့ လက်ထပ်ခဲ့ရပါသည်။

ကိုဝင်းခိုင်က လူရိုးလူအေးကြီးပါ။ ခက်ထက် ငါးနှစ်ကြီးပြီး ခက်ကို ချစ်မြတ်နိုးလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်သည်လည်း ခက်ဘဝကို ကိုဝင်းခိုင်အရိပ်မှာ ခိုရင်း အေးချမ်းဖို့ပဲ ကြိုးစားလိုက်ပါသည်။

တမလွန်က ကိုလွှမ်း ခက်ကို အပြစ်တင်မလား မသိပေမယ့် မိဘတွေ စိတ်ချမ်းသာဖို့ ခက် ခေါင်းညိတ်ခဲ့ရပါသည်။

ခက် တစ်ခါမိုက်ပြီးပြီလေ။

ဘဝဆိုတာ ဖြစ်ချင်တာမဖြစ်ရတဲ့အခါ ဖြစ်သင့်တာကို ရွေးချယ်ရစမြဲမဟုတ်လား။

✣ ✧ ✣





ကိုဝင်းခိုင်နဲ့ ခက်တို့ရဲ့ ပထမဆုံးရင်သွေးလေးကို မိုးတွေသဲသဲမဲမဲရွာနေသောနေ့မှာ မွေးခဲ့ပါသည်။

တစ်ချိန်က ကိုလွှမ်းရဲ့ရင်သွေးလေးကို လူ့လောကရောက်အောင် မမွေးဖွားနိုင်ခဲ့တဲ့ ခက်ဟာ ကိုဝင်းခိုင်ရဲ့ ရင်သွေးလေးကိုတော့ ချောမောစွာ မွေးဖွားနိုင်ခဲ့ပါတယ်။

သမီးလေးက ခက်နဲ့တူသဖြင့် ချောပါသည်။ သူ့ဖခင်နဲ့မတူတာကိုပဲ ကျေနပ်ရသည်။ ကိုဝင်းခိုင်က ရွက်ကြမ်းရေကျိုရုပ်ရည်ပဲရှိတာလေ။

သမီးလေးကို ခက် သိပ်ချစ်သည်။ သမီးလေးနာမည်ကို သူ့ဖခင်သဘောအကျ မိုင်မိုင်ခိုင်ဟု အမည်ပေးထားသည်။

သမီးလေး မိုင်မိုင်ကို သူမလိုမဖြစ်အောင် ခက် သေချာပြုစုစောင့်ရှောက်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်လို ယောက်ျားတစ်ယောက်နဲ့ လက်မထပ်ရသေးဘဲ ကျူးလွန်မိတာမျိုး သမီးလေးကို အဖြစ်မခံနိုင်။

တစ်ဦးတည်းသောသမီးလေး မိုင်ကို ခက် အရမ်းချစ်တာမြင်တော့ ကိုဝင်းခိုင်က ကျေနပ်ရှာ၏။

ဇနီးနဲ့သမီးကို ဖူးဖူးမှုတ်အလိုလိုက်ခဲ့သော ကိုဝင်းခိုင်ကို ကိုလွှမ်းလောက်မချစ်နိုင်သော်လည်း သံယောဇဉ်တော့ရှိပါ၏။

မပူမပင်မကြောင့်ကြရဘဲ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းကာ သမီးလေးကို ကြည့်ရှုရုံပဲလေ။

ခက်အတွက် ခိုင်းစရာစေစရာလူအပြည့်။ သုံးစရာငွေအပြည့်။ ဝတ်စရာလက်ဝတ်ရတနာအပြည့်။

"ယောက်ျားရေ"ဆိုတာနှင့် ရေပါပြီးသားဆိုသလိုခက်ကို ချစ်ရှာ ကောင်းရှာသော သမီးဖေဖေ။

ခက်ဘဝ သာယာတာကြောင့် ခက်မိဘတွေလည်းပီတိဖြစ်နေကြသည်။

သို့သော် ခက်ကတော့ တစ်ခါတစ်ခါ တမလွန်သို့သွားနှင့်သော ကိုလွှမ်းကို သတိရမိပါသည်။





ရွှေရင်နှင်း၍ ချစ်ခဲ့ရသူ။ ပြီးတော့ မိမိအပေါ်သစ္စာသွေဖြည်သွားတာလည်းမဟုတ်။ ကံကြမ္မာကသာ ရက်ရက်စက်စက် ထိုးနှက်ခဲ့တာမဟုတ်လား။

ခက် အခုလို အိုးသစ်အိမ်သစ်နဲ့ အဆင်ပြေနေတိုင်းနှလုံးသားတစ်နေရာမှ နက်ရှိုင်းစူးနင့်မှုက ပျောက်သွားရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



မိုင်မိုင်နိုင် ဆိုသော သမီးလေးကို မွေးပြီးနောက် ခက်မှာ နှလုံးရောဂါကပ်လာသဖြင့် ခက် ကလေးထပ်ယူလို့မရတော့။

ကိုဝင်းနိုင်က သားလေးတစ်ယောက် ထပ်လိုချင်သေးသော်လည်း ခက်အဖို့ရာ မဖြစ်နိုင်တော့၍ ...

"ခက် စိတ်မကောင်းပါဘူး ယောကျ်ားရယ်"

"ကွယ် ... ဘယ်တတ်နိုင်မလဲ၊ သမီးလေးတစ်ယောက်ရလိုက်တာပဲ တော်သေးတာပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ် မိန်းမစိတ်ချမ်းသာအောင်နေ၊ ကျန်းမာရေးကို ဂရုစိုက်"

နားလည်မှုရှိသော ကိုဝင်းနိုင်ကြောင့် စိတ်သက်သာရာရခဲ့သည်။





တကယ်ဆို သမီးလေးမမွေးဘဲ မိုင်မိုင်သာ သားလေးဖြစ်ခဲ့ရင်ကောင်းမှာ။

အမှားတွေကိုပြုခဲ့ဖူးပြီး ခံစားခဲ့ဖူးတဲ့ ခက်ဟာ သမီးကလေးမမွေးချင်ခဲ့ပါ။

ဘာပဲဖြစ်ဖြစ် သမီးလေးကို မှဲ့တစ်ပေါက်မစွန်းရအောင် ခက် ကြိုးစားရပါမည်။

ခက် နှလုံးရောဂါရှိမှန်းသိကြတော့ ခက်မိဘတွေလည်း စိတ်မကောင်းဖြစ်ကြရသည်။ တစ်ဦးတည်းသောသမီးလေးအတွက် စိတ်မကောင်းကြ။ မိမိတို့မိဘတွေမှာတောင် မာမာချာချာနှင့် ရောဂါမယ်မယ်ရရမရှိ။ သမီးမှာက ရောဂါက လူနှင့်တစ်လုံး။

နှလုံးရောဂါဆိုတဲ့အမျိုးက စိတ်နဲ့ဆိုင်သဖြင့် သူတို့သမီး နှလုံးရောဂါရတာကို နားလည်ကာ စိတ်မကောင်းနိုင်ကြ။

သို့သော် ဒီလောက်ထိပြန်ပြီး နာလန်ထူလာတာကိုပဲ ကျေနပ်လိုက်ကြ၍ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေးလေးမိုင်မိုင်ကို သမီးမျက်စိအောက်က အပျောက် မခံနိုင်ဖြစ်တာကိုလည်း ကိုဝင်းနိုင်က သည်းတယ် ထင်ပေမယ့် မိဘတွေက နားလည်ကြသည်။

မိုးကိုက်ခံရ၍ ပွင့်ချပ်တစ်ဖက်လပ်နေတဲ့ ပန်းကလေး ဟာ သူ့ဝတ်စုံလေးတွေကို လုံခြုံအောင် မကာကွယ်နိုင်မှာကို ကြောက်တာမဆန်းပါဘူးနော်။

အဲဒီစိုးရိမ်စိတ်တွေရဲ့ သူ့ရဲ့တစ်ချပ်လပ်သွားခဲ့သော ပွင့်ဖတ်ကလေးကို တမ်းတစိတ်ရယ်နဲ့ပဲ ပန်းကလေးဟာ နလုံးရောဂါရခဲ့တယ်။

ပန်းကလေးရဲ့ရင်သွေး ဝတ်ဆံကလေးတွေက တစ်စ ထက်တစ်စ မွေးပျံ့လာလေ ပန်းကလေးရဲ့စိုးရိမ်ပူပန်မှုတွေ အထွတ် အထိပ်ရောက်လေပဲပေါ့လေ။

✣ ◇ ✣



# အတိတ်တို့လွန်သော်

www.burmeseclassic.com

www.burmeseclassic.com



နှာမည်ကြီးဗျူတီပါလာတစ်ခုမှာ ဆုညံ၍နေသည်။

"ဟဲ့ ... ငါ့သားလောက်တော်တဲ့သူ ဇမ္ဗူမှာရှိသေးရဲ့လား"

အမေချိုလို့ အများကခေါ်ကြတဲ့ ဒေါ်လီချို့အသံ ဩဩကြီးက ကျယ်လောင်စွာ။

ကျယ်မှာပေါ့။

ဒီနေ့ သူ့သားဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနဲ့ အောင်တယ်လေ။

တစ်မနက်လုံးသားကို နမ်းလိုက်ရတာလည်းအမော။

ဒေါ်လီချိုသမီးတွေဖြစ်တဲ့ ရုက်လီတို့အဖွဲ့ကလည်း ဝမ်းသာကြသည်။ သို့သော် ဒေါ်လီချို့လိုတော့ ဖက်ရမ်းနမ်းရှုံ့





ဝမ်းသာခွင့်မရှိ။ ဒေါ်လီချို့သမီးဆိုတာတွေက ဒေါ်လီချိုဆီမှာ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် ပညာတွေသင်ယူဆည်းပူးနေကြတဲ့ တပည့်မတွေလေ။

ဒေါ်လီချိုက တင်ကော့ရင်ခါ သူ့တပည့်မတွေ သူ့သားကို လာရောရင်မကြိုက်။ သားဂုဏ်မောက်သော အမေကြီး လေ။

ဒီသားလေးလို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ကတည်းက တယုတယ ပြုစုခဲ့ရတာ။

ကလေးကိစ္စတွေ မလုပ်တတ်လုပ်တတ်နဲ့ ဒီသားက လေးကို မရ,ရအောင် မွေးခဲ့ရတာ။

ဒေါ်လီချို ရှာသမျှ သားအတွက်က သုံးပုံနှစ်ပုံ၊ ပရိဟိတလုပ်ငန်းတွေအတွက် တစ်ပုံ။

ပုံမှန်ဆိုရင် ဒေါ်လီချိုဟာ သူ့တပည့်မသမီးတွေကို ချစ်သော်လည်း သားနဲ့ပတ်သက်ရင်တော့ ဘီလူးဆိုင်းတီးတတ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း သားဖြစ်သူကို ကလေးလေးလို တမွေ့ပိုက်ပိုက်နဲ့ ပီတိဖြစ်နေသည်။

ဆိုင်ကိုလာသမျှ ဧည့်သည်တွေကို ကြွားရတာလည်း အမော။

"ကျွန်မသားလေ လသာချိုလေ၊ ဒီနေ့ ဆယ်တန်းဂုဏ်ထူး လေးခုနဲ့အောင်တာတော့"

တစ်ဆိုင်လုံးကိုလေ တစ်နေကုန် စားချင်ရာစား။ Freedom ! ။

အမေချို ဧည့်သည်တွေက အမေချိုနဲ့မတူပဲ ကျားကျားလျားလျား ယောက်ျားပီသော လသာချိုကို အကဲတခတ်ခတ်။

လသာချိုကတော့ ထုံးစံအတိုင်း ခပ်တည်တည်ပင်။

✣ ✧ ✣



"ငါ့သားလေး ဒီနေ့ ဘယ်ဟိုတယ်မှာစားချင်လဲ ... ပြော"

ဆိုင်ပိတ်ရင်း ဒေါ်လီချိုက မေးနေသည်။

"ငါ့သားကို ဘာဝယ်ပေးရမလဲပြော"

"မေမေက သားလိုချင်တာ တကယ်ပေးမှာလား"

"Right ... သေချာတာပေါ့၊ မေမေရှာထားတာတွေက သားဖို့ပဲဟာ"

"သားလိုချင်တာ တကယ်ပေးရမယ်နော်။ ပြီးမှမငြင်းရဘူး"

"မငြင်းဘူး ... ငါ့သားလိုချင်တာ မေမေ ဘယ်တုန်းက မပေးလို့လဲ ငါ့သားရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လီချိုက ကားကို ကျင်လည်စွာ စက်နှိုးပြီးမှ သားဖြစ်သူကို ခါးပတ်,ပတ်ပေးနေပြန်သည်။

ပြီးတော့ နေကာမျက်မှန် အဝိုင်းကြီးတပ်ပြီး ကားကို ကျင်လည်စွာ မောင်းထွက်လိုက်သည်။

လသာချိုက ကားကိုကျင်လည်စွာ မောင်းတတ်သော်လည်း ဆယ့်ရှစ်နှစ်မပြည့်သေးသဖြင့် လိုင်စင်မရသေး။

ထို့ကြောင့် ဘယ်သွားသွား အမေဘေးကနတ်တုတ်။

“ငါ့သားလေး ဘာစားမလဲ”

“အိမ်ပဲပြန်ရအောင် မေမေ”

“ဟယ် ... အိမ်မှာဘာမှမရှိဘူးလေ သားရယ်”

“ခေါက်ဆွဲထုပ်တော့ ရှိတယ်မို့လား မေမေ”

“ဟယ် ... တို့သားလေးရဲ့ အောင်ပွဲနေ့မှာ ခေါက်ဆွဲပြုတ်တော့ မကျွေးချင်ပါဘူးဟယ်”

“အစားအသောက်ထက် အရေးကြီးတာ တောင်းစရာရှိလို့ အိမ်ကိုပဲပြန်ချင်တာ မေမေရဲ့”





“ဟယ် ... ဘာတွေတောင်းမှာလဲ။ ဘုရားတောင် တ,ချင်လာပြီနော်”

ဒေါ်လီချိုက ရယ်ရယ်မောမောနဲ့ ကားကို အိမ်ဘက်သို့ ဦးတည်လိုက်သည်။

ဒေါ်လီချိုတို့ သားအမိနေသော ခြံအတိ အိမ်အတိ တစ်ထပ်တိုက်ပြာလေးဟာ ဘေးမှာ ကားထားစရာ ဂိုဒေါင်လေး တွဲလျက်ပါသည်။

အိမ်ဘေးဂိုဒေါင်ထဲ ကားကိုသွင်းပြီး အိမ်ထဲဝင်။ တံခါးပြန်ပိတ်ပြီးတာနဲ့ air-con တန်းဖွင့်ရတယ်၊ သားက အအေးသိပ်ကြိုက်တာ။

ပြီးတော့ ရေခဲသေတ္တာထဲက အအေးတစ်ဘူး၊ ဘီယာတစ်ဘူးထုတ်ပြီး ဧည့်ခန်းထဲ ပြန်လျှောက်လာတယ်။

သားမျက်နှာ တည်တည်လေးက ပိုပြီးလေးနက်နေသလိုပဲ။

“ဖောင်း”



www.burmeseclassic.com

www.burmeseclassic.com



သားကို အအေးဘူးလှမ်းပေးပြီး ဘီယာဘူးကို အသံမြည်အောင် ဖောက်လိုက်တယ်။

"ကဲ ... သားလေး၊ ပြော"

"မေမေ ... သား မေမေ့ကိုချစ်တယ်၊ ပြီးတော့ မေမေ့ ရင်ခွင်ထဲမှာ ကြီးပြင်းလာရတာ လိုလေသေးမရှိ နွေးထွေး လွန်းလို့ ကျေနပ်ပျော်ရွှင်ခဲ့ရပါတယ်"

"ငါ့သားရယ်"

ဒေါ်လီချို့က သားအားကို ပြောင်းထိုင်ရင်း မျက်ရည် တောင် ဝဲလာတယ်။

"ဒါပေမဲ့"

ဒေါ်လီချို့ သားမျက်နှာကို အလန့်တကြား ကြည့် လိုက်တယ်။ ဟင့်အင်း ... သား။ သားဘာမှမမေးပါနဲ့။ မေမေ့ မှာ အဖြေမရှိဘူး သားရယ်၊ အဖြေမရှိလို့ပါ။ ရင်ထဲက အကြိမ် ကြိမ်ငြင်းနေပေမယ့် ပါးစပ်ကတော့ ဘာမှထွက်မလာဘဲ နှုတ်ခမ်း တွေ တုန်နေတယ်။





"သား ... သားရဲ့ဘဝမှန်ကို သိချင်တယ် မေမေ၊ သား အဖေနဲ့အမေ ဘယ်မှာလဲ။ သားက မေမေနဲ့ဘာတော်သလဲ၊ သား သိချင်တယ်"

"သားရယ် ... မေမေ့ရင်ကို ခွဲနေတာလား၊ သားက မေမေ့ သားဆိုတာကလွဲပြီး မေမေ့မှာ အဖြေမရှိဘူး သား"

"မေမေ ... သားက မေမေ့ကို မချစ်လို့ မေးနေတာမဟုတ် ဘူးလေ။ လူရယ်လို့ ဖြစ်လာရင် ကိုယ့်အကြောင်း ကိုယ် သိသင့်ပါတယ် မေမေ၊ သားက မေမေပြောပြမှ သိရမှာပါ၊ ပြီးတော့ သား ဆယ်တန်းကို နှစ်ချင်းပေါက် ဂုဏ်ထူးနဲ့ အောင်ရင် သားလိုချင်တာပေးမယ်ဆို"

"ငါ့သားလိုချင်တဲ့ ရုပ်ဝတ္ထုမှန်သမျှ တောင်းစမ်း။ မေမေ့ စည်းစိမ်ပြုတ်ပစေ။ ဝယ်ပေးလိုက်မယ်။ မေမေ့အသည်း နှလုံးကိုတော့ မကောင်းပါနဲ့ သားလေးရယ်"

"မေမေ့သားက မေမေ့ကို ဘယ်တော့မှ ခွဲသွားမယ့်သား မဟုတ်ပါဘူး မေမေ။ သားက သားဘဝမှန်ကို သိချင်ရုံ



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ပါ၊ လောကကြီးမှာ ကိုယ့်အကြောင်း ကိုယ်မသိဘဲ အသက်ရှင်ရတာ အဓိပ္ပာယ်ရှိရဲ့လား မေမေ"

"သားက မဖြစ်မနေ သိချင်နေပြီပေါ့"

"သိရပြီးလည်း သား မေမေ့ကို အချစ်မလျော့ပါဘူး မေမေရယ်၊ သားကို သနားရင် ပြောပြပါနော်"

"ဟင်း ... သားက သိပ်သိချင်နေတော့လည်း ... ..."

✣ ◇ ✣





"မေရျှိ ... မေရျှိ့သား ဆယ်တန်းအောင်တယ်ဆို"

တက်သစ်စမော်ဒယ်လေး အကြင်နာက မေးရုံရှိသေး ...

"အောင်တယ် ... ဂုဏ်ထူးက လေးခု။ သိပ်တော်ပြီး မွေးရကျိုးနပ်တဲ့ သားလေးပေါ့၊ သားက သိပ်လိမ္မာပြီး ကျုပ်စကားဆိုလည်း အရမ်းနားထောင်တာ။ ဂုဏ်တက်ရတဲ့ သားပေါ့"

"အမယ် ... မေရျှိတို့ သူ့သားအကြောင်းပြောရင် ပါးစပ်မစေ့တော့ဘူးနော်၊ အကြင်နာ မျက်နှာလည်း ကွက်နေဦးမယ်၊ ဒီဘက်မှာ မိတ်ကပ်တွေ ပုံနေပြီ"

"ပုံတာမဟုတ်ဘူးဟဲ့ ဖို့ထားရတာ၊ ရှင့်ဝက်ခြံပေါ်မှာစိုးလို့တကတဲ ... ကိုယ့်ကိုယ်ကိုယ် နာမည်ပျက် မခံပါဘူးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မေချို့သားနာမည် ဘယ်လိုခေါ်လဲ"

"လသာချိုတဲ့"

"တော်သေးတာပေါ့၊ မောင်ခိုင်ချိုတို့၊ ရွှေဘုံသာချိုတို့ မဖြစ်တာ"

"အံမယ် ... ရှင်က ကျုပ်သားကို နာမည်ဖျက်တယ်ပေါ့လေ။ အကြင်နာနော် ... ရှင့်မျက်နှာက ကျုပ်လက်ထဲမှာ ရှိတယ်ဆိုတာ မမေ့နဲ့"

"မေချို့နာမည်ကို မေချိုပြန်မဖျက်ဘူးဆိုတာ အကြင်နာ သိပြီးသား"

"ဟင်း ... ကလေးစုတ်လေး"

"မေချို"

"ဘာလဲအေ ... နှုတ်ခမ်းနီဆိုးမလို့ စကားမများနဲ့တော့"

"မေချို့ကို အကြင်နာ ယောက္ခမတော်မယ်လေ"

"အမယ်လေးလေး ... မပြောကောင်းတဲ့စကားတွေ ပြောနေပြီ၊ ဒီမှာ ... ဒီကမ္ဘာမှာလေ ငါ့သားနဲ့တန်တဲ့သူ မရှိ





သေးဘူး၊ ညည်းလျှာတော့ ပါးပါးလိုးပြီး သုပ်စားခံရတော့မယ်"

"မေချို ထင်လို့နော်၊ တန်ချင်တန်မှာပါ"

"အကြင်နာ ... ဒါမိန်းကလေး ပြောရမယ့်စကားလားဟဲ့။ ဒီမှာ မေချိုတို့က သဘောကောင်းတယ်၊ စိတ်ရှည်တယ်၊ သည်းခံတယ်နော်၊ ဒါပေမဲ့ သားနဲ့ပတ်သက်ရင်တော့ မရဘူး ရှယ်လီ၊ အကြင်နာကို မိတ်ကပ်ဆက်လိမ်းပေးလိုက်။ အကြင်နာ နောက်နေ့ကစပြီး မိတ်ကပ်ဆရာအသစ်ရှာတော့။ တို့ဆီ လာစရာမလိုတော့ဘူး"

"မေချိုရယ် ... အကြင်နာက နောက်တာပါ၊ တကတဲ"

"နောက်တယ် ... နောက်တယ်နဲ့ စကားနောက်တရားပါတယ်အေ့"

"အကြင်နာက ချစ်လို့စတာပါ မေချိုကလည်း"

"ဟွန်း ... မိန်းကလေးတော်တော်ကဲ၊ ရှင် ဒါနောက်ဆုံးဖြစ်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"မေချိုက သားကို တော်တော်ချစ်တယ်နော်"

"ဒီသားက ကျုပ်ရဲ့အသက်ပဲလေ အကြင်နာရယ်၊ ကျုပ်ဘဝမှာ သားရှိလို့ အမိပွားယ်ပြည့်စုံနေတာ။ သားသာမမွေးဖွားလာဘူးဆိုရင် ခုချိန်မှာ ကျုပ် ဒီလိုရပ်တည်နိုင်မှာတောင် မဟုတ်ဘူး"

"မေချို"

"အကြင်နာ ... ရှင် ဒီနေ့ သိပ်စကားများနေတယ်နော်"

"မေချို့သားက မေချို့သားအရင်းလားဟင်"

"အကြင်နာ ... ရှင့် သိပ်စပ်စုတာပဲ၊ ရှင် မှတ်ထား၊ ကျုပ်သားက ကျုပ်သားပဲ၊ နောက် ရှင် အဲလိုစပ်စုမယ်ဆိုရင် ကျုပ်နဲ့ သေခန်းပြတ်ပဲ"

အကြင်နာ မေချို့မျက်နှာထားကိုကြည့်ပြီး ပါးစပ်ပိတ်သွား၏။ အဲဒီနောက်ကတည်းက အကြင်နာ့ကို မေချို မိတ်ကပ်မလိမ်းပေးတော့။ အကြင်နာ့ခမျာ ရှယ်လီနဲ့ပဲ နစ်ပါးသွားရတော့၏။

✣ ✧ ✣





"ရှယ်လီ ... မေချိုက တော်တော်စိတ်ကြီးတယ်နော်"

"တို့အမေက သူ့သားနဲ့ပတ်သက်ရင် မရဘူးဟဲ့။ တို့တွေဆို လသာချိုလေးနားကို ကပ်လို့တောင်မရဘူး။ ကလေးငယ်ငယ်တည်းက တို့အခြောက်တွေနား မကပ်ရဘူး။ သူ့သားကို ခတ်ကူးမှာစိုးလို့တဲ့"

"ဟုတ်တယ်"

"ဟုတ်ပါတယ်ဆို"

"မေချို့သားက လန်းတော့လန်းတယ်နော် ချောချောလေး"

"မျက်စောင်းသွားမထိုးနဲ့နော်၊ မေချိုက မလွယ်ဘူး"

"မျက်စောင်းထိုးလို့ရတဲ့ အရွယ်လည်း မဟုတ်ပါဘူး ရှယ်လီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ Ready မဖြစ်သေးဘူး"

"ခစ် ... ခစ် ... ရှယ်လီကတော့ ပြောတော့မယ်"

အကြွင်နှာကို မိတ်ကပ်ပြင်ပေးရင်း ရှယ်လီတို့က အတင်းပြောနေကြ။

"ရှယ်လီ ... ရှယ်လီရော ရည်းစားမရှိဘူးလား"

"ကျုပ်တို့က ဆီဆားအစုံနဲ့ ဖြေစားရုံမဟုတ်တော့ မထားနိုင်သေးပါဘူးဟယ်"

"ဘယ်လို"

"ဒီလိုလေ အကြွင်နှာရဲ့၊ ကျုပ်က ခုမှနာမည်ရကာစလေ။ ခုမှ မေချိုက တချို့ဟာတွေ လက်လွှဲတာလေ။ ဒီတော့ အခုမှစပြီး စုရဆောင်းရဦးမှာဆိုတော့ ရည်းစားထားဖို့ ပိုက်ဆံမရှိသေးပါဘူးဟယ်"

"ဟင် ... ရည်းစားထားတာပဲ၊ ပိုက်ဆံလိုလို့လား"

"လိုတာပေါ့ဟဲ့၊ ကျုပ်တို့ အခြောက်တွေက ပိုက်ဆံရှိမှ ထားလို့ရတာ။ သင်းတို့ကို ဖို့ရသေးတာလေ။ ဖို့နိုင်မှကပ်





တာဟဲ့၊ ထားမယ့်ထားတော့လည်း အလန်းလေး ထားချင်တာပေါ့၊ သိတယ်မို့လား။ ဒါပေမဲ့ nomoney nohoeny လေ၊ ငစနူတွေတော့ မထားချင်ပါဘူးဟယ်၊ အဲဒါကြောင့် ပိုက်ဆံစုနေတယ်၊ ပိုက်ဆံအများကြီးရှိတဲ့နေ့ကျရင် မိန်းကလေးတွေတောင် အားကျရမယ့် ရည်းစားမျိုး ကျုပ်က ထားပြမှာ"

"ဟိ ဟိ ... ရှယ်လီက ရယ်ရတယ်နော်"

"အံမယ် ... မဟားနဲ့နော်၊ ကျုပ်တို့အခြောက်တွေထဲမှာ လင်ကောင်းသားကောင်း ရထားတာတွေ တစ်ပုံကြီးရှင်ရဲ့"

"ရှယ်လီ ... မေချို့သားက မေချိုနဲ့ဘယ်လိုတော်တာလဲဟင်"

"ပျားအုံ တုတ်နဲ့ထိုးပြန်ပြီ။ မသိဘူးတော်ရေ။ ကျုပ် မေချို့ဆီမှာ ပညာသင်တပည့် လာလုပ်ကတည်းက မေချို့မှာ ကလေးတစ်ယောက်နဲ့။ ကျုပ်တို့လည်း အစက သိချင်တာပေါ့ ဒီကလေးအကြောင်းကို။ ဒါပေမဲ့ အဲဒါကို စပ်စုမိတာနဲ့ သူ့ဆီက နှင်ထုတ်လို့ ဘယ်သူမှ မစပ်စုရဲတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



"သြော် ..."

ရှယ်လီက အကြင်နာရဲ့ပင်တိုင်မိတ်ကပ်ဆရာ ဖြစ်လာသည်။

အကြင်နာသည် ရှယ်လီဆီက သတင်းစုံကြားရသည်။ သူတို့အခြောက်လောက,က ကောလာဟလ သတင်းလည်း စုံသည်။

ထို့ကြောင့် အကြင်နာလည်း သတိထားရ၏။

"အကြင်နာ သိလား၊ ဟိုမင်းသမီးကလေ စပွန်ဆာကြီးနဲ့တဲ့တော့။ အဲဒီမင်းသမီးကို ပြင်ပေးတဲ့ အခြောက်ကိုတောင် ငါးသိန်းဖုန်း ဝယ်ပေးသတဲ့။ ငါတို့ကို လာကြွားနေတာလေ"

"ဟုတ်လား"

"ဟုတ်ပ ... သူကို မင်းသမီးဆက်သွယ်ချင်ရင် အလွယ်တကူ ဆက်သွယ်လို့ရအောင် ဝယ်ပေးသတဲ့တော်ရေ"

အဲဒီလို သတင်းစုံတာ အခြောက်လောကပဲပေါ့။

✣ ✧ ✣





မိုင်မိုင်ခိုင်မှာ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ လေပြေနဲ့ ကြည်ငယ်လေးတဲ့။

လေပြေနဲ့ ကြည်ငယ်တို့က မိန်းမပီသပြီး ဣန္ဒြေရရ လေးတွေမို့ မေမေက ပေါင်းခွင့်ပြုထားတာပါ။

လေပြေတို့ မေမေတွေကလည်း စည်းကမ်းရှိတဲ့ အိမ်ရှင်မပီသသော မိခင်တွေမို့ မိုင့်မေမေ ဒေါ်ခက်နဲ့သာနဲ့ အကြောင်းအပေါင်း သင့်ကြပါသည်။

မိုင်တို့ မိန်းမပီသတာယ်ဆိုပေမယ့် တစ်ပတ်လျှို ဆံမြိတ်ချပြီး လုံချည်ခြေဖျားခတ်တဲ့ ပုံစံတွေတော့ မဟုတ်ကြပါ။

ခေတ်မီပြီး လုံခြုံတင့်တယ်စွာ ဝတ်စားဆင်ယင်တတ်ကြပြီး ကိုယ့်ကား ကိုယ်မောင်းကာ ကျောင်းတက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဆိုရင်လည်း အရောင်သိပ်မတောက်တဲ့ ခပ်ဖျော့ဖျော့ ကာလာယဉ်ယဉ်လေးတွေ ဆိုးတတ်သလို ဆံပင်ကောက်လိုကောက် ဖြောင့်လိုဖြောင့် သရုပ်မပျက်ရင် ခွင့်ပြုပါသည်။

ဘောင်းဘီတွေ စကတ်တွေ ဝတ်ခွင့်ပြုပေမယ့် ပေါ်လော်သော သရုပ်ပျက်မှုမျိုး ခွင့်မပြု။

"မိန်းကလေးတိုင်းမှာ အလှတရားကိုယ်စီရှိတယ် သမီး။ ဖော်ဝတ်မှ လှတာမဟုတ်ဘူး။ မပေါ်သင့်တဲ့ အလှတရားတွေကို လုံခြုံအောင် ထိန်းသိမ်းနိုင်တာကမှ အလှတရားဖြစ်တယ်"

"မြင်ပါများတော့ ရိုးပြီးတန်ဖိုးမရှိတော့ဘူး။ မြန်မာမလေးတွေ မြန်မာလိုဝတ်တာ အလှဆုံးပဲ။ ရင်ဖုံးလေးကို ပုံစံလှလှလေးနဲ့ ပန်းလေးတွေထိုး စီးကွင်းလေးတွေ စီလိုက်ရင် သိပ်ကို အဖိုးတန်ဖက်ရှင်လေး ဖြစ်သွားတာပဲ သမီးရဲ့"

"စောင့်ထိန်းသင့်တဲ့ ကိုယ်ကျင့်တရားကို မဖောက်ဖျက်တာက တန်ဖိုးပဲ။ လောကကြီးမှာ ဘယ်နေရာတစ်ဆစ်ချိုး





ရှိလဲဆိုတာ မှန်းလို့မရသလို ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံသင့်ဘူးကွယ်။ ကံဆိုတာက ပိုတောင် မယုံသင့်သေးတယ်"

စသဖြင့် ဒေါ်ခက်နဲ့သာက မကြာခဏ ဆုံးမစကားရွတ်တတ်သည်။ မရွတ်လို့လည်း မရဘူးလေ။ သူ့သမီးလေးတွေကို သူ့လိုမခံရစေချင်ဘူးလေ။

ထို့ကြောင့် သမီးလေးကို အရိပ်တကြည့်ကြည့်နဲ့ ထိန်းသိမ်းထားရတယ်။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



ကားသုံးစီး ရှေ့ဆင့်နောက်ဆင့် ကျောင်းထဲဝင်လာတယ်။ ဆေးတက္ကသိုလ်ဆိုတာက ပိုက်ဆံရှိ သားသမီးတွေတက်တာ များတယ်လေ။

ကားပေါ်က ဆင်းလာတဲ့ မချောသုံးယောက်ကိုကြည့်နေတဲ့ မျက်လုံးပေါင်းကတစ်ထောင်။

"ဟိတ်ကောင် ... လသာ။ ငါပြောတဲ့ကောင်မလေးတွေ လာပြီ"

"ဟား ... လန်းလှချည်လား"

"ဟုတ်တယ်၊ အလှဆုံးလေးက လေပြေနွဲ့တဲ့၊ ကျန်တဲ့နှစ်ယောက်က မိုင်မိုင်ခိုင်နဲ့ ကြည်ငယ်လေး"





"လေပြေနွဲ့ဆိုတာ အနီရောင်လေးလား"

"ဟုတ်တယ်"

"မိုက်တယ်ကွာ"

"ငါ ဦးထားတာနော် လသာ"

"အေးပါ အာကာရာ၊ ငါကလည်း မိုက်လို့မိုက်တယ်ပြောတာပါ၊ Heart မထိသေးပါဘူး၊ အပြာလေးက ဘယ်သူလဲ"

"သူက မိုင်မိုင်ခိုင်တဲ့"

"အင်း ... လေပြေနွဲ့လောက် မလှပေမယ့် သူကလည်း ချစ်စရာလေးပဲ"

"ဒါဆို မင်းက သူလား"

"ချက်ချင်းကြီးတော့ Heart မထိသေးပါဘူးကွာ၊ ကြည်ငယ်လေးကတော့ သာမန်ပဲ၊ လေပြေနဲ့ မိုင်မိုင်ကတော့ ရွေးချယ်ရမယ့် အဆင့်ထဲမှာပါတယ်"

"ဟိတ်ကောင် ... လေပြေက ငါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဦးတိုင်းရတဲ့တိုင်မှ မဟုတ်တာကွာ၊ Lady first ပေါ့ ... ဟဲ့ ဟဲ"

"လသာ ... မင်းနော်"

"ကဲပါ အာကာရာ၊ လာ ... အတန်းချိန်နီးနေပြီ၊ ဆေးကျောင်းသားဆိုတာ ဒီလိုပြေးလွှားရမှ အစစ်အမှန်ကွ"

သူတို့တွေ အတန်းပြေးတက်ကြသည်။ ကံကောင်းချင်တော့ မိုင်မိုင်တို့နဲ့ Class တစ်ခုတည်းမှာ တက်ရသည်။

အာကာက ...

"ကဲကြမ္မာကတော့ ကိုယ့်ဘက်မှာ ရှိနေပြီ"

လသာချိုလည်း ပျော်သလိုလိုပဲ။ လသာချိုက မအေက အလိုလိုက်ခံရပေမယ့် မိန်းကလေးတွေနဲ့တော့ ပတ်သက်လို့မရဘူးလေ။ ဆယ်တန်းအထိ သူ့ကို ယောကျ်ားလေးသီးသန့်ကျောင်းမှာ ထားခဲ့တာမို့ ခုလို ဆန့်ကျင်ဘက်လေးတွေနဲ့ အတူတက်ရတာကိုက ဖီလင်တစ်မျိုး ဖြစ်နေသည်။

✣ ◇ ✣





ဆေးကျောင်းဆိုတာက စတယ်ကြီးကြီးနှင့် ကိုယ့်ဘာသာ သီးသန့်နေလို့ရသောကျောင်းမျိုး မဟုတ်သဖြင့် မကြာခင်မှာပဲ မိုင်နှင့် လသာတို့အဖွဲ့တွေ ခင်မင်သွားကြသည်။

ဘယ်တော့မှ ထမင်းဘူးမပါတဲ့ လသာက ကင်န်တီးကိုပဲ အားကိုးရပြီး မိုင်တို့ ထမင်းဘူးတွေကတော့ သူ့အတွက် အမြဲပိုထည့်လာရသည်။

လသာရဲ့မေချိုက မိတ်ကပ်ပြင်တဲ့နေရာမှာ ဆရာကြီး။ ထမင်းဟင်းချက်တဲ့နေရာကတော့ ဇီးရိုးပါ။

လသာရဲ့ ထာဝရအိမ်ထမင်း အိမ်ဟင်းက ခေါက်ဆွဲပြုတ်။ ထို့ထက် တစ်ဆင့်တက်ရင်တော့ ဆိုင်ကလာပို့တဲ့ ချိုင့်ဆွဲထမင်းဟင်း။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သန့်ရှင်းရေးနဲ့ ခြံစောင့်က ဘကြီးမောင်။ လသာမှာ တစ်ခါတလေ ဘကြီးမောင်ဆီက အဘိုးကြီးလက်ဖက်ကို အဟုတ်မှတ်ပြီး ကပ်စားရသေးသည်။

ထို့ကြောင့်လည်း လသာဟာ မိန်းကလေးသုံးယောက်ရဲ့ထမင်းချိုင့်တွေကို တော်တော်မက်ပါသည်။

တစ်ခါတလေ သူတို့ထမင်းချိုင့်တွေကို ယူစားပြီး သူတို့ကို ကြေးအိုးတို့၊ မြီးရှည်တို့ သူတို့စားချင်တာတွေ ပြန်ဝယ်ကျွေးတတ်သည်။

အာကာကတော့ တစ်မျိုး။ သူက ထမင်းချိုင့်မဆွဲချင်၍ မယူတာပင်။

အိမ်မှာ ထမင်းဟင်းကောင်းကောင်းစားရတဲ့ အာကာက နေ့လယ်စာ တစ်နပ်လောက် အပြင်စာစားဖို့ ဝန်မလေးဘူးလေ။

အစပိုင်းတော့ မိုင်ခိုင်တို့က လသာအိမ်မှာ ထမင်းဟင်းချက်မစားတာကို အံ့သြနေကြသေးသည်။





နောက်တော့ လသာအမေက နာမည်ကြီး ပရော်ဖက်ရှင်နယ်လ် မိတ်ကပ်ပညာရှင်တစ်ယောက်မှန်းသိတော့ မအံ့သြ။

မိတ်ကပ်ဒေါ်လီချို ဆိုတာနဲ့ ထမင်းဟင်းချက်ဖို့ အချိန်မပေးနိုင်သည့်သူဟု သူတို့ သဘောပေါက်သွားကြသည်လေ။

သို့သော် မိုင်တို့ နားမလည်တာက ဒေါ်လီချိုမှာ လသာလို သားတစ်ယောက် ရှိနေတာကိုပင်။

မိန်းကလေးပီပီ ထိုအခြင်းအရာကို လသာထံ စပ်စုကြည့်သေးသည်။ သို့သော် လသာက ဘာမှပြန်မပြောခဲ့။

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/[illegible](၈)၊ ဧယျဝတီလမ်း(ဗဟိုလမ်း)၊
[illegible]မြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက် မိုင်တို့အိမ်မှာ စာစုကျက်ကြတော့ ထိုအကြောင်းကို မိန်းကလေးချင်း ပြောဖြစ်ကြသည်။

အသိချင်ဆုံးက မိုင်။

"ဟဲ့ ... ဒေါ်လီချို့က အခြောက်ကြီးကို ဘယ်လိုလုပ်ပြီး လသာအမေ ဖြစ်ရတာလဲ"

"ဘယ်သိမလဲဟဲ့"

လေပြေက စဉ်းစဉ်းစားစားဖြင့် ...

"ဒေါ်လီချို့ အခြောက်မဖြစ်ခင်က မိန်းမယူပြီး မွေးလာတဲ့ သားလားမှ မသိတာ"

"အဲလိုဆိုလည်း သူက အဖေပဲဖြစ်ရမှာပေါ့၊ ဘာလို့အမေ ဖြစ်ရမှာလဲဟဲ့"





"ဒေါ်လီချို့ထက် လသာက ပိုထူးဆန်းတယ်လို့ မထင်ကြဘူးလား။ အခြောက်ကြီးကို မေမေ ... မေမေနဲ့"

"အေးနော် ... တစ်မျိုးကြီးပဲ"

"လသာက ဒေါ်လီချို့ သွေးသားမဟုတ်ဘူးလား"

"ဟယ် ... အဲလိုတော့ မဖြစ်နိုင်ပါဘူး၊ လသာ ငယ်ငယ်လေးတည်းက ဒေါ်လီချို့နဲ့ ရိုက်ထားတဲ့ဓာတ်ပုံ သူ့ပိုက်ဆံအိတ်ထဲမှာ ရှိတယ်လေ"

"အေး ... ဟုတ်တယ်နော်။ စဉ်းစားစရာပဲ"

မိုင်တို့သုံးယောက်မှာ စာမကျက်နိုင်ဘဲ တွတ်ထိုးနေကြသည်။

"လသာကို တစ်ခုတော့ ချီးကျူးရမယ်၊ အခြောက်တွေကြားထဲမှာ ကြီးလာပြီး လုံးဝမနွဲ့ဘူးနော်။ ခပ်တည်တည်နဲ့ ကျားကျားလျားလျားပဲ"

"အံမယ် ... သိပ်သေချာတာတော့ မဟုတ်ဘူး။ နှစ်ဖက်ချွန်ဖြစ်နေဦးမယ်၊ ကြည့်ပေါင်းကြနော်၊ အရဲတော့မကိုးကြ



www.burmeseclassic.com

www.burmeseclassic.com



နဲ့။ ပြီးတော့ သူတို့နဲ့ခင်နေတာ တို့အမေတွေ သိရင် ကြိုက်မှာမဟုတ်ဘူး”

“အေး … မေမေသိရင်တော့ မလွယ်ဘူး”

“မိုင်ကတော့ သူ့ကို … ရှမ်းခင်တယ်ဟာ၊ တစ်နေ့ တစ်နေ့ မိုင်တို့ ထမင်းချိုင့်ရှုပ်တွေ ဖွင့်ကြည့်နေတဲ့ ပုံလေးကို သနားတယ်”

“မိမိုင် … ကြည့်လုပ်နော်၊ ဒေါ်လီချိုကို ယောကျ်ားမတော် နေရဦးမယ်”

“ငါက အဲလိုစိတ်မျိုး မရှိပါဘူးဟဲ့၊ ရိုးရိုးသားသားပါ”

“သူစိမ်းယောကျ်ားလေးတစ်ယောက်ပေါ်မှာ 100% ရိုးသား နိုင်ဖို့ မလွယ်ဘူးဟဲ့၊ ခုတော့ရိုးရိုး နောက်တော့မှ တစ်မျိုး တိုးနေမယ်နော်”

“နင်တို့ကလည်းဟာ မဟုတ်ပါဘူးဆို”

“ငါ သတိထားမိသလောက်တော့ လသာကလည်း နင့်ကို ငါတို့ထက် ပိုခင်သလိုပဲနော် မိုင်။ နော် … လေပြေနော်”





“ဟုတ်တယ်၊ ကြည်ငယ် ပြောတာ မှန်တယ်။ ငါလည်း သတိထားမိတယ်”

“ဟင်း … ငါကတော့ ရိုးရိုးသားသားပဲ ခံစားရတယ်၊ သူ ငါ့ကို သဘောကျတယ်ဆိုရင် ငါမသိစိတ်မှာ ခံစားမိမှာပဲ။ ခု ငါခံစားမိသလောက်ကတော့ သူက ငါ့ထက် ငါ့ထမင်း ချိုင့်ကိုပဲ ပိုစိတ်ဝင်စားတာဟဲ့”

“ယော … ဒီလိုလား … ဟီး ဟီး”

သူတို့ ရယ်နေသဖြင့် မေမေက ခေါင်းပြူပြီး လာ အကဲခတ်နေသဖြင့် ပါးစပ်ပိတ်ကာ စာအုပ်တွေ ကောက်ကိုင် လိုက်ရ၏။ စာတစ်လုံးမှ မရသေးပေမယ့် မေမေ့ရဲ့လက်ဖက်သုပ် ကတော့ တစ်ဝက်ကျိုးသွားပြီ။

မေမေ အကဲခတ်နေသဖြင့် သူတို့ ဘာစကားမှမပြော ရဲတော့ဘဲ စာတကယ်ကျက်ကြရ၏။

မိုင်ကတော့ လေပြေနဲ့ ကြည်ငယ် ဘယ်လိုထင်ထင် လသာ မိုင့်အပေါ် ရိုးသားတာသိသည်။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



မိုင်တို့လိုပဲ အာကာနဲ့ လသာတို့လည်း မိန်းကလေးတွေအကြောင်း ဆွေးနွေးနေကြသည်။

ယောက်ျားလေးတွေက လက်ဖက်ရည်ဆိုင်ထိုင်ရင် မှန့်စားလေ့ သိပ်မရှိကြ။ သူတို့က လက်ဖက်ရည်အမြည်းအဖြစ် မိန်းကလေးတွေအကြောင်း ပြောတတ်ကြသည်။

ခုလည်း အာကာတို့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း သူမလေးတို့အကြောင်း ပြောနေကြတာပါ။

"လေပြေလေးနဲ့ ခင်မင်ခွင့်ရပြီးမှ လေပြေကို ဖွင့်ပြောဖို့ ပိုခက်သွားတယ်ကွာ။ သူငယ်ချင်းလေးပါပဲ ဖြစ်နေပါပြီ။ ကွိုင်ပဲ"

"ငါ ပြောပေးရမလား အာကာ"





"နောနော်ပေါ့ သူငယ်ချင်းရာ။ မင်း ပြောပေးပါကွာနော်"

"ပြောပေးမယ် စိတ်ချ၊ မင်းအတွက်တော့ မဟုတ်ဘူးနော်၊ ငါ့အတွက် ငါပြောမှာ"

"ဟာ ... မင်း သစ္စာမဖျက်နဲ့လေကွာ"

"မင်းနဲ့ ငါ ဘယ်တုန်းက သစ္စာထားခဲ့လို့လဲကွ"

"ဟိတ်ကောင် ... လေပြေက ငါ အရင်တွေ့တာလေ။ ပြီးတော့ မင်းက မိုင့်ကို ခိုက်နေတာ မဟုတ်ဘူးလား"

"ဘာလို့ ခိုက်ရမှာလဲကွ။ မိုင်မိုင်က ခင်ချင်စရာကောင်းလို့ ခင်တာ။ ပြီးတော့ မိုင်မိုင်က ပြည့်တယ်ကွ"

"မင်းကလည်း လေပြေကရော အကျင့်ပုပ်နေလို့လား"

"ဟင့်အင်း ... ပြေပြေက နည်းနည်းလေး မိန်းမပိုဆန်တယ်၊ ပဲနည်းနည်းများတယ်ကွာ၊ မိုင်မိုင်ကတော့ ကလေးလိုပဲ ... အဲဒါ ... အဲဒါ"

"ကြည်ငယ်လေး ကျတော့ရော"

"သူက နည်းနည်းစွာတယ်၊ ပြီးတော့ သူတို့သုံးယောက်ထဲမှာ ကြည်ငယ်လေးက ပိုပြီးပွင့်လင်းတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သုံးယောက်လုံး မဆိုးဘူးနော် လသာ … အဟီး"

"ပါးပိတ်ရိုက်လိုက်လို့ မျက်ရည်နဲ့ နှပ်နှစ်ကျပ်သားစီထွက်သွားမယ်"

"ဘာလဲ … အဲဒီစကားက မင်းအမေ သင်ပေးလိုက်တာလား"

"ရှယ်လီတို့ဆီက ကြားတာပါကွာ။ ငါ့အမေက အခြောက်သာပြောတာ နေတာ ထိုင်တာ ဝတ်စားတာ၊ ပြောတာဆိုတာကအစ မိန်းမလိုပဲကွ။ အခြောက်ပုံ လုံးဝမပေါက်ဘူး"

"ဟုတ်တော့ ဟုတ်တယ်ကွ။ မင်းအမေက ခပ်တည်တည်ပဲ၊ အကြောင်းမသိရင် ဂုဏ်သရေရှိ မင်းကတော် စိုးကတော်တွေ ပုံစံမျိုး … ဟီး ဟီး"

"လဒ … ငါ့အမေကိုပြောရင် ငါမကြိုက်ဘူးနော်"

အာကာက ဆက်မစရဲတော့။ သူ လသာကို အံ့ဩပါသည်။ လသာ ဘာလို့များ ဒီအခြောက်ကို မေမေ … မေမေ ဖြစ်နေပါလိမ့်။





သူသာဆို ဖေဖေလို့ပဲ ခေါ်လိုက်မည်။ တွေးရင်း ပြုံးစိစိဖြစ်နေသော အာကာ့ကို လသာက လက်သီးထောင်ပြသည်။

လသာကလည်း အာကာ ဘာတွေးနေလဲ ရိပ်မိပါသည်။

သူကတော့ မေချို့ကို အမေတော်ရတာ မရှက်ပါ။ မေမေဟာ သူ့အပေါ်မှာ တကယ့်ကို မိခင်တစ်ယောက်လို ကြင်နာနွေးထွေးခဲ့တာပဲ။ ယောကျ်ား၊ မိန်းမ၊ အခြောက်ဆိုတဲ့ ဝိသေသတွေက မေတ္တာတရားကို ပြောင်းပြန်ဆွဲလှန်လို့မှ မရတာ။

မေချိုက မိခင်မေတ္တာပေးခဲ့လို့ သူက မေမေခေါ်တာ မှားလို့လား။ မေချို့ကိုမှ မေမေမခေါ်ရင် ဘယ်သူ့ကို အမေတော်ရမလဲ။

မေချို့ရင်ခွင်မှာ နွေးထွေးစွာ ကြီးပြင်းခဲ့ရတဲ့အတွက် ကျေနပ်ပါသည်။ အရေးကြီးဆုံးက လောကအလယ်မှာ ကောင်းမွန်စွာ လူဖြစ်ခွင့်ရဖို့ပဲလေ။

-:- ◇ -:-



www.burmeseclassic.com

www.burmeseclassic.com



မေချို့ဆီက ဖုန်းဝင်လာသည်။ မေချို ခေါင်းမူးနေလို့ ဆေးခန်းသွားပြရမည်တဲ့။ သူ လက်ဖက်ရည်ဆိုင်ကနေ ချက်ချင်းထပြီး မေချို့ဆိုင်ကိုပြေးသည်။

ဆိုင်ထဲဝင်ဝင်ချင်း ရှယ်လီက ...

"သားချို ရောက်လာပြီ မေချိုရေ"

ရှယ်လီ့ကို ပြုံးပြလိုက်ပြီး မေချို့နားနေခန်းထဲ ဝင်လိုက်တော့ မေချို့နားမှာ သမီးတော်တွေ ဝိုင်းနေသည်။

"ဟယ် ... အချော်တကစ် လာပြီ"

"ကောင်မတွေ ငါ့သားကို ဘာပြောတာလဲ သွားကြ၊ ညည်းတို့ ငါ့အခန်းထဲကထွက်"

"ဟွန့် သူ့သားမလာခင်က မီးတို့ပဲ ပြုစုနေတာပါနော်"





"အမယ်လေး ... မူးရတဲ့အထဲ လျှာရှည်နေပြန်ပြီ၊ အကုန်သွား ... ထွက်"

မေချို အော်လိုက်မှ လန့်ပြီးထွက်သွားကြသည်။ ဒါတောင် မေချို မမြင်အောင် လသာကို မျက်စိမှိတ်ပြသွားတဲ့သူနဲ့ ဖလိုင်းကစ်စ်ပေးသွားတဲ့သူနဲ့။

လသာကတော့ ခပ်တည်တည်ပင်။

"မေမေ ဘာဖြစ်တာလဲ"

"မူးတာ သားရယ်၊ ဆေးခန်းသွားမှရမယ်ထင်တယ်၊ ရေ့ ဆေးခန်းပဲ သွားရအောင်"

"ဟုတ်လား ... သားတွဲမယ်"

"ရတယ် ငါ့သား၊ တော်ကြာ တို့သားအမိကို သူများတွေ တစ်မျိုးထင်နေမယ်၊ မေမေ့ဘာသာ လျှောက်မယ်"

"ဘယ်သူ ဘယ်လိုထင်ထင် သား ဂရုမစိုက်ဘူး မေမေ။ မေမေက သားရဲ့မေမေပဲ။ မေမေလဲရင် ဘယ်လိုလုပ်မလဲ။ လာ ... သားကိုတွဲပါ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မွေးရကျိုးနပ်လိုက်တဲ့ သားလေး"

ဒေါ်လီချိုကို လသာတွဲပြီး ဆေးခန်းလိုက်ပို့တော့ အလုလာပြင်တဲ့သူတွေက စပ်စုကြသည်။

"ဟဲ့ ... အဲဒါ ဘာလဲ၊ သူငယ်လား"

"အို ... မဟုတ်ပါဘူး၊ အဲဒါ သူ့သားလေ"

"ဩော် ... ဒေါ်လီချိုက သားတစ်ယောက် ရှိသေးတယ် ပေါ့၊ ဒါဆို ကြီးမှခြောက်တာ ထင်တယ်"

"ကောင်လေးက မဆိုးဘူးနော်၊ သူ့အဖေ ခြောက်နေတာကို မရှက်ဘူး"

"အို ... သူလည်း ဒီပုပ်ထဲကပဲ,ပဲ နေမှာပေါ့"

လူတွေရဲ့ အမနာပတွေက အရင်းမရှိဘဲ ပွားပြီးရင်း ပွားနေကြသည်။

✣ ✧ ✣





"ရှယ်လီရေ ... လသာချိုကလေးဟာ မျက်စိရှေ့တင် တစ်နေ့တခြား လူလားမြောက်လာပါရော"

အခြောက်တစ်ယောက်က လသာချိုကိုကြည့်ကာ လက်တို့လိုက်ရင်း ...

"အမယ်လေး ... ဒေစီ၊ ညည်း ကလေးကို ပြစ်မှားနေတာ လား"

"ကလေးမှ မဟုတ်တော့တာဟယ်"

"အမေကြီးရင်တော့ ညည်း ဒီကနေ ခေါင်းနဲ့ဆင်းရတော့ မှာပဲ ဒေစီ။ ညည်း ဒီမှာကြာကြာမြဲချင်ရင် ဒီစကား ဒီတင်ရပ် ကောင်မရေ"

"ညည်းကလည်း သည်းလိုက်တာဟယ်၊ ကြက်တူရွေးက တော်တော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ဝုန်းသွားမှာစိုးလို့ စေတနာနဲ့ပြောတာ ကောင်မရေ၊ တော်ကြာ အမေ့လက်ဝါးနဲ့ ညည်းပါး မိတ်ဆက်သွားလို့ တံဆိပ်ထင်နေဦးမယ်"

"အမယ်လေး ... ထင်လို့ပါအေ၊ အမေက ငါ့လိုမဟာမျိုးအခြောက်ကို ချွေးမတော်ချင် တော်မှာပေါ့အေ"

"အမယ်လေးဟဲ့ ... ရွာရိုးလျှောက်တဲ့ဟာမကများ မဟာမျိုးအခြောက်တဲ့။ ဒီမှာ မဟာမျိုးအခြောက်ဆိုတာ အမေ့လိုအခြောက်မျိုးကို ပြောတာအေ့။ ညည်းလို သူငယ်မြင်တိုင်းမျက်ကြောဆွဲနေတဲ့ကောင်မက ဘယ်လိုလုပ် မဟာမျိုးအခြောက် ဖြစ်မှာလဲ ...

ဟွန်း ... ညည်း ကြာပစ်ချက်က ဟိုမင်းသမီးရဲ့ စပွန်ဆာကိုတောင် မရှောင်ဘူး။ အဲဒါကြောင့် ညည်းဖုန်းတစ်လုံး အစစ်ရလိုက်တာလေ"

"ဒါကတော့ ကိုယ့်အစွမ်းအစနဲ့ ကိုယ်ပေါ့ ရှယ်လီရယ်၊ မနာလို မရှိပါနဲ့"





"အမယ်လေး ... မနာလို မရှိပါဘူး၊ ဒါပေမဲ့ ရာဇဝင်တော့ပျက်တယ်အေ့၊ ကျုပ်တို့အခြောက်တွေက ဘယ်တော့မှယောကျ်ားတွေဆီက မချူဘူး။ ကိုယ်ကပဲ အမ်းတာ။ ညည်းကြောင့် ငါးခုံးမတစ်လှေလုံး ပုပ်တယ်ဟေ့၊ သိက္ခာကျတယ်"

"ဟဲ့ ... ပေးတဲ့လူက ချူစရာမလိုဘဲ ပေးတာ။ အဲဒါကိုက စံချိန်သစ်ပဲနော်၊ ရာဇဝင်မှာတောင် မရှိတဲ့ ရယူခြင်းအေ့"

"ဟွန်း ... ရွံစရာမ"

"မနာလိုမ"

"ဟိတ်ကောင်မတွေ တော်ကြတော့၊ ဟိုမှာ အမေလာနေပြီ"

မီးကို ရေနဲ့ငြိမ်းလိုက်သလို တိခနဲ အသံတိတ်သွားတ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီက ဒေစီကို အမြင်ကတ်သလို ဒေစီကလည်း ရှယ်လီ့ကို ကြည့်မရပါ။

ရှယ်လီ ကြည့်မရတာက ဒေစီက ခန္ဓာကိုယ်အချိုး အစား သေးသွယ်ကာ ဆံပင်တွေကလည်း ရှည်ပြီးဖြောင့်စင်းကာ ပါးမှာလည်း စံပယ်တင်မှဲ့နဲ့ မိန်းကလေးတစ်ယောက်လို လှလွန်း တာကြောင့်ပင်။ ဒါတောင် ကောင်မက မနေတတ်လို့။ နေတတ် ရင် သူ့ကို အခြောက်ဟုတောင် ထင်ကြမှာမဟုတ်။

ဒေစီ လှလွန်းလို့ ကြည့်မရတာ။

ဒေစီကကျတော့ ရှယ်လီက သူမထက် ပညာပိုတော် ပြီး အမေ့လူရုံဖြစ်နေလို့ ကြည့်မရတာ။ ပြီးတော့ လသာချို့နဲ့





ပတ်သက်ပြီး သဝန်တိုတာ။ ဒေစီတို့ လသာချိုကို စကားပြောခွင့် မရှိ။ ပြုံးပြနှုတ်ဆက်တာတောင် အမေလစ်မှ။ ရှယ်လီကတော့ လသာချိုကို ခေါ်ပြောခွင့်ရသည်။ အဲဒါကြောင့် သင်းကိုမနာလို တာ။

လသာချိုက ယောက်ျားပီသတဲ့ ခန္ဓာကိုယ်အချိုး အဆက်ကြီးနဲ့ မျက်နှာက ချိုချိုနုနုအေးအေးလေး။ တစ်နေ့တခြား ချစ်စရာကောင်းလာလေပဲ။ ဒါပေမဲ့ အမေ့ကိုကြောက်လို့ ဘယ် သူမှ အနားမကပ်ရဲပါဘူး။

လသာချိုကိုငမ်းတဲ့ အခြောက်တွေထဲမှာ ဒေစီက အကဲဆုံး။ အသည်းဆုံး။ ပြီးတော့ ဒေစီက အလှဆုံးမို့ ကျန်တဲ့ ကောင်မတွေက မနာလိုတာ။

အမေမရှိတဲ့အချိန် လသာချို ဆိုင်ရောက်လာလို့ ကတော့ ဒေစီတို့က ရေပူရေချမ်း ကမ်းလှမ်းပြီးသားပဲ။

"သားချို အပူလား အအေးလား။ ကိုယ်တိုင်ဖျော်ပေးမှာ နော်၊ အကြင်နာအပြည့်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သားချို၊ လေတိုက်ခံရလို့လား၊ ဆံပင်ပုံနည်းနည်းပွဲနေတယ်၊ ဒေစီ ဂျယ်လ်ပြန်လိမ်းပေးချင်တယ်"

"သားချို ... ဒေစီလေ ..."

"သားချို ..."

"သားချို ..."

ဒေစီတစ်ယောက် ဖျပ်ဖျပ်လူးတာ ခေည့်သည်တွေထပြန်တဲ့အထိပင်။ ကြာတော့ လသာချိုလည်း အမေမရှိရင်မလာရဲတော့။

"သားချိုက ဒေစီကို တကယ်အရော်ဖယားစွဲတယ်၊ ဒီကတော့ ချစ်လိုက်ရတာ"

စသံဖြင့် ချွဲတဲတဲအသံကြီးကို မရယ်မိအောင် အောင့်ရင်းနဲ့ လသာချိုရုပ်ကြီးက ပိုပြီးတည်လာကာ ...။

✣ ✧ ✣





"သမီးမိုင်မိုင် ... သမီးကို ညနေက လာစကားပြောတဲ့ကောင်လေးနှစ်ယောက်က ဘယ်သူတွေလဲ"

"ရှင် ... ညနေက"

"သမီးတို့ ကျောင်းဆင်းတော့လေ"

"မေမေက ဘယ်လိုသိတာလဲ၊ ကြွေ့ မေမေ လိုက်ကြည့်နေတာလား"

"ကြည့်စရာမလိုပါဘူး၊ ကြည်ငယ့်အမေ ဖုန်းဆက်တာ"

ညနေက ကြည်ငယ့်အမေ သူ့သမီးကို လာကြိုတုန်းက တွေ့သွားတာပဲ။ ကြည်ငယ့်ကား ဝပ်ရှော့ပို့ထားရ၍ သူ့အမေလာကြိုတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အတန်းထဲကပါ မေမေရဲ့"

"တော်တော်ရင်းနှီးသလား"

"ဆေးကျောင်းသားဆိုတာက ခပ်တန်းတန်းနေလို့ မရဘူး မေမေရဲ့။ ဒီလိုပဲ အတန်းသားချင်း ရင်းနှီးကြတာပါ"

"မေမေက ဆေးကျောင်းမတက်ဘူးတော့ သမီးပြောသမျှ ယုံရမှာပဲ သမီး။ တစ်ခုတော့ မှာချင်တယ်။ မီးဆိုတာ အေးရိုးထုံးစံမရှိဘူး။ ကမ္ဘာပေါ်မှာ မိန်းမတွေကို ဒုက္ခအပေးဆုံးကလည်း ယောက်ျားတွေပဲ"

မိုင်က မေမေ့လက်ချာတွေကို အလွတ်ရနေပါပြီ၊ စာမေးပွဲမှာ ထည့်ဖြေလို့ရရင် ဂုဏ်ထူးတောင် ရလောက်သည်။

ယောက်ျားဆိုတာ လာပြီးရင် ကံဆိုတာ လာဦးမည်။

"သမီးက တက္ကသိုလ်ကျောင်းသူဖြစ်ပြီဆိုတော့ ပြောသင့်တာတွေ ပြောရဦးမယ်။ တက္ကသိုလ်မှာ ရည်းစားထားရတယ်လို့ ဘယ်ခေတ်က သတ်မှတ်ခဲ့သလဲတော့ မသိဘူး။ တက္ကသိုလ်ရောက်ရင် ကျောင်းသားလုပ်ဖို့ထက် ရည်းစား





ထားဖို့ပဲ စဉ်းစားတတ်ကြတယ်။ ဒါပေမဲ့ တက္ကသိုလ်ကျောင်းသားဆိုတာက သင်ယူဆဲအဆင့်ပဲ ရှိသေးတယ် သမီး၊ သမီးတို့အရွယ်မှာ အကောင်းအဆိုး ခွဲခြားနိုင်စွမ်း မရှိသေးဘူး။ မရှိလို့ သမီးတို့ မဖြစ်မနေ ပညာသင်နေရသေးတာ။ လောကကြီးအကြောင်း နားမလည်သေးဘဲ ရည်းစားထားရင် မှန်ပါ့မလား သမီးရယ်"

မိုင် နားတွေပူလာပြီ။ သို့သော် ...

"ပြီးတော့ ကံကြမ္မာဆိုတာ မြင်ရတဲ့အရာ မဟုတ်ဘူး သမီး ..."

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခက်နဲ့သာ မျက်နှာမကောင်းသဖြင့် ခင်ပွန်းဖြစ်သူ ဦးဝင်းနိုင်မှာ နေမထိထိုင်မသာ။ ချစ်ဇနီးမျက်နှာကို အရိပ်လိုကြည့်ကာ ငုံထားမတတ် ချစ်ခဲ့ရသူ မဟုတ်ပါလား။ မျက်နှာညိုအလိုမကျတော့ မနေတတ်။

"ခက် ... မိန်းမ ဘာဖြစ်နေတာလဲ"

"ယောက်ျားရယ် ... ခက်တို့ မိုင်လေးကို ဆေးကျောင်းထားမိတာ မှားပြီထင်တယ်"

"ဘာလို့လဲ မိန်းမရဲ့"

"ဩော် ... ကိုယ်က သမီးမိန်းကလေးမွေးထားတော့ ပူပန်ရတာပေါ့ ယောက်ျားရယ်။ သမီးက အခု ဆေးကျောင်းမှာ ယောက်ျားလေးသူငယ်ချင်းတွေနဲ့ ခင်မင်ရင်းနှီးနေပြီ။ ခက်





ကပြောတော့ ဆေးကျောင်းဆိုတာက ယောက်ျားလေးမိန်းကလေးရောပြီး နေကြရတာတဲ့။ သီးသန့်ကွဲထွက်ပြီးနေလို့ မရဘူးတဲ့"

"ဟုတ်မှာပေါ့ ခက်ရယ်။ သိပ်လည်း စိုးရိမ်မနေပါနဲ့"

"အို ... ခက်ကတော့ စိုးရိမ်တယ်။ ခက် မွေးထားတာက သမီးလေး။ ပြီးတော့ သမီးက ဆယ်တန်းအောင်တဲ့အထိ မိန်းကလေးကျောင်းမှာ တက်တာ။ ယောက်ျားလေးတွေနဲ့ ပတ်သက်ဖူးတာ မဟုတ်ဘူး။ ခက် စိုးရိမ်တယ်"

"အဲဒါကြောင့် ကိုယ် ခက်ကို အစကတည်းကပြောသားပဲ။ သမီးကို ယောက်ျားလေး မိန်းကလေး ရောတက်ရတဲ့ ကျောင်းမှာ ထားပါလို့"

"အို ... ခက်ကတော့ ဖြစ်နိုင်ရင် တက္ကသိုလ်ကိုတောင် မိန်းကလေးသီးသန့်တက်လို့ရတဲ့ တက္ကသိုလ်ရှိရင် ထားချင်သေးတာ"

"ခက်ရယ် ... ခက်ကိုကြည့်ရတာ ပူလောင်နေတာပဲ။ စိတ်အေးအေးထားပါ မိန်းမရယ်၊ ခက် ဒီလောက်သွန်သင်



www.burmeseclassic.com

www.burmeseclassic.com



ထားတာပဲ။ ကိုယ်တို့သမီးလေးက လိမ္မာပါတယ်။ ပြီးတော့ တက္ကသိုလ်ဆိုတာက ပညာတစ်ခုတည်း သင်ရတဲ့နေရာ မဟုတ်ဘူးလေ။ ပေါင်းသင်းဆက်ဆံရေးပညာပါ ရတဲ့ နေရာ၊ သမီးသူငယ်ချင်းထားတာ ထားပါစေ။ ခက်က သမီးကို သူငယ်ချင်းလိုပေါင်းပြီး သမီးအကြောင်းတွေကို အမြဲလေ့လာပြီး ဘေးကလမ်းညွှန်တည့်မတ်ပေးရမှာပေါ့။ ငှက်ကလေးတွေဆိုတာ လွတ်လပ်စွာ ပျံသန်းချင်ကြတဲ့ အမျိုးလေ ခက်ရဲ့၊ အမြဲလှောင်အိမ်ထဲ ထည့်ထားရင် တောင်ပံတွေ အညောင်းမိကုန်မှာပေါ့။ သဘာဝကို လက်ခံ လိုက်ပါ ခက်ရယ်"

ဦးဝင်းခိုင်က ဇနီးဖြစ်သူကို ရှေ့ရင်အေးတရား ဟောနေရသည်။ ခက်ဟာ သူ့အတွက် တကယ်ကို အိမ်ရှင်မ ကောင်း၊ ဇနီးကောင်း ပီသခဲ့ပါသည်။ ပြီးတော့ သမီးအပေါ်လည်း ငံ့ထားမတတ်ချစ်ကာ တစ်ဆိတ် အစိုးရိမ်လွန်နေသေးသည်။

သမီးမိန်းကလေး မွေးကတည်းက ခက်မှာ တစ်နေ့ တစ်နေ့ စိုးရိမ်စိတ်တွေ ပြည့်နေပုံမှာ သနားစရာပင်။





သို့သော် သမီးကတော့ ခက်ကို စာအုပ်ကြီးဟု ထင်နေသည်။ ချုပ်ချယ်သည်ဟု မြင်နေသည်။

ထို့ကြောင့် ဒီသမီးနဲ့ဇနီးကြား ဦးဝင်းခိုင် မကြာခဏ ဝင်ရသည်။

သမီးကလည်း မအေက ချစ်မှန်းသိသဖြင့် မဆိုးရှာပါ။

အဓိက,က ခက်။

သမီးအပေါ် ခက်ရဲ့ပူပန်စိုးရိမ်စိတ်တွေ ဘယ်လိုဖျောင်းဖျ လို့မှ မကျတော့ ခက်သည်။

ဦးဝင်းခိုင်ရဲ့ဇနီးကောင်း ခက်ဟာ သမီးရဲ့မိခင် ကောင်းလည်း ဖြစ်တာမို့ မယားအပေါ် အချစ်ပိုကာ အပြစ်မဆို ရက်ပါ။

သို့ပေမဲ့ ခက်ကိုလည်း စိတ်ချမ်းသာစေချင်မိသည် ကွယ်။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအတွက် ပူပန်ရမှုတွေက မိမိဘဝမှာ စွန်းထင်းခဲ့ဖူးတဲ့ မင်နီကြက်ခြေခတ်တွေကြောင့်လို့ပဲ ပြောရမှာပဲ။

လူတိုင်းဟာ ကြက်ခြေခတ်နဲ့ မကင်းတတ်ကြဘူး ဆိုပေမယ့် မှားပုံမှားနည်းတော့ တူမှာမဟုတ်ဘူး။

ကြက်ခြေခတ်တွေဟာ ပြင်လို့ရတဲ့ ကြက်ခြေခတ် ရှိတယ်။ ပြင်လို့မရတဲ့ ကြက်ခြေခတ်ဆိုတာ ရှိတယ်လေ။ အဲဒါကြောင့် မှားပုံမှားနည်း မတူဘူးလို့ ပြောတာပေါ့။

ခက်ရဲ့အမှားဆိုရင် ဘယ်လိုမှ ပြန်ပြင်လို့မရတဲ့ အမှားမျိုး။ အဲဒီအမှားဟာ ပြင်လို့မရပေမယ့် အဲဒီအမှားကိုဖုံးကွယ်ပြီး ခက် ကိုဝင်းနိုင်ကို လက်ထပ်ခဲ့တယ်။ ဒါပေမဲ့ ကိုယ့်





အမှားကိုယ်သိထားတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ လိပ်ပြာ မလုံတတ်ဘူး။ သူများကိုပဲ ဖုံးကွယ်လို့ရတယ်။ ကိုယ့်စိတ်ကိုတော့ ဖုံးကွယ်လို့ မရပါဘူး။

အဲဒါကြောင့် ခက်ရဲ့အတိတ်ဟာ ခက်ကို အရိပ်လို ခြောက်လှန့်နေပြီး သမီးလေးကို ခက်လို ဖြစ်မှာကြောက်နေမိတာပါ။ သမီးရဲ့ဘဝမှာ ကြက်ခြေခတ် မရှိစေချင်ပါ။ ရှိခဲ့ရင်တောင် အဲဒီကြက်ခြေခတ်ဟာ မင်နီကြက်ခြေခတ် မဟုတ်ဘဲ ပြင်လို့ရတဲ့ အပြာရောင် ကြက်ခြေခတ်ပဲ ဖြစ်စေချင်ပါသည်။

သမီးလေး တစ်နေ့တခြား အရွယ်ရောက်လာလေလေ ခက်ရဲ့စိုးရိမ်မှုတွေ မြင့်တက်လာလေပါပဲ။ အခုဆို ခက်တို့ မိဘတွေက သမီးကို ငယ်ငယ်ကလို တကောက်ကောက် လိုက်ကြည့်လို့ ရတော့တာလည်း မဟုတ်။

သဘာဝတရားက သမီးလေးကို ဆွဲခေါ်နေပြီ။ ခက် ဝင့်လည်မှာ ကြောက်ပါသည်။ အခုဆို သမီးမှာ ယောကျ်ား လေးသူငယ်ချင်းတွေ ရှိနေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဘယ်လိုထိန်းချုပ်ကိုင်တွယ်ရမလဲ ခက်စဉ်းစားမရသေး။

ကျောင်းတွေ ကျူရှင်တွေနဲ့ ဆေးကျောင်းသူသမီးကို မျက်စိဒေါက်ထောက် လိုက်ကြည့်ဖို့က မလွယ်ဘူးလေ။

သို့သော် ခက်အဖြစ်က ခက်ရဲ့စိုးရိမ်ပူပန်မှု ဇာစ်မြစ်ကို သမီးကို ဖွင့်ပြောလို့မှ မရတာ။

ဒီလိုနဲ့ပဲ ခုတလော ခက်နှလုံးရောဂါက ခဏခဏဖောက်ချင်သည်။

ခက်အပြစ်တွေကို သိထားတာက ခက်မိဘတွေနဲ့ ခက်ရဲ့ဒေါ်ဒေါ်ပဲဖြစ်သည်။ ဒေါ်ဒေါ်က ခက်ကို ကုသပေးနေသော နှလုံးအထူးကုဆရာဝန်ကြီး ဖြစ်နေပါပြီ။

ဒီတော့ ခက်မှာ ဒေါ်ဒေါ်ကိုပဲ ရင်ဖွင့်ရသည်။

"ခက် ... သမီး၊ သိပ်ပြီးမပူပင်ပါနဲ့ကွယ်။ အရာရာက အတိတ်ကပြုခဲ့တဲ့ကံကြောင့် ဖြစ်ရတယ်လို့ သဘောထားလိုက်။ မိုင်လေးကို သိပ်လည်းမကျပ်ပါနဲ့ သမီးရယ်။ မလျော့မတင်း စောင်းကြိုးညင်းတဲ့။ သူ ဖြစ်ရမယ့်ကံပါရင် ရှောင်လို့မရဘူး။ တို့က ဗုဒ္ဓဘာသာဝင်တွေမို့လား သမီးရယ်၊ စိတ်ကိုဖြေစမ်းပါ"

"ခက် ... ခက်ဖြေလို့မရဘူး၊ ဒေါ်ဒေါ့်သမီးလေး တစ်ခုခု ဖြစ်ရင် ခက်ရင်ကျိုးမှာ"

"ခက်က အစွဲကြီးနေတာကို၊ ခက်ရဲ့စွဲလမ်းမှုကြောင့် ခက်ရောဂါက အဆောက်အအုံ ပိုကြီးလာရင် သမီးမိုင်လေးကို ခက် ကြာကြာစောင့်ရှောက်နိုင်တော့မှာ မဟုတ်ဘူး။ ဒီတော့ မိုင်လေးကို ခက် စိတ်ပူတယ်ဆိုရင် ခက်ကိုယ်ခက် စိတ်ချမ်းသာအောင်နေပြီး ကျန်းကျန်းမာမာ အသက်ရှင်ရမယ်။ တော်ကြာ မောင်ဝင်းခိုင်နဲ့ မိုင်မိုင်ရိပ်မိသွားရင်လည်း မကောင်းဘူး"

ခက်သည် စောစောစီးစီး သေမှာကိုတော့ ကြောက်ပါသည်။ သမီးလေးဘဝ အခြေမကျမချင်း ခက် အသက်ရှင်ချင်ပါသေးသည်။

✣ ✧ ✣







www.burmeseclassic.com

www.burmeseclassic.com



လသာသည် တစ်နေ့ထက်တစ်နေ့ ပိုမိုချောလာပြီး တကယ့်ကို လူချောကလေး ဖြစ်လာကာ ဆေးကျောင်းမှာ တစထက်တစ နာမည်ကြီးလာသည်။

သို့သော် လသာကတော့ ခပ်တည်တည်ပင်။ အာကာကတော့ လေပြေနွဲ့ကို အသေရရ အရှင်ရရ ဖြစ်နေသည်။

ဖြစ်ချင်တော့ လေပြေနွဲ့က အာကာ့ကို စိတ်မဝင်စားဘဲ လသာကို တိတ်တိတ်ကလေး ကြွေနေသည်။ သို့ပေမဲ့ လေပြေ့စိတ်ထဲမှာ လသာက မိုင်မိုင့်အပေါ် ပိုနေတယ်ဟု ထင်မိသည်။ မိုင်မိုင်ကလည်း အာကာနဲ့ လသာ ယှဉ်လိုက် လသာအပေါ် ပို၏။





လသာအတွက် မိုင်မိုင်က ထမင်းဟင်း အမြဲပိုထည့်လာပေးသလို လသာကလည်း မိုင်မိုင့်ထမင်းချိုင့်ဆို ခွင့်တောင်းခြင်းမရှိ တရင်းတနှီးကို ဖွင့်စားတတ်သည်။

ကြည်ငယ်ကတော့ ပွဲကြည့်ပရိသတ် ဖြစ်သည်။ အပြင်ကနေ ထွက်ကြည့်တဲ့အတွက် ကြည်ငယ်ကတော့ သူတို့လေးယောက်ရဲ့စိတ်တွေကို ခန့်မှန်းလို့ရကာ သက်ပြင်းတွေချနေမိသည်။

ကြည်ငယ် စိုးရိမ်တာ တစ်ခုရှိသေးသည်။

မိုင်မိုင့်မေမေက မိုင့်ကို ယောကျ်ားလေးတွေနှင့်ခင်မင်တာ တစ်စက်မှမကြိုက်။ မိုင်ကတော့ ဘယ်လိုစခန်းသွားရမလဲ မသိ။

လေပြေက ချောမောလှပကာ ချစ်စရာပိုကောင်းပေမယ့် လသာက မိုင်မိုင့်အပေါ် သံယောဇဉ်ပိုနေတာ သိသာသည်။

"ဟဲ့ ... ကြည်ငယ်၊ ငါခေါ်တာကြာပြီ၊ ဘာတွေတွေးနေငေးနေတာလဲ"

"အေးလေ ... ငုတ်တုတ်ကြီး အိပ်ပျော်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ပြီးပြီလား"

"အေး ... ထမင်းသွားစားစို့"

သူတို့ကင်န်တီးသွားတော့ လသာနဲ့ အာကာက ကြိုရောက်နေသည်။

လသာက မိုင်မိုင့်ထမင်းချိုင့်ကို လှမ်းယူကာ ...

"ဘာဟင်းကောင်းလဲ ညီမလေး"

"ဒီနေ့ မေမေနေမကောင်းလို့ ကိုယ့်ဘာသာကြော်လာတဲ့ ကြက်သားကြော်ပဲပါတယ်"

"ဒါဆို ဝေ်ပြီပေါ့၊ အင်း ... ဒီနေ့တော့ ငါဝယ်ကျွေးရတော့မှာပေါ့ဟာ၊ ကြိုက်တာမှာ"

"ငါတို့ပါ မှာရမှာလား လသာ"

"ငါ ဒီလောက်မချမ်းသာဘူးဟေ့၊ မိုင်မိုင့်ကို မှာခိုင်းတာ"

"မိုင်တို့များ မျက်နှာကြီးလိုက်တာနော်"

"မျက်နှာကြီးတာ မဟုတ်ဘူးဟဲ့၊ ငါက သူ့ထမင်းချိုင့် နေ့တိုင်းယူစားနေတာ၊ သူ့ဟင်းမပါတဲ့နေ့ ပြန်ဝယ်ကျွေးရမှာပေါ့"





လေပြေက ...

"သိပါတယ်၊ တို့ထက် မိုင့်ကို ပိုကိုပိုတာပါ။ နော် ... ကြည်ငယ်"

ကြည်ငယ်က အဆစ်ဆွဲထည့်သော လေပြေ့ကို မျက်စောင်းထိုးကာ ဘာမှပြန်မပြော။ အာကာက ...

"လေပြေရယ် ... လေပြေစားချင်တာသာ မှာစမ်းပါ။ ကိုကို အာကာ ရှင်းပေးမှာပေါ့"

"အရေးထဲ သူကတစ်မျိုး"

ဘာပဲဖြစ်ဖြစ် သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် မုန်းမနေတာတော့ သေချာပါသည်။

လသာက မိုင်မိုင့်အတွက် စားစရာမှာပေးနေသည်။ အအေးဘူးဖောက်ကာ ဖန်ခွက်ထဲ ထည့်ပေးသည်။ တစ်ရှူးကမ်းပေးသည်။ ဒါတွေက အမှတ်တမဲ့ လုပ်ပေးနေတာပင်။

သို့သော် သူ့ကို အကဲခတ်နေတဲ့ လေပြေ့ရင်ထဲမှာတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



လသာ မေမေ့ဆိုင်လိုက်သွားတော့ မေမေကဒေဲ့ သည်နှင့် စကားပြောနေသည်။

ရှယ်လီက ...

"လသာချို့ ဘာသောက်မလဲ"

"ရတယ် ရှယ်လီ၊ ကျွန်တော့်ဘာသာ ယူသောက်လိုက်မယ်"

လသာက ပြောရင်း သူ့ဘာသာ မေမေ့သီးသန့်ရေခဲသေတ္တာ အသေးလေးထဲက အအေးဘူး သွားထုတ်သောက်နေသည်။

ဒေစီက ခပ်နွဲ့နွဲ့လေး လျှောက်လာကာ ...

"လသာ ... အမေ့ဆီ လာတာလား"





"ဟုတ်ကဲ့ ဒေစီ"

"လသာဆံပင်တွေ ပုံသွင်းမလား၊ ခေါင်းလျှော်ပြီးပြန်သွင်းပေးမယ်လေ"

"ရတယ် ဒေစီ၊ မလုပ်တော့ဘူး"

"ဒီကလုပ်ပေးချင်လို့ဟာကို လသာက ငြင်းလိုက်တော့ ဒီက ဝမ်းတာပေါ့လို့"

"မဟုတ်ပါဘူး၊ ခေါင်းက အိမ်ကလျှော်လာလို့ပါ၊ ခဏခဏ လျှော်လို့မကောင်းလို့ပါ ဒေစီရဲ့"

"ဟွန့် ... စိတ်ဆိုးချင်တယ်၊ မဆိုးရက်လို့ တကယ်။ ဪ ... လသာတို့ကျောင်းမှာ တို့ညီမတစ်ယောက်ရှိတယ် သိလား၊ တို့ လသာတို့ကျောင်းကိုလာရင် ခေါ်မှာလားလို့"

"ဟို ... ခေါ်မှာပေါ့ ဒေစီရဲ့"

"ဒေစီ"

နောက်ဘက်က အမေ့အသံကြီး ဝမ်းခနဲ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အမေ"

"ညည်း ဘာလုပ်နေတာလဲ"

"ဘာမှလုပ်ပါဘူး အမေရဲ့"

"ဒေစီ ... ငါ ညည်းကို သိပ်ကြည့်မရတော့ဘူးနော်။ ညည်း ပတ်ချင်ရင် အပြင်မှာပတ်။ ငါ့ဆိုင်ဧရိယာထဲမှာ ရှုပ်ရှုပ် ရှုပ်ရှုပ် မလုပ်နဲ့။ ငါ့ဆိုင်ထဲ လာရှုပ်ရင် ညည်းစုတ်သွားမယ်နော်၊ ဒါ နောက်ဆုံးသတိပေးခြင်းပဲ"

"အမေကလည်း သူများက ဘာလုပ်လို့လဲလို့"

"ညည်းကိုယ်ညည်း သိမှာပေါ့၊ ငါ ထပ်မပြောတော့ဘူးနော်၊ ကဲ ... သား၊ လာခဲ့"

လသာက အမေ့အခန်းထဲ ဝင်သွားပြီ။ ရှယ်လီတို့က ဒေစီ့ကိုကြည့်ကာ ရယ်နေကြသည်။ ဒေစီတစ်ယောက် ငြိုးမာန်ဖွဲ့နေတာ ဘယ်သူမှမသိ။

✣ ✧ ✣





ဒေစီသည် တကယ်ပဲ ကျောင်းကိုရောက်လာခဲ့ပါသည်။ မသိရင် ဒေစီ့ကို မိန်းမအစစ်နှင့်ပင် မခွဲနိုင်ကြ။

မြန်မာဆန်ဆန်လေး ဝတ်ထားသော ဒေစီကို ဆေးကျောင်းသား ကိုကိုတွေက ငမ်းနေကြသေးသည်။

ငမ်းသူတွေကိုလည်း အပြစ်မဆိုတာ။ ဒေစီက ခုခေတ် မိန်းကလေးတွေဆီမှာတောင် မတွေ့ရတော့သော နွဲ့နှောင်းမှုကို ပိုင်ဆိုင်ထားသည်လေ။

ဒေစီ့ဆံပင်ရှည်တွေရဲ့ လှပမှုက ဖမ်းစားနိုင်စွမ်းတွေ ပြည့်နေတယ်လေ။

ဒေစီက လသာကို လာရှာတော့ ခဏနှင့်ပဲ ဆေးကျောင်းထဲ သတင်းကပျံ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေစီ့ကို ဒေါ်လီချို့တပည့်အဖြစ် သိသူတွေက လသာကို အခြောက်မ လာရှာသည့်ကိစ္စကို ချဲ့ကားပြောကြပြီလေ။

"ဟဲ့ ... လသာ၊ နင့်ကို အခြာရှီကောက်တစ်ယောက် လာရှာနေတယ်တဲ့"

မိုင်မိုင်တို့မိန်းကလေးတွေက ကြားသည့်သတင်းကို အပြေးအလွှားသယ်လာကြသည်။

"နင့်အမေဆိုင်က ထင်တယ်၊ ဘာကိစ္စရှိလို့လဲ မသိဘူး"

လသာ မျက်လုံးထဲမှာ ဒေစီ့ကို မြင်ယောင်လိုက်ပြီ။ ပခုံးတစ်ချက်တွန့်ကာ မေမေ့စကားတွေကို ပြန်ကြားယောင်လာသည်။

"သားချို ... မေမေ တစ်ခု တင်းကျပ်ချင်တယ်။ သားချို မေမေ့ဆိုင်က ဝန်ထမ်းတွေနဲ့ ကင်းကင်းရှင်းရှင်းနေစမ်းကွယ်၊ သားချိုကို သားယောကျ်ားလေးဆိုပေမယ့် အမည်းစက် မရှိစေချင်ဘူး။ ပြီးတော့ ဒေစီက မေမေ့တပည့်တွေထဲမှာ မေမေ သဘောမတွေ့ဆုံးပဲ။ သား သူနဲ့လုံးဝမပတ်





သက်စေချင်ဘူး။ အခြောက်မသားပေမယ့် အခြောက်တွေနဲ့ကင်းကင်းရှင်းရှင်းပဲ နေစေချင်တယ်ကွယ်"

မေမေ့စကားတွေ ပြန်ကြားယောင်နေတုန်း ဒေစီမက သွို့ရှေ့ရောက်လာပြီ။

"ရှာလိုက်ရတာ လသာရယ်၊ မောနေတာပဲ။ ဖုန်းနံပါတ်ကလေး မ,စထားပါဦး"

လသာက ပြုံးနေသည်။ အာကာနဲ့ မိန်းကလေးသုံးယောက်က အကဲခတ်နေကြသည်။

ဒေစီက ယပ်တောင်လှလှလေးထုတ်ကာခတ်ရင်း နွဲ့နွဲ့ကလေး ပြောနေသည်။ မိန်းကလေးအစစ်ဆိုရင် ခိုက်လောက်စရာပင်။

"သားချိုတို့ အတန်းပြီးပြီလား"

"တစ်ချိန်ကျန်သေးတယ် ဒေစီရဲ့"

"ဟုတ်လား ... ဒါဆို တက်လေ၊ ပြီးရင် ဒေစီနဲ့တစ်နေရာရာ သွားရအောင်လေ၊ ဒေစီ သားချိုကို မုန့်လိုက်ကျွေးချင်လို့။ ဒေစီ စောင့်နေမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မစောင့်ပါနဲ့၊ ပြီးရင် ကျွန်တော် သွားစရာရှိသေးလို့"

"မစိမ်းကားပါနဲ့ သားချိုရယ်၊ တို့မှာ သားချိုတို့ကျောင်းကို အရဲစွန့်ပြီး လာရတာပါ၊ ရှာလိုက်ရတာလည်း ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျောပါပဲ။ သားချို စိမ်းကားရင် တို့ ရေလည်ခံစားရမှာပဲ"

အခြောက်မက ပြောရင်း ပုလဲခ,နေသဖြင့် လသာ စိတ်ညစ်သွားသည်။ ဒီအခြောက်မက မလွယ်ဘူး။ အပြတ်ဖြတ်မှ ရမည်။

"ဒေစီ့ကို အားနာစရာ ဖြစ်နေပြီ၊ ဟိုနေ့က ဆိုင်မှာ ဒေစီနဲ့ စကားပြောလို့ဆိုပြီး ကျွန်တော့်ကို မေမေ တော်တော်ဆူတာ။ မေမေ စိတ်ဆင်းရဲအောင် ကျွန်တော်မလုပ်ချင်ဘူး ဒေစီ။ ဒေစီနဲ့မှ မဟုတ်ဘူး။ မေမေက ဘယ်သူနဲ့မှ ရင်းရင်းနှီးနှီးနေတာ မကြိုက်ဘူးလေ။ ဒေစီ နောက်လည်း မလာနဲ့တော့နော်။ မေမေ သိရင် ကျွန်တော် အဆူခံရမယ်။ ဒေစီလည်း မေမေ့ဆိုင်မှာ အဆင်မပြေမှာ စိုးလို့ပါ"





"ဟင့် ... အင့် ... ရက်စက်လိုက်တာ သားချိုရယ်၊ ပြောရက်လိုက်တာကွယ်၊ အမေမကြိုက်မှန်း သိပါတယ်။ ဒါပေမဲ့ သားချိုကို တွေ့ချင်လွန်းလို့လာတဲ့သူကို ရက်ရက်စက်စက် နှင်ရက်တယ်"

ဒေစီက သူ့ကို မှုထိတထိထုကာ ပုလဲခနေပြန်သည်။

ပြဿနာပဲ ...။

ဒီကိစ္စမျိုးကျတော့ လေပြေတို့က ဒက်သည်။

"လသာ အတန်းတက်ရတော့မယ်ဟဲ့ လာလေ၊ ဒီတစ်ချိန်က အရေးကြီးတယ်နော်"

"အေး ... လာပြီ ... လာပြီ"

ဒေစီက လသာချိုရှေ့ ပိတ်ရပ်ကာ ...

"သားချို"

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် အတန်းတက်ရဦးမယ်"

"သားချိုကို ဒေစီ အရမ်းချစ်တယ်ကွယ်"

"ဟာဗျာ ... ခင်ဗျားက ပြောလေဆိုးလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ သားချိုကို ဒေစီ ချစ်တယ်၊ သေသည်အထိ ချစ်မှာပဲ ... ဟင့် ... ဟင့်"

လသာချိုက ဒေစီကို တွန်းဖယ်ကာ ထွက်သွား၏။ သို့သော် လသာ သတင်းကတော့ ဆေး(၁)မှာ ပျံ့နှံ့သွားလေသတည်း။

✢ ✧ ✢





ဒေါ်လီချို ဒေါသတွေထွက်ပြီး တဆတ်ဆတ်တုန်နေသည်။

"အမေ စိတ်ထိန်းပါ အမေရယ်"

ရှယ်လီတို့က ဝိုင်းဖျောင်းဖျနေရသည်။

"ရှယ်လီ ... ညည်း စဉ်းစားကြည့်စမ်း။ ညည်းတို့အပေါ် ဘဝတူတွေဆိုပြီး အမေ ဘယ်လောက်စာနာခဲ့လဲ။ ဘယ်လောက် စေတနာထားခဲ့လဲ။ ဘယ်လောက်ချစ်ခဲ့လဲ။ ညည်းတို့ဘဝလေးတွေ ကိုယ့်ခြေထောက်ပေါ် ကိုယ်မားမားမတ်မတ် ရပ်နိုင်ပါစေဆိုပြီး အမေ့ပညာကို မချွင်းမချန် သင်ပေးခဲ့တယ်။ ပွဲထုတ်ပေးခဲ့တယ်။ ညည်းတို့ရဲ့ ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တာနဲ့ ချစ်တတ်တဲ့နှလုံးသားကိုလည်း အမေမတား ဘူး။ ညည်းတို့ ဘဲထားတာ ယောက်ျားယူတာ အမေ အားလုံးခွင့်ပြုတယ်။ ဒါပေမဲ့ အမေ့သားလေးကိုတော့ အဲလိုမလုပ်သင့်ဘူး။ ဒေစီက အကျင့်ကိုမကောင်းဘူး"

"အမေရယ် ... စိတ်လျှော့ပါ၊ သူလည်း သားချို့ကို တကယ်ချစ်သွားလို့နေမှာပါ"

"ချစ်စရာလား ... ချစ်စရာလားအေ၊ ဒီကလေးလေးက ညည်းတို့မျက်စိရှေ့တင် လူလားမြောက်လာတဲ့ ကလေးပါ။ ပြီးတော့ အမေ ဒီကလေးအပေါ် ဘယ်လောက် အသက်ပုံ ပြီးချစ်ထားလဲ။ အမေကိုယ်တိုင် အခြောက်မဖြစ်နေပေမယ့် ဘယ်ယောက်ျားကိုမှ မပတ်သက်ခဲ့ဘူး။ အမေ့သားကိုလည်း ဘယ်အခြောက်မနဲ့မှ သဘောမတူဘူး"

"ရှယ်လီလည်း ဘာပြောရမှန်းတောင် မသိတော့ဘူး အမေ ရယ်၊ အဲဒီ ဒေစီမဟာ တကယ်ဖွာတယ်တော့"

"ဒေစီရဲ့ ကာရိုက်တာကို အမေ မကြိုက်ဘူး ရှယ်လီ၊ အမေ သူ့ကို လက်မခံနိုင်တော့ဘူး"





"ဟုတ်တယ် အမေ၊ သူ ဒီလိုတော့ မလုပ်သင့်ပါဘူး"

"အမေမကြိုက်တာကို လုပ်တာဟာ အမေကို အာခံတာပဲ။ ရင်နာတယ် ... ရင်နာတယ်"

ဒေါ်လီချို မျက်နှာမကောင်းသဖြင့် တစ်ဆိုင်လုံး အမြီးကုပ်နေကြရသည်။

ညနေဘက်ကျတော့ ဒေစီက ကော့ကော့ကျော့ကျော့ လေး ပြန်လာသည်။ မုန့်လင်မယားတွေတောင် တစ်ထုပ်ကြီးဝယ် လာလိုက်သေးသည်။

"ဒီမှာ မုန့်ဝယ်လာတယ်ဟော့၊ လာစားကြ၊ ခတ်သင့်နာမ့် သင့်အောင် မုန့်လင်မယား ဝယ်လာတယ်နော်"

ဖလန်းဖလန်းထပြီး ဝင်လာသော သူမကို ရှယ်လီ က...

"ဒေစီ ... နင့်ကို အမေခေါ်နေတယ်"

"ယောက္ခမက ခေါ်နေတယ်ဆိုတော့ သွားရမှာပေါ့"

ဒေစီက ပြုံးပြုံးဖြူဖြူပဲ အမေ့အခန်းထဲ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

"ဟင် ... အမေ ဘာလုပ်တာလဲ"

ဒေါ်လီချို့ရဲ့ အားမာန်အပြည့်ပါသော လက်လွှဲချက်က ယောက်ျားတအားပါပဲ။

အငိုက်ဆိုတော့ ဒေစီ့မျက်လုံးထဲ မီးပွင့်ကာ ကြယ်တွေလတွေမြင်ပြီး ပုံလဲကျသွား၏။

"ဒေစီ ... ညည်း ခုချိန်ကစပြီး ငါ့ဆီလာစရာမလိုတော့ဘူး၊ ညည်းအထုပ် ညည်းဆွဲပြီး ထွက်သွားမလား။ ဆွဲထုတ်နိုင်းလိုက်ရမလား"

"သမီး ဘာလုပ်လို့လဲ အမေရဲ့"

"ဒီမှာ ဒေစီ၊ ငါက ညည်းထက်လည်လို့ ညည်းဆရာလုပ်နေတာ၊ ညည်းတို့ခြေလှမ်းကို အကုန်သိပြီးသား။ ဒီနေ့ ညည်းလုပ်ခဲ့တာလည်း ငါသိတယ်။ ညည်းအေ ... ညည်းမို့ လုပ်ရက်တယ်၊ ဒီမှာ ညည်းမှတ်သွားစမ်း၊ ငါ့သားကို ညည်းလို အခြောက်မ ဘယ်တော့မှကပ်ဖို့ မစဉ်းစားနဲ့"



BURMESE CLASSIC .com



"အဲလိုတော့ မပြောပါနဲ့ အမေရယ်၊ အမေလည်း အခြောက်ပါပဲ"

"ဟဲ့ ... ငါခြောက်တာက ငါ့ဟာငါ သန့်သန့်လေးခြောက်တာ။ ညည်းတို့လို တဏှာမရှူးဘူးဟဲ့၊ တဏှာရူးမရဲ့"

"စိတ်ချ ဒေစီ၊ အမေ့သားကို ရအောင်ယူပြမယ်"

"ညည်း ... ညည်း ပြောလေ ကဲလေပါပဲလား။ ကဲဟယ်"

"မလုပ်ပါနဲ့ အမေရဲ့၊ ဒေစီ ... ညည်း သွားတော့"

ရှယ်လီတို့တွေ လာဝိုင်းဆွဲကြပြီး ဒေစီ့ကို ဆွဲထုတ်လိုက်ရသည်။ အမေလည်း ဒေါသတွေကြီးပြီး မူးလဲသွားသဖြင့် အမေပြုနေကျ ဆရာဝန်ကို ပင့်ရသည်။

အမေ့မှာ သွေးတိုးရောဂါ ရှိတာမို့ သွေးတွေတက်ကာ အမေ လှုပ်တောင်မလှုပ်နိုင်တော့။

"အမေ ... ဟိုကောင်မလည်း ထွက်သွားပါပြီ အမေရယ်။ စိတ်လျှော့တော့နော် အမေ"

"သားချို ... သားကို ခေါ်ပေးစမ်း ရှယ်လီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အမေ၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဒေါ်လီချို့ ရင်ထဲမှာ မီးတောက်နေခဲ့သည်။ သား ဇောဆိုတာ တော်တော်ပူလောင်မှန်း သိခဲ့ရင်လေ။

✣ ✧ ✣





လသာတစ်ယောက် အာကာမလာသဖြင့် ယောင်လည်လည် ဖြစ်နေသည်။ မိုင်မိုင်ကလည်း ခေါင်းကိုက်သဖြင့် အတန်းထဲ ဝင်မထိုင်ဘဲ အပြင်မှာနေသဖြင့် လသာက မိုင်မိုင့်ကို အဖော်လုပ်ကာ သူပါ အတန်းမတက်ဖြစ်တော့။

ပြီးမှ လေပြေတို့ဆီက ပြန်ကူးရတော့မည်။

လေပြေကတော့ လသာနှင့် မိုင်မိုင် အပြင်မှာထိုင်နေတာကို မျက်နှာပျက်သည်။

ကြည်ငယ်ကလည်း သူငယ်ချင်းတွေရဲ့ လွဲနေသောကာရန်တွေကို မြင်နေရသဖြင့် စိတ်မကောင်း။

"မိုင်မိုင် ခေါင်းအရမ်းကိုက်နေလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ပါရာတစ်လုံးလောက် သောက်လိုက်ပါလား"

"အကိုက်အခဲပျောက်ဆေးက သောက်တိုင်းကောင်းတာ မဟုတ်တော့ မသောက်ချင်ဘူး"

"ရှူဆေး ရှူမလား"

"ရှူဆေးကလည်း ရှူပါများရင်ထိတယ်၊ မရှူရဲဘူး"

"အင်းလေ ... ဟုတ်ပါတယ်၊ ဒါဆို ငါကင်န်တီးမှာ သံပုရာသီး သွားရှာပေးမယ်၊ သံပရာသီး ရှူမလား"

"အင်း"

လသာက ကင်န်တီးမှာ သံပရာသီးသွားတောင်းလာပေးသည်။ သံပရာရည်လည်း ဝယ်လာ၏။

"နှိပ်ပေးရမလား ညီမလေး"

"ရတယ်၊ လသာ ကျေးဇူး"

"သံပရာရည်ချဉ်ချဉ်လေး ဖျော်လာတယ်၊ သောက်လိုက်"

"အင်း"

မိုင်မိုင်လည်း ဂရုစိုက်လွန်းသော လသာကြောင့် စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။



BURMESE CLASSIC .com



သူမသည်လည်း အာကာထက်စာရင် လသာကို ပိုခင်မိသလို လသာကလည်း တစ်မျိုးတော့ တစ်မျိုးပင်။ သူမကို ဆို လေပြေတို့ထက် ပိုနေသလိုပဲ။

"အာကာကြီးက လေပြေ့ကို အသေကြွေနေတာ၊ လေပြေ့ဘက်ကဘယ်လိုရှိလဲ၊ မိုင်မိုင်တို့ အချင်းချင်းတော့ သိမှာပေါ့"

"လေပြေက အာကာ့ကို လုံးဝမကြိုက်ဘူး"

"ဟုတ်လား။ ဒါဆို အာကာတော့ ဆွေးပြီပေါ့"

"အင်းပေါ့"

"အေးလေ ... ဘယ်တတ်နိုင်မလဲ၊ ရင်ဘတ်ချင်း ချိတ်ဆက်ဖို့က ရင်ခုန်သံချင်း ထပ်တူကျမှ ဖြစ်မှာပေါ့"

မိုင်မိုင်က သူ့စကားကို ဘာမှပြန်မထောက်။

"မိုင်မိုင်တို့ တစ်ဖွဲ့လုံးမှာ ရည်းစားမရှိသေးဘူးပေါ့"

"မရှိပါဘူး၊ ထားလည်း မထားရဲဘူး။ မိုင်တို့ မေမေတွေက စည်းကမ်းကြီးတယ်။ အထူးသဖြင့် ယောက်ျားလေးသူငယ်ချင်းထားတာတောင် မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ခုတောင် လသာတို့နဲ့တွဲလို့ အဆူခံရသေးတယ်"

"ဒီခေတ်ကြီးမှာ အဲလောက် လိုက်ကျပ်နေတာက တင်းကျပ်လွန်းရာ မကျဘူးလား"

"အမေတွေရဲ့ ရင်ထဲကို မမြင်နိုင်ဘူးလေ။ ကိုယ်က မိဘနေရာရဲ့ခံစားချက်ကိုမှ မသိတာ၊ မိုင်က နားလည်ပါတယ်၊ ဒါက မေမေ မိုင့်ကို ချစ်လွန်းလို့ ဖြစ်တာလေ"

"အင်းနော် ... ဘာ့ပဲဖြစ်ဖြစ် မိုင်မိုင် ကံကောင်းပါတယ်။ မိခင်တစ်ယောက်ရဲ့ နွေးထွေးမှုဆိုတာ သားသမီးတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အရာပဲလေ"

ဒေါ်လီချိုရဲ့သားဟု ဆိုသော လသာကို ကြည့်ကာ မိုင်မိုင့်ရင်ထဲမှာ အတွေးတွေ ပွားနေမိသည်။ တကယ်တမ်းကျတော့ လသာဘဝက သူများတွေလို သာမန်ပုံမှန်ကြီးပြင်းလာရတာ မဟုတ်ဘူးလေ။

အခြောက်တစ်ယောက်ကို မေမေခေါ်ပြီး ရှင်သန်လာရတာ။





အခြောက်ဆိုတာက မိခင်မိန်းမသား အစစ်တွေလောက် ထွေးပွေ့တတ်ပါ့မလား ဆိုတာ မသေချာဘူးလေ။

သေချာတာက ထမင်းဟင်းတောင် မချက်တတ်တဲ့ ဒေါ်လီချို့ ရင်ခွင်မှာ လသာဟာ အိမ်ထမင်းဟင်းရဲ့ အရသာကိုတောင် ခံစားဖူးခဲ့တာ မဟုတ်ဘူး။

ထို့ကြောင့်လည်း မိုင်မိုင်က လသာအတွက် ဟင်းတွေ ပို့ထည့်လာဖြစ်တာပေါ့။

အဲလိုဂရုစိုက်မိလို့လည်း လသာက မိုင်မိုင့်ကို လေပြေထိုးထက် ပိုပြီးသံယောဇဉ်ရှိတာနေမှာ။

မိုင်မိုင်က သက်ပြင်းမသိမသာချရင်း ...

"ဒီတစ်ချိန်ပြီးရင်တော့ အတန်းထဲဝင်ရအောင် လသာ၊ အာကာ မလာလည်း မိုင်တို့နဲ့ပဲ လာထိုင်လေ"

"အင်းပါ ... ရပါတယ်"

သံယောဇဉ်ဆိုတာ ကြိုးတစ်ချောင်းတဲ့။ အဲဒီကြိုးကို ဘယ်သူကျစ်ခဲ့သလဲ ဆိုတာတော့ ...။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



လသာနဲ့ မိုင်မိုင် စာသင်ခန်းထဲ တွဲဝင်လာတာကို အတန်းသားအားလုံးလိုလိုက မသိမသာ အကဲခတ်နေကြသည်။

လေပြေကတော့ ကြေကွဲနေသည်။

လေပြေသည် လသာဆိုသော ကောင်ကလေးကို ဘယ်လိုချစ်မိမှန်း မသိပေ။ သို့သော် လသာကတော့ သူမကို သာမန်ပဲ ခင်သည်။

ထို့ထက်ပိုဆိုးတာက လသာ့သူငယ်ချင်း အာကာက လေပြေ့ကို ချစ်ရေးဆိုထားသည်လေ။

လေပြေတို့ အရွယ်ဟာ သစ်ရွက်လှုပ်တိုင်း ရယ်တတ်တဲ့ အပျိုပေါက်ဝင်စ မဟုတ်ပေမယ့် ဘဝဆိုတာကို လေးနက်စွာ မတွေးတတ်သေးဘဲ အချစ်ကို ကိုးကွယ်ချင်သော ပထမနှစ်ကျောင်းသူလေးတွေလေ။





လသာအပေါ် တိတ်တခိုး ချစ်မိုးဆွေနေမိတဲ့ လေပြေဟာ အာကာ့ကို ဘယ်လိုမှ စာရင်းထဲထည့်လို့ မရခဲ့။

ထို့အတူ လသာနှင့် မိုင်မိုင်တို့ ဆက်ဆံရေးကြောင့်လည်း တိတ်တဆိတ် ကြေကွဲနေရသူပါ။

ခုလည်း လသာနဲ့ မိုင်မိုင် ဘယ်ကပြန်လာသည် မသိ။

မိုင်မိုင်က ခေါင်းကိုက်တယ်ဟု အကြောင်းပြကာ ထွက်သွားတော့မှ အတန်းထဲမှာ လသာမရှိတာ သိတာ။

အာကာကတော့ ဒီမနက် အတန်းချိန်တွေမလာဟု သူမကို ဖုန်းဆက်သည်လေ။

လသာနှင့် မိုင်မိုင်တို့ ဘာသွားပြောကြတာလဲ သူမ သိချင်လိုက်တာ။

လေပြေ စာထဲကိုစိတ်မဝင်စားတော့။ ပြီးမှ ကြည်ငယ့်ကို ပြန်မေးရမည်။

ဖြောင့်စင်းနေတဲ့ ဆံပင်တွေထဲ ဖော့ဖယောင်းလိုလက်အိအိလေးထိုးဖွကာ စာထဲစိတ်မဝင်စားနိုင်တဲ့ သူမအဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးက မိုင်မိုင့်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ မိုင်မိုင်က တစ်မျိုးလေး ချစ်စရာကောင်းပါသည်။ သို့သော် လေပြေ့ အလှကိုတော့ မမီပါ။ လေပြေနဲ့က ဆေးကျောင်းမှာ ကွင်းအဖြစ် ထင်ရှားသူ။

အာကာနဲ့ လသာ နှစ်ယောက်မှာ လသာကိုမှရွေး ချစ်မိတဲ့ သူမအဖြစ်က တော်တော်ဆိုးနေပြီ။

ကမ္ဘာ့အဆက်ဆက်က တစ်ဖက်သတ်အချစ်ဆိုတာ ကောင်းခဲ့တာမှ မဟုတ်တာလေ။

✣ ✧ ✣





မိုင်မိုင် မသိအောင် ကြည့်ငယ့်ဆီက စာအုပ်တွေ ငှားခဲ့ရသည်။

အိမ်ရောက်မှ စာတွေပြန်ကူးရင်း ရင်ခုန်တတ်စ အရွယ်တွေရဲ့ ရူးသွပ်မှုအတိုင်း ပက်ပက်စက်စက် ကြေကွဲနေသည်။

မြင်ယောင်ရာတိုင်းဟာ လသာ အပြုံးတွေပဲ ဖြစ်နေ တာကို ဘယ်လိုလုပ်ရမလဲ။ ဖျောက်ဖျက်လို့ မရဘူးလေ။

လေပြေ စိတ်ညစ်နေသည်။ ဒီပုံအတိုင်းဆို လေပြေ စာမေးပွဲတောင် ကျသွားနိုင်သည်လေ။

ညစ်ပါဘိကွယ်။

ဆေးကျောင်းဆိုတာမျိုးက အချစ်နာကျခွင့် မရှိဘူး လေ။ အချစ်နာကျတာနဲ့ ဒုက္ခရောက်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲက အတွေးတွေကို မောင်းထုတ်ပြီး စိတ်ထဲ စိတ်နှစ်ဖို့ ကြိုးစားနေတုန်း ဖုန်းမြည်လာ၏။

"ဟဲလို"

ဘုရားရေ ...။

သူ့ဆီကဖုန်း။

ရင်ခုန်သံတွေတောင် ပေါက်ထွက်သွားမလားအောက် မေ့ရတယ်။

"ဟဲလို"

"လေပြေ ... ဘာတွေလုပ်နေလဲ"

"စာကြည့်နေတာပါ လသာ"

"သြော် ... ဘာရယ်မဟုတ်ပါဘူး။ ဒီနေ့ လေပြေ မျက်နှာ မကောင်းလို့ နေများမကောင်းဘူးလားလို့ လှမ်းဆက်ကြည့်တာ"

"ကောင်းပါတယ်"

"အင်း"





"ဒါနဲ့ လသာနဲ့ မိုင်မိုင် ဘယ်သွားကြတာလဲ။ မနက်က တစ်ချိန်လုံး ပျောက်သွားလို့"

"မသွားပါဘူး ကော်ရစ်ဒါမှာ ထိုင်နေတာ၊ ငါက အာကာ မလာလို့ပျင်းပြီး မတက်တာ။ မိုင်က ခေါင်းကိုက်လို့ မတက်တာတဲ့"

"သြော်"

"မနက်ဖြန် စာမေးပွဲတစ်ခု ဖြေစရာရှိတယ်နော် လေပြေ။ နင် ရရဲ့လား"

"ရတယ်ထင်တာပဲ။ စာတွေလည်း ကျက်လို့မရပါဘူး"

"ဘာလဲ ... အာကာ့အကြောင်း စဉ်းစားနေလို့လား"

"နားစမ်းပါဟာ၊ ငါ သူ့ကို လုံးဝစိတ်မဝင်စားဘူး။ လသာ ... နင် အာကာ့ကို ပြောပေးစမ်းပါဟာ၊ ငါ သူ့ကို လုံးဝမချစ်ဘူး။ ဒီတစ်သက် ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူးလို့"

"အခုမချစ်တာကိုတော့ လက်ခံထားလို့ ရတယ်လေ၊ နောက်ဆိုရင်တော့ ပြောလို့မရဘူးမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဟင့်အင်း ... ငါ ဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူး"

"ဘာလို့ အရမ်းသေချာနေတာလဲ"

"အဲဒါကိုတော့ လသာကို ပြောပြစရာ မလိုဘူးထင်တယ်၊ ငါကိုယ်တိုင် ပြောနေတာ မလုံလောက်သေးဘူးလား လသာ"

"အေးလေ ... ငါ အာကာကို နင်ပြောတဲ့အတိုင်း ပြန်ပြောကြည့်လိုက်ပါ့မယ်"

လေပြေက သက်ပြင်းခပ်တိုးတိုးချကာ ...

"ကျေးဇူးပဲ လသာ၊ မချစ်မနှစ်သက်တဲ့သူရဲ့ တကျီကျီ အပြေတောင်းခြင်းခံရတာဟာ တော်တော်စိတ်ပျက်စရာကောင်းတယ်၊ ဒါပဲဟာ၊ ငါ စာဆက်ကျက်လိုက်ဦးမယ်"

လသာနဲ့ ဖုန်းပြောလိုက်ရသဖြင့် အာရုံတွေက လန်းဆန်းလာသည်။ မနက်ဖြန် ဖြေရမယ့်စာမေးပွဲအတွက် စာအုပ်တွေကို ကြည့်လိုရသွားပြီ။





တစ်ညတစ်ခါ ဖုန်းဆက်ပေးရင် သိပ်ကောင်းမှာပဲ လသာရယ်။

အဲဒါမှ ငါ စာကျက်လို့ရမယ် ထင်တယ်၊ ဆေးကျောင်းက အလှဘုရင်မလေး အသည်းကွဲနေတယ်ဆိုရင် ရယ်ကြမလားကွယ့်။

✣ ◇ ✣



www.burmeseclassic.com

www.burmeseclassic.com



“ဟိုင်း”

လသာက ကိုယ့်ရှေ့လာရပ်ကာ လှလှပပကလေး ပြုံးပြနေသော အလှပဂေးလေးကို ရင်းနှီးနေသော်လည်း သေချာ မမှတ်မိဖြစ်နေ၏။

သူ မမှတ်မိမှန်းသိသဖြင့် အလှကလေးက နွဲ့နွဲ့က လေး ပြုံးပြကာ ...

“တို့နာမည် အကြင်နာပါ”

“ဟာ ... ဆောရီး၊ ရုပ်ပါမော်ဒယ်လ်ကို ရုတ်တရက် မမှတ်မိဖြစ်သွားတယ်ဗျာ”

“ရပါတယ် ရှိုရဲ့”

“ရှိုး”





“အင်းလေ ... အဖျားဆွတ်ခေါ်တာ မရဘူးလား”

“ဆရာမကြီးက ပြုစားနေပြီထင်တယ်”

“ယူကာငြိမှ တို့က ပြုစားနိုင်မှာပါ”

“မနိုင်ဘူးဗျာ တကယ်ပဲ၊ ကျောင်းထဲဘာလာလုပ်တာလဲ”

“ကြော်ငြာလာရိုက်တာ”

“ဪ”

“ရှို ဒီညနေ တို့အားတယ်၊ ကော်ဖီတိုက်ချင်ရင် တိုက်လို့ ရတယ်နော်”

“ဟား ဟား ... ဆောရီးဗျာ၊ ကျွန်တော် မနက်ဖြန်စာမေးပွဲ ရှိလို့ ကျူရှင်ပြေးရမှာဗျ”

“ဂလိုလား၊ ရပါတယ်၊ ဒီညနေ မသောက်ချင်ပေမယ့် တစ်နေ့နေ့ သောက်ချင်လာရင်တော့ စဉ်းစားပေးမယ်လေ”

“ကျေးဇူးအနန္တပါဗျာ”

“ကဲ ... တို့ ရှူတင်ရှိသေးလို့ သွားလိုက်ဦးမယ်”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



"စကားမစပ် ချိုက အရမ်းချစ်ဖို့ကောင်းတယ်ကွာ"

ပြောပြီးတာနဲ့ အကြင်နာက လှည့်ထွက်သွား၏။ လသာကလည်း ပခုံးတစ်ချက်တွန့်ကာ စာသင်ခန်းဘက် ခြေဦး လှည့်လိုက်သည်။

စာသင်ခန်းဝကနေ ရပ်ကြည့်နေသော လေပြေက ...

"အဲဒါ မော်ဒယ်လ် အကြင်နာမို့လား"

"ဟုတ်တယ်လေ"

"ဟယ် ... လသာနဲ့ ဘယ်လိုသိတာလဲ"

"သူက မေမေ့ဆီမှာ ပြင်နေကြလေ"

"ဒါဆို လသာနဲ့ တော်တော်ခင်တယ်ပေါ့"

"မျက်မှန်းတန်းမိရုံပါ။ သူက လာနှုတ်ဆက်လို့ စကားပြန် ပြောနေတာ"

"သြော် ... ရုပါမိုဒယ်လ်ဆိုတော့ ဆရာမကြီးပဲ နေမှာပေါ့ ဟင်း ဟင်း"

"မသိပါဘူး၊ ကဲ .. လာလေ အတန်းမတက်ဘူးလား"





လေပြေက လသာကို အကဲတခတ်ခတ်နဲ့။

လသာက အာကာ့ဘေး သွားဝင်ထိုင်တော့ ...

"လသာ ခုန အကြင်နာမို့လား၊ မင်းက ရေလည်စွံတယ် ကွာ"

"မေမေ့ဆိုင်မှာပြင်လို့ မျက်မှန်းတန်းမိရုံပါကွာ"

"အေး ... မင်းကတော့ အခြောက်မနဲ့ နာမည်ထွက်လိုက်၊ ရုပါမော်ဒယ်လ်နဲ့ နာမည်ထွက်လိုက်နဲ့ စတားဖြစ်နေပြီ"

"မေမေ့အလုပ်ကလူတွေ လာရှုပ်နေတာကွ။ ဒါတောင် ငါ ဘာမှလိုင်းမပူးဘူး။ အသန့်ပဲနေတာ"

"မင်းလိုင်းကို ငါသိပါတယ်၊ ညီမလေး ... ညီမလေးနဲ့ မိုင်မိုင်ကို မင်း စိတ်ဝင်စားနေတာမို့လား"

"မဟုတ်ပါဘူးကွာ၊ ငါ တကယ်ခင်ရုံသက်သက်"

"ဟိုထော…နှစ်ကောင် စကားပြောချင် အပြင်ထွက်"

ဆရာ့အသံကြားတော့ ဇက်ပုကာ ...။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



လေပြေက မိုင်မိုင်နဲ့ လသာအခြေအနေကို သိချင်နေသည်။ သို့သော် ဘယ်လိုမေးရမှန်းမသိ။

မိုင်မိုင့်ကို ပေါ်တင်မေးကြည့်ဖို့ ဆုံးဖြတ်ထားသော်လည်း တော်တော်နှင့် မမေးဖြစ်။

လသာနားကို ဒီနေ့ စူပါမော်ဒယ်လ်တစ်ယောက်ပါ ထပ်ရောက်လာပြန်သည်။

လေပြေသည် ကိုယ်လှတာ သိသော်လည်း ထိုအလှက လသာကိုတော့ မဖမ်းစားနိုင်မှန်းသိကာ ...

လေပြေ စာမေးပွဲတွေလည်း မဖြေနိုင်။ စာတွေလည်း မလိုက်နိုင် ဖြစ်နေသည်။

ဖုန်းမြည်လာသည်။ ရင်ခုန်သွားသော်လည်း မျှော်လင့်ထားသူကိုတော့ မဟုတ်။





သို့သော် မမျှော်လင့်ထားပေမယ့် ဒီဖုန်းကို သူမ ပြောချင်ပါသည်။

"မိုင်မိုင် ... ပြော"

"လေပြေ ... နင် ဒီနေ့ စာမေးပွဲကျတယ်၊ ဘယ်လိုဖြစ်တာလဲဟာ၊ နင် စာမကျက်ဘူးလား၊ ဒါမှမဟုတ် နင် အာကာ့အကြောင်း စဉ်းစားနေသလား"

"နင် ဘယ်လိုထင်လဲ"

"နင် စိတ်နဲ့ကိုယ် မကပ်တာတော့ သေချာတယ်"

"အေး ... ဟုတ်တယ်၊ ငါ စိတ်နည်းနည်းလေနေတယ်"

"ဘာဖြစ်လို့လဲ။ ဘာညစ်စရာ ရှိလို့လဲ"

"ဒီလိုပါပဲဟာ"

"နင်မပြောချင်လည်းနေပါ။ ဒါပေမဲ့ နင် ကျောင်းစာတွေ မလိုက်နိုင်တော့များရင် ခက်မယ် သူငယ်ချင်း"

"မိုင်မိုင် ... နင်နဲ့လသာရော အခြေအနေတိုးတက်ပြီလား"

"ဘာကိုတိုးတက်ရမှာလဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"လသာကြည့်ရတာ နင့်ကို စိတ်ဝင်စားနေသလိုပဲ"

"တစ်ခါတလေကျရင်လည်း သာမန်ထက်ပိုသလိုလိုတော့ ခံစားမိတယ်ဟ။ ဒါပေမဲ့ ငါ့ဘက်ကတော့ ရိုးသားပါတယ်။ ငါ ဘာမှမခံစားရဘူး"

"သူ နင့်ကို Propose မလုပ်ဘူးလား"

"လုပ်ရင် နင်တို့ကို ငါပြောမှာပေါ့ဟဲ့၊ သူက နားလည်ရခက်တယ်၊ တစ်ခါတလေလည်း ငြိနေသလိုလိုနဲ့ တစ်ခါတလေကျရင်လည်း ရိုးရိုးသားသားပုံပဲဟဲ့။ သူ့ကိုနားလည်ဖို့ မကြိုးစားပါဘူး။ ငါမှ စိတ်မဝင်စားတာ ဟာတ်မထိတော့စာထဲပဲ စိတ်နှစ်ထားလိုက်တယ်"

"အင်း"

"နင်လည်း စာလုပ်ဦး။ ဒီ Weekend ကို ငါတို့အိမ်မှာ စာစုကျက်မလား။ ငါ ကြည်ငယ်ကိုပါ လှမ်းခေါ်လိုက်မယ်"

"အေး ... ကောင်းသားပဲ"





မိုင်မိုင်နဲ့ ဖုန်းပြောပြီးတော့ စိတ်ပေါ့သွားသည်။

မိုင်မိုင့်ဘက်က လသာကို စိတ်မဝင်စားတာဟာ ူမအတွက်တော့ မဟာသတင်းကောင်းပါပဲ။ မိုင်မိုင့်ဘက်မှာ Minus ပြနေရင် လသာ ဘယ်လိုကြိုးစားကြိုးစား ရမှာမဟုတ်ူးလေ။

သူမကသာ လသာကို နှစ်သိမ့်ပေးနိုင်မယ်ဆိုရင် ာသာ သူမဆီ စိတ်ညွတ်လာနိုင်တာပဲ မဟုတ်လား ? ။

မျှော်လင့်ခြင်းဆိုတဲ့ နှင်းစက်ကလေးတွေနောက်မှာ ိတိမ်မိုးရေစက်တွေ လိုက်ပါလာခဲ့ရင် ဘယ်လောက်ကောင်းမလဲ?။

လသာကို ဘယ်လိုချစ်မိမှန်း မသိဘူး။ ဒါပေမဲ့ ြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ ယောက်ျားတစ်ယောက်ကို ိတ်တခိုးချစ်မိတာကိုတောင် အပြစ်ရှိတယ်လို့ ခံစားမိတယ်။

ဘယ်လိုလုပ်ရမလဲ ? ။

✧



www.burmeseclassic.com

www.burmeseclassic.com



လသာသည် လေပြေ စာမေးပွဲကျသဖြင့် စိတ်မကောင်း။ သူတို့အားလုံး ဆောင်သည့်လေ။

ပြီးတော့ ဒီစာမေးပွဲ အမှတ်တွေကို record လုပ်ရမှာလေ။

လေပြေ တစ်ယောက် အာကာကြောင့် စိတ်အနှောင့်အယှက်တွေ ဖြစ်နေပြီထင်သည်။

သူ စိုးရိမ်စိတ်တွေနဲ့ လေပြေ့ဆီ ဖုန်းဆက်သော်လည်း တော်တော်နဲ့ မဆက်မရ။ ဖုန်းမအားပါ။ လေပြေ ဘယ်သူနဲ့ပြောနေပါလိမ့်။

အာကာကို ခါးသီးနေသော လေပြေမှာ ချစ်သူရှိပြီးသားများလား။





သို့သော် သူနဲ့ အာကာကလွဲရင် လေပြေတို့မှာ ယောကျာ်းလေးသူငယ်ချင်းတောင် ရှိပုံမရ။ သူမတို့အိမ်တွေကလည်း ယောကျာ်းလေးကိစ္စနဲ့ ပတ်သက်ရင် စည်းကမ်းတင်းကျပ်သတဲ့။

ဒါပေမဲ့ ...

ပြောလို့ရတာမဟုတ်။

မိန်းကလေးတွေ ရည်းစားထားတာ လူသိခံကြတဲ့ကိစ္စမှ မဟုတ်တာ။

ထိုညက လသာသည်လည်း လေပြေအကြောင်း တွေးစားရင်း စာမကျက်ဖြစ်ပါ။

တကယ်ဆိုရင် တက္ကသိုလ်ကျောင်းသားဆိုတဲ့အရွယ်တွေဟာ စပ်ကူးမတ်ကူး စကောစက အရွယ်တွေပါ။

ကလေးလည်းမက လူကြီးလည်းမကျ။ ဘာတစ်ခုကိုမှ မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်း မရှိသေး။ အတွေ့အကြုံကဗလာ။ ရင်ကျက်မှုက နုတ္ထိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေမှာ အချစ်ဆိုတဲ့ ဘာမှန်းမသိတဲ့ အရ
ကြီးအတွက်လည်း အရှုံးအမူး တစ်ယူသန်စွာ ခံစားတတ်ကြသေ
တယ်လေ။

တကယ်တော့ ပညာသင်နေတဲ့ အရွယ်တော်တော်
များများဟာ အချစ်ရဲ့ပြစားခြင်းကို ခံကြရပြီး ပညာတစ်ဝက်တစ်
ပျက် ဖြစ်သွားကြသူတွေလည်း မနည်းပါ။

အချစ်ကြောင့် အချစ်ကို ရှုးသွပ်စွာ ခံစားမှုကြော
ပညာရေးဘက်မှာ စိတ်မဝင်စားတော့ဘဲ လေလွင့်ကြသူတွေလည်
မနည်း။

ထို့ကြောင့် ပညာရှာရမယ့်အရွယ်မှာ အချစ်ကိုလုံး
ခေါင်းထဲက ထုတ်ထားသင့်သည်။

မလွဲသာလို့ အချစ်ကို ခလုတ်တိုက်မိခဲ့ရင်တော
ပညာရေး ဆုံးခန်းမတိုင်သရွေ့ အချစ်ကို ဦးစားမပေးသင့်ပါ။

✣ ✧ ✣





"လေပြေ ... ငါ ညက နင့်ဆီဖုန်းခေါ်သေးတယ်၊ ဖုန်းလိုင်းမအားဘူး"

အာကာက ပြောလိုက်သဖြင့် လသာ မေးမည့်စကားကို မမေးဖြစ်တော့။ ဒါဆို ညက အာကာနဲ့ပြောနေတာ မဟုတ်ဘူးပေါ့။

"ဟုတ်တယ် ... ငါ မိုင်မိုင်နဲ့ ပြောနေလို့"

"ဪ"

"အာကာ ... နင့်ကြောင့် ငါစာမေးပွဲကျတာ သိလား၊ နင် ငါ့ကို မနှောင့်ယှက်စမ်းပါနဲ့ဟာ။ နင့်အချစ်ခံရတာကို ငါ စိတ်ညစ်တယ်။ ငါတို့ ရိုးရိုးသားသား ခင်ကြရအောင် အာကာ"



www.burmeseclassic.com

www.burmeseclassic.com



အာကာက မျက်နှာပျက်ကာ ...

"ငါက နင့်ကို တကယ်ချစ်တာပါ လေပြေ၊ အေးလေ ... နင်က ငါ့ကြောင့် စိတ်ညစ်ရတယ်ဆိုရင် ငါ့အချစ်တွေကို မျိုသိပ်ထားပေးပါ့မယ်၊ နင် စာတွေတော့ ပုံမှန်ကျက်ပါဟာ"

"ကျေးဇူးပဲ သူငယ်ချင်း၊ ငါ နင့်ကို သူငယ်ချင်းအရင်း တစ်ယောက်လို ခင်ပါတယ် အာကာရယ်"

"တစ်နေ့နေ့ နင် ငါ့ကို ချစ်မလာနိုင်ဘူးလား"

"ဟင့်အင်း ... ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး"

"သေချာလို့လား"

"သေချာတယ်၊ အဲဒီသေချာမှုရဲ့နောက်ကွယ်မှာ နိုင်လုံတဲ့ အကြောင်းရှိလို့ပဲ"

"အေးလေ ... ဒါဆိုလည်း ငါ အဝေးက ငေးရမှာပေါ့"

လသာနှင့် မိုင်မိုင်၊ ကြည်ငယ်တို့က သူတို့ပြောတာတွေကို နားထောင်ရင်း သေချာမှုရဲ့နောက်ကွယ်က အကြောင်းကို သိချင်နေကြသည်။





ကြည်ငယ်က ရိပ်မိပါသည်။ သူငယ်ချင်းရဲ့လွဲနေသော နှလုံးသားသံစဉ်အတွက်လည်း စိတ်မကောင်း။

မိုင်မိုင်ကတော့ ဘာမှမရိပ်မိ။ အာကာနဲ့ လသာဆို ပိုဆိုးတာပေါ့။

လေပြေကလည်း လသာကို တိတ်တခိုး အကဲခတ်ကာ သက်ပြင်းချမိသည်။

သက်ပြင်းတစ်ခါချတိုင်းသာ တစ်မိနစ်အသက်တိုတယ်ဆိုရင်လေ ငါ နင့်ကြောင့် သက်ပြင်းချရတာများပြီ လသာ။

ရင်ထဲကအချစ်က ရင်ထဲမှာမနေဘဲ အတွေးထဲ ရောက်ရောက်လာလို့ စာကျက်ပျက်ရတာလည်းများပြီ။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



"သားချို ... ဒီမှာ မေမေ့ညှေ့သည့်ရောက်နေလို့ လာပါဦး"

သူ စာကျက်နေတုန်း မေမေ လာခေါ်သဖြင့် ဧည့်ခန်းကို ထွက်ခဲ့ရသည်။

တကယ့်ကို ခေတ်မီပြီး ပညာတတ်ရုပ်ပေါက်ကာ ကျက်သရေရှိသော အမျိုးသမီးကြီးတစ်ဦးကို တွေ့ရသည်။ ထို အမျိုးသမီးကြီးဟာ မေမေ့ထက်တော့ အသက်ကြီးပုံရ၏။

ရင်းနှီးနွေးထွေးသော အပြုံးတွေနှင့် သူ့ကိုကြည့်နေပုံမှာ ချစ်ခင်မှုတွေအပြည့်။

သူ့မိခင်ရင်းများလားဟုတောင် တွေးလိုက်မိသည်။





"သားတောင် ဒီအရွယ်ရောက်လာပြီပဲ"

"ဟုတ်တယ် မမရေ၊ ဆေးကျောင်းတက်နေပြီလေ"

"ဒေါ်လီ တော်တယ်၊ ကလေးကို ပညာတတ် အလိမ္မာ ကလေးဖြစ်အောင် ပြုစုနိုင်တယ်"

"မေတ္တာစေတနာ အရင်းခံရင် ဘာမဆို ဖြစ်ပါတယ် မမရယ်"

ထိုအန်တီကြီးက ပြုံးနေသည်။ ဘာလို့မှန်းမသိ။ လသာ ရင်ထဲမှာ အန်တီကြီးအပေါ် ရင်းနှီးနွေးထွေးနေသည်။

"မေမေ ... ဒီအန်တီကြီးက ..."

"ဒါ မေမေ့မိတ်ဆွေဟောင်းတွေလေ သားရဲ့။ ဒီအန်တီကြီးက မေမေ သားကိုမွေးထားတာသိလို့ ခုလိုလာတွေ့တာ"

"ဪ ...

"ဟုတ်တယ် သားရဲ့၊ သားကို ဒေါ်လီခေါ်ပြီး မွေးစားမယ် ဆိုတုန်းက ဖြစ်ပါ့မလားလို့ အန်တီက ပူနေခဲ့တာ၊ ခုလို ဒေါ်လီနဲ့ သားလေး အဆင်ပြေ ပျော်ရွှင်နေတာ မြင်ရတော့ စိတ်ကိုချမ်းသာသွားတာပဲ"



www.burmeseclassic.com

"ဘာလဲဟ၊ ငါက ညီမလေးတစ်ယောက်လို ချစ်တာပါ"

"ဟွန်း"

"အမယ်လေးဗျာ၊ သူ့ဆံပင်လေး ဖွမိပါတယ်၊ အဖြစ်သည်း နေလိုက်တာ"

မိုင်မိုင်က ဘာပြန်ပြောရမှန်းမသိ၊ လသာရဲ့လုပ်ရပ်က ပိုင်စိုးပိုင်နင်း ဆန်နေသည်လေ။ ခက်ချေပြီ။ နားလည်ရတော့ တော်ခက်ပါ၏။ လသာကတော့ ပေါ့ပေါ့ပါးပါးပင်။

✣ ✧ ✣

ပေဖူးလွှာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





ဒေါ်ခက်နဲ့သာသည် မြင်ကွင်းကို ရင်ဘတ်ဖိကာ အသားတွေတောင် တုန်လာသည်။

လွန်ခဲ့သော အတိတ်တစ်ခုက ကိုလွှမ်းနဲ့ ခက်နဲ့သာကို မြင်ယောင်လာသည်။

သမီးလေး ...

ခက် ဒီသမီးလေး မွေးလာကတည်းက ဒီနေ့အထိ ရင်ထဲမှာ ပူပန်မှုတွေ ကြီးစိုးနေခဲ့တာလေ။

ခက် ဘယ်လိုမှ စိတ်မအေးနိုင်ခဲ့။ မိုင်မိုင်နိုင်ကို ဒုတိယခက်နဲ့သာဖြစ်မှာ ခက် အရမ်းကြောက်သည်။

ခက်ရဲ့သမီးလေးကို ခက်လို ရေလိုက်မလွဲစေချင်။ အချစ်ကို မျက်စိစုံမှိတ် ယုံကြည်မိလို့ ရေတိမ်နစ်ရတာမျိုး မဖြစ်စေချင်။

www.burmeseclassic.com



ခက်သမီး ဆရာဝန်မဖြစ်ရင် နေပါစေ။ ခက်သမီးကို ကျောင်းထုတ်ပစ်လိုက်ဖို့ ဝန်မလေး။

ဒီကောင်လေးနဲ့ သမီးကို ခက် လိုက်ကြည့်နေတာကြာပြီ။ တစ်ဆိတ် ရင်းနှီးလွန်းသည်။

သူတို့ပုံစံကို ကြည့်ရတာ ချစ်သူတွေတော့ ဖြစ်ပုံမရသေး။ သို့သော် ဖြစ်လာနိုင်ချေရှိသည်။ သမီးက ဒီကောင်လေးအတွက် တစ်နေ့ တစ်နေ့ ဟင်းတွေပိုထည့်ရတာအမော။ စေတနာလွန်တော့ သဒ္ဒါကျူးတတ်သည်။

ကောင်လေးပုံစံကလည်း သမီးအပေါ် ငြိတွယ်နေသလိုလို။ ဆေးကျောင်းသား လူရည်မွန်ပုံစံကလေးဆိုပေမယ့် ကိုလွမ်းတုန်းကလည်း ရည်မွန်ရိုးသားခဲ့တာပဲလေ။ ကံကြမ္မာက ရက်စက်တော့ ဘာမှကို မတတ်နိုင်ခဲ့။

ကောင်လေးကို ဘယ်လောက်ပဲ ယုံကြည်ရပါစေ။ ကံကြမ္မာဆိုတာက ရှိသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲချစ်ချစ် လက်မထပ်ခင် အောင့်ထိန်းကြတာ အကောင်းဆုံး မဟုတ်ပါလား။





သို့သော် ပိုးဖလံမျိုးဆိုတာက မီးကိုမှတိုးချင်သည့်အမျိုး။ ကျောက်တိုင်ကျောက်သားတောင် နှံ့ပါများရင် နံ့တတ်သည်။

ထို့ကြောင့် သမီးလေးကို ရည်းစားကိုမထားစေချင်ပါ။ သမီးက မြင်မည်။ မေမေ့တုန်းက ထားခဲ့တာပဲဟု။ ဟုတ်တယ် မေမေ့တုန်းက ထားခဲ့မိလို့ မေမေ့လို ဒုက္ခရောက်မှာစိုးလို့ သမီးကို တားနေတာပါ။

ခက်ရင်တွေ ပူပြီးရင်းပူကာ ဘယ်လိုလုပ်ရမှန်းမသိ။

ခက်အပူတွေကို ဘယ်သူ့ကို ရင်ဖွင့်ရမလဲကွယ်။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



ခက်သည် သမီးကို ဘာမှမပြောသေးဘဲ ကောင်လေး အကြောင်းကို အရင်စုံစမ်းကြည့်လိုက်သည်။

ဘုရား ... ရင်ဘတ်ဖိရသည်။

စိတ်တိုင်းကျစရာ မရှိပါလား။

ကောင်လေးက ဒေါ်လီချို့ရဲ့သားတဲ့။ မွေးစားသား လိုလို၊ သားအရင်းလိုလို။

ပြီးတော့ အခြောက်ကြီးကို မေမေချင်းထပ်အောင် ခေါ်တဲ့ ကောင်လေးစိတ်ကိုလည်း ခန့်မှန်းရခက်ပါသည်။

ဒေါ်လီချို့လို အခြောက်တစ်ယောက်ရဲ့အုပ်ထိန်းမှု အောက်က သားမျိုးနှင့် သမီးကို ဘယ်လိုသဘောတူရမှာလဲ။





ပြီးတော့ အခြောက်တွေဆိုရင် ခက်က အင်မတန် အထင်သေးသည်။ ယောကျ်ားတန်မဲ့ နွဲ့လျနေတတ်တဲ့ လူတန်းစားမျိုးကို ဘာမှအထင်ကြီးစရာမရှိ။

ကောင်လေးက ဒေါ်လီချို့သား ဟုတ်ခဲ့ရင်တောင် အခြောက်တစ်ယောက်နဲ့ ခမည်းခမက် မတော်ချင်သော ခက်ဟာ ကောင်လေးသာ ဒေါ်လီချိုသား မဟုတ်ရင် ဘယ်လိုဇာစ်မြစ်မျိုး ရိုး ရှိမလဲဆိုတာ ရင်ဘတ်ဖိရမယ့်အဖြစ် မဖြစ်ပါ။ ဘယ်လိုမှ မဖြစ်။

ကောင်လေးက ဆေးကျောင်းသားမကလို့ ဘတ် လောက်ပဲ ရိုးသားပါစေ ကောင်လေးရဲ့မျိုးရိုးကို ခက် ဘယ်လိုမှ လက်မခံနိုင်။

သမီးကို ဒီကောင်လေးနဲ့ အဆက်အသွယ်မလုပ်ဖို့ ခက်ပြောရမည်။ ပြော၍ မရရင် သမီးကို ကျောင်းထုတ်ပစ်ဖို့ ဝန် မလေး။

ခက်သမီး ဆရာဝန်မဖြစ်ရင် နေပါစေ။ ဘဝတော့ အပျက်မခံနိုင်။ ဆရာဝန်မဖြစ်ရလို့ သမီးဘဝပျက်မသွားနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ခက်သည် သူမဘဝရဲ့အတိတ်ကြောင့် သမီးအပေါ် ထားခဲ့ သဘောထားတွေ တစ်ဖက်စွန်း ရောက်လွန်းအားကြီး သွားသည်။

ခဲမှန်ဖူးတဲ့ စာသူငယ် လေးညို့သံကြားတိုင်း ထပ်ပျံ ပြေးမိသလို ဖြစ်နေသည်။

ခက် မေမေ့ဆီ လာခဲ့လိုက်သည်။ မေမေနဲ့ တိုင်ပင် မိသည်။

မေမေသည် ခက်တုန်းက အလိုလိုက်ထားမိသဖြင့် မြေးဖြစ်သူ မိုင်မိုင့်ကို ခက်နည်းတူ စိုးရိမ်နေသူပင်။

"မေမေ ... ခက် သမီးကို တားလို့မရရင် ကျောင်းထုတ် ပစ်လိုက်မယ်"

"ဟဲ့ ... ညည်းယောက်ျားက လက်ခံပါ့မလား သမီးရဲ့"

"သူနဲ့တော့ ပြောရမှာပဲ"

"သမီးရယ် ... တင်းလွန်းရင်ပြတ်တဲ့။ သမီးတုန်းကလျော့ လွန်းလို့ ပတ်ခဲ့တယ်။ အခု မြေးလေးအပေါ် တင်းလွန်း ရာကျမှာလည်းစိုးတယ် သမီး"





"မတတ်နိုင်ဘူး အမေရယ်၊ သမီးကို ခက်လိုဖြစ်မှာစိုးရိမ် တယ်၊ အချစ်ဆိုတာ လူ့ဘဝကို ပျက်စေတယ်၊ ကိုလွမ်းနဲ့ သမီး ဘယ်လောက်ချစ်ခဲ့ကြသလဲ မေမေရယ်၊ ဒါပေမဲ့ ကံကြမ္မာက အချစ်ကို သစ္စာရှိခွင့် မပေးဘူး။ အက်စီးဒန့် ဖြစ်လို့ ဆုံးရမယ် ဆိုရင်တောင် ကိုယ်ဝန်ရှိတဲ့သမီးက မသေဘဲ ဘာလို့ ကိုလွမ်းက သေရတာလဲ ...

သမီးက ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့ပြီး ဘယ်လောက် သောကရောက်ခဲ့ရလဲ။ အချစ်ဆိုတာ မတရားပါဘူး မေမေ ရယ်"

"ငါ့သမီးရယ်"

မိခင်ကြီးမှာ ရှုမငြီးတဲ့ တစ်ဦးတည်းသော ချစ်သမီး ကိုကြည့်ကာ သက်ပြင်းချမိသည်။ ကလေးတစ်ယောက်အမေ ဖြစ်နေတာတောင် သူ့သမီးကို ကလေးတစ်ယောက်လို မြင်မိနေဆဲ လေ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်စဉ်မှာ အချစ်ကြောင့် ဒုက္ခရောက်ခဲ့ဖူးတဲ့ သမီးက မြေးလေးအပေါ် သာမန်ထက်ပိုပြီး ပူပန်စိုးရိမ်နေတာကို မိမိက နားလည်ပေးလို့ ရသော်လည်း ...။

✣ ✧ ✣





"ဒေါက် ... ဒေါက် ... ဒေါက်"

"တံခါးဖွင့်ထားတယ် မေမေ"

အိမ်မှာက တံခါးခေါက်သံတွေကို ခွဲထားသည်။ ဖေဖေနှင့် မေမေရယ်၊ မိုင်ရယ်ဆိုရင် အခန်းတံခါး သုံးချက်ခေါက်ပြီး အလုပ်သမား အိမ်ဖော်တွေကတော့ နှစ်ချက်ပဲ ခေါက်ရသည်။

ဒီအချိန် ဖေဖေ ပွဲရုံကပြန်မလာသေးဘူးဆိုတော့ မေမေပဲ သေချာသည်။

ပြီးတော့ ဖေဖေက သူမအခန်းကို လာခေါက်ခဲ၏။

မေမေက အခန်းတံခါးဖွင့်ပြီး ဝင်လာကာ ...

"သမီး စာကျက်နေတာလား"

"ဟုတ်ကဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့မဆံပင်လေးကိုသပ်ကာ ...

"သမီးကို မေမေ ပြောစရာရှိလို့။ အခုပြောမယ့်စကားဟာ မေမေ သေချာဆုံးဖြတ်ပြီးမှ ပြောတဲ့စကား"

"ဟုတ်"

"သမီး လသာချိုဆိုတဲ့ ကောင်လေးနဲ့ အဆက်အသွယ် ဖြတ်နိုင်မလား။ အဆက်အသွယ် ဖြတ်တယ်ဆိုတာ ယတိပြတ် ဖြတ်ရမယ်၊ လုံးဝအခေါ်အပြော မလုပ်ရဘူး ဖြစ်မလား"

"မေမေ"

"ပြော ... သမီးပြောစရာရှိတာ ပြောချင်တာကိုပြော"

"လသာနဲ့ သမီးက သူငယ်ချင်းပါ မေမေ၊ သမီးတို့ရိုးရိုးသားသား ခင်တာပါ။ သူငယ်ချင်းဆိုတာ အဆက်အသွယ်ဖြတ်စရာ လိုလို့လား မေမေ"

"ရိုးရိုးသားသား ခင်တာနဲ့ သာမန်ခင်တာ မတူဘူးထင်တယ် သမီး။ မေမေက သာမန်ခင်တာလောက် ဆိုရင်တောင်





မပြောဘဲ နေမလို့ပါ။ ခုဟာက သမီးက သူ့အတွက် ဟင်းပို့ထည့်သွားရတာနဲ့။ သမီး ထမင်းချိုင့်မပါရင် သူက ဝယ်ကျွေးရတာနဲ့။ ဟင်း ... ဟင်း ... ရိုးရိုးသားသားခင်တိုင်း ဆံပင်ဆွဲဖွခွင့် ရှိသလား သမီး။ ခင်လို့ရပါတယ်၊ ကိုယ်ထိလက်ရောက် လုပ်စရာမလိုပါဘူး။ ကိုယ်ထိလက်ရောက်ခင်တာကို ရိုးသားတယ်လို့ သတ်မှတ်လို့ မရဘူး သမီး။ ယောကျ်ားဆိုတာ ဘယ်ဘယ်က ကြည့်ကြည့်ထိထိ အမြတ်ပဲလေ"

"ဟင် ... မေမေက သမီးနောက်ကို လိုက်ကြည့်နေတာလား"

"မေမေ့မှာ ဂရုစိုက်စရာ သမီးတစ်ယောက်တည်း ရှိတာလေ သမီးရဲ့"

"ခက်တယ် မေမေရယ်၊ လသာက အိမ်ထမင်းဟင်းကြိုက်တတ်လို့ သမီးက ပို့ထည့်သွားတာပါ၊ အိမ်ဟင်းတောင် သမီးချက်သွားတာထက် မေမေ့လက်ရာကို သူက ကြိုက်တာ။ လေပြေတို့ ကြည်ငယ်တို့ အိမ်က လက်ရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သူက မကြိုက်ဘူး။ အဲဒါကြောင့် သမီးက ပိုထည့်သွားမိတာပါ မေမေရယ်၊ တကယ်ရိုးသားတာပါ၊ အခုထိ သူ သမီးကို Propose တောင် မလုပ်ဖူးပါဘူး မေမေရယ်”

“ဟုတ်ပါပြီ၊ သာမန်သူငယ်ချင်းတစ်ယောက်ကို မေမေစိတ်ချမ်းသာအောင် အဆက်အသွယ် ဖြတ်မပေးနိုင်ဘူးလား သမီး”

“မေမေ ဆေးကျောင်းဆိုတာ ယောကျ်ားလေး မိန်းကလေး သီးသန့်ခွဲနေလို့ရတဲ့ကျောင်း မဟုတ်ဘူးဆိုတာ မေမေ့ကို ရှင်းပြထားတယ်လေ”

“ဒါဆိုရင်တော့ ကျောင်းထွက်လိုက်တော့ သမီး”

“ရှင်”

မိုင်မိုင့်ပုံစံက အရမ်းကို အံ့သြသွားသည့် ပုံစံမျိုးပါ။ မေမေ့ဆီက ဒီစကားမျိုး သူမ လုံးဝမျှော်လင့်မထားခဲ့။ တော်တော်ကြီးကို အံ့သြသွားရသော စကားပါပဲ။

✢ ✧ ✢





မေမေ မတရားဘူး။ တကယ်ကို မတရားတာ။ အစွန်းရောက်လွန်းနေသည်။ မေမေ ဒီလောက်တားမြစ်နေရအောင် မိုင်နဲ့ လသာကလည်း ဘာမှဖြစ်တာမဟုတ်။ ဖြစ်ဖို့မပြောနဲ့ မိုင့်ကို လသာက Propose တောင် လုပ်ထားတာမဟုတ်။

ဒါကို ကိုယ်က အဆက်သွားဖြတ်ရင်ရော ဘာဖြစ်သွားမလဲ။ ညစ်တယ်ကွာ။ ညစ်ခြင်းအဆင့် တကယ်ဂိတ်ဆုံးတယ်။

မိုင်နဲ့ခင်တဲ့ လသာက ကလေကချေလည်း မဟုတ်။ ဆေးကျောင်းသား လူရည်သန့်ကလေး။

နောက်ဆုံး မိုင်နဲ့လသာတို့ ချစ်သွားဦးတော့။ မိုင်တို့ အရွယ်ရောက်နေပြီလေ။ လသာကလည်း လူကောင်းသူကောင်း ဆရာဝန်လောင်း။ မိုင့်ကို ကျောင်းထုတ်ရလောက်အောင်အထိ မဖြစ်သင့်ဘူးထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ တကယ်အစွန်းရောက်သည်။ မိုင် လုံးဝမကျေနပ်။

"မေမေ"

"ပြော သမီး"

"သမီးကို ကျောင်းထုတ်ရအောင်အထိ လိုလို့လား မေမေ"

"သမီး မေမေ့စကား နားမထောင်ရင်တော့ လိုတာပေါ့"

"မဟုတ်သေးဘူး မေမေ။ သမီးလည်း အရွယ်ရောက်နေပါပြီ။ အခု သမီးနဲ့ လသာကလည်း တကယ်ဘာမှမဆိုင်ပါဘူး။ တကယ်လို့ ဆိုင်ခဲ့တယ်ဆိုရင်တောင် လသာက လူကောင်းသူကောင်း ဆရာဝန်လောင်းပါ မေမေ။ ဒီလို လူမျိုးနဲ့ မေမေက သမီးကို သဘောမတူနိုင်ရင် ဘယ်လို လူမျိုးမှ ဖြစ်မှာလဲ။ ဒါမှမဟုတ် သမီးက တစ်သက်လုံး အိမ်ထောင်မပြုရတော့ဘူးလား။ ကျောင်းထွက်ခိုင်းရတဲ့ အကြောင်းရင်းက ဘာလဲ မေမေရဲ့"

"သမီး စကားတွေ သိပ်တတ်နေပါလား"





"သမီး နားမလည်လို့ပါ မေမေ"

"ဟုတ်တယ်၊ သမီးပြောတဲ့ ဆရာဝန်လောင်းရဲ့နောက်ကြောင်းရာဇဝင်ကို မကြိုက်လို့ပဲ။ ဒေါ်လီချိုရဲ့သားအရင်းမှန်းမသိ။ မွေးစားသားမှန်းမသိ။ အခြောက်တစ်ယောက်ရဲ့ရင်ခွင်မှာ အိမ်ထမင်းဟင်းတောင် မစားဖူးဘဲ ကြီးပြင်းလာတဲ့ ကလေးတစ်ယောက်က တခြားချို့ယွင်းချက်တွေ ဘယ်လောက်များနေဦးမလဲ မသိနိုင်ဘူး၊ ဒေါ်လီချိုကိုလည်း ခမည်းခမက် မတော်နိုင်ဘူး။ သမီးရော ယောက္ခမတော်နိုင်လို့လား"

"မေမေ"

"မေမေ အားလုံး စုံစမ်းပြီးပြီ"

"ဒါဆို သမီးနဲ့ လသာ ဘာမှမဆိုင်တာလဲ မေမေသိမှာပေါ့"

"မီးဆိုတာ မလောင်ခင်တားမှ ရမှာပေါ့ သမီးရဲ့။ ထိရုံကလေးနဲ့တောင် တော်တော်ပူတဲ့မီးရဲ့ဘေးကို ရှောင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကျောင်းမထွက်နိုင်ဘူး မေမေ"

"ဒါဆို လသာချို့နဲ့ အဆက်အဆံ မလုပ်နဲ့၊ ပြောလို့ကိုမရရင် မေမေ သမီးကို တကယ်ကျောင်းထုတ်ပစ်မှာ"

"မေမေ"

"သမီးဘက်က ရိုးသားတယ်လို့ အာမခံရင်တောင် ကောင်လေးဘက်ကို မေမေ စိတ်မချဘူး။ မထိစေချင်တဲ့ အိုးအချင်းချင်း အတူမထားနိုင်ဘူး သမီး။ မငြိစေချင်တဲ့ကြိုးနဲ့ မငြိအောင် ကာကွယ်ရမှာပဲ"

"ဟူး"

"သမီး ကြိုက်သလို ဆုံးဖြတ်လေ"

"ဒါဆို သမီးရည်းစားထားခွင့် မရှိဘူးလား မေမေ"

"မရှိဘူး။ ဒါပေမဲ့ သမီးသဘောကျတဲ့သူရှိရင် မေမေ့ကို ပြောလို့ရတယ်။ မေမေတို့ သဘောတူနိုင်ရင် တစ်ခါတည်း လက်ထပ်ပေးလိုက်မယ်။ ရည်းစားလိုတော့ မတွဲရဘူး"

"ဘာဖြစ်လို့လဲ"





"တွဲကြပြီးမှ မယူဖြစ်ရင် သမီးပဲ နစ်နာမှာလေ"

"မဟုတ်သေးပါဘူး မေမေရယ်။ မေမေ ပြောသလိုမတွဲကြည့်ဘဲနဲ့ လက်ထပ်ပြီးမှ အကြောင်းမသိဘဲ ယူသလိုဖြစ်ပြီး ဒုက္ခရောက်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒါကြောင့် မေမေပါ ဝိုင်းအကဲခတ်ပေးမှာပေါ့။ သမီးရော မေမေပါ သဘောကျကျေနပ်တဲ့သူမျိုးတွေ့ရင် သမီးလက်ထပ်ပေါ့။ သမီးတစ်ယောက်တည်း ဆန္ဒထက် လူကြီးမျက်စိနဲ့ဝိုင်းပြီး အကဲခတ်ပေးမှာဆိုတော့ ငါ့သမီး အရှေးမမှားလောက်ပါဘူး"

"ဒါဆို အခု သမီး ဘာလုပ်ရမှာလဲ"

"လသာချို့နဲ့ အဆက်အသွယ်ဖြတ်ပါ"

မိုင်မိုင် စိတ်ညစ်ညစ်နဲ့ ခေါင်းကိုတဖျင်းဖျင်း ကုတ်ဖွပစ်လိုက်သည်။ ညစ်ပါဘိ။ ညစ်ပါဘိနော် ...။

✣ ◇ ✣



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ လေပြေရာ၊ ငါ ဘာလုပ်ရမလဲ။ ဘလိုင်းကြီး မခေါ်မပြောရအောင် ငါနဲ့လသာက ဘာမှဖြစ်တာလဲ မဟုတ်ဘူး။ ခုနေ ငါက မခေါ်မပြောလုပ်လိုက်မှ ငါ့ကို တစ်မျိုးထင်သွားရင် ဒုက္ခ"

လေပြေနဲ့ ကြည်ငယ်လည်း မိုင်မိုင့်စကားနားထောင်ပြီး ဘာလုပ်ရမှန်း မသိကြတော့။

"အန်တီက ငါတို့မေမေတွေထက် ပိုပြီးတင်းကျပ်တယ်နော်၊ ငါတို့မေမေတွေလည်း စည်းကမ်းကျပ်ပါတယ်၊ ဒါပေမဲ့ အကျိုးအကြောင်းနဲ့ပြောရင် နားလည်မှုရှိတယ်"

"ဟုတ်တယ် … မေမေက လုံးဝကိုတစ်ယူသန်ကြီး။ ပြီးတော့ နှစ်ဆယ့်တစ်ရာစုခေတ်မှာ မေမေက ငါ့အပေါ် တင်းကျပ်





လွန်းတယ်ဟာ။ လသာနဲ့ငါ ကြိုက်နေကြတာဆိုရင်လည်း ထား။ အခု ဘာလုပ်ရမှန်းတောင် မသိဘူး။ ငါ ကျောင်းလည်း မတွက်နိုင်ဘူးဟာ"

"ကျောင်းကတော့ တကယ်မထုတ်လောက်ပါဘူးဟယ်။ နင့်ကို ခြိမ်းခြောက်ရုံလောက် နေမှာပါ"

"မေမေ့အကြောင်း ငါ အသိဆုံးဟ။ တကယ်လုပ်မှာ"

ကြည်ငယ်က လေးလေးနက်နက် စဉ်းစားပြီး …

"ဒါဆို တစ်ခုပဲရှိတော့တယ်၊ နင် လသာကို အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြလိုက်၊ ငါတို့လည်း ဝိုင်းရှင်းပြပေးမယ်။ လသာက နားလည်မှုရှိပါတယ်၊ နင့်ကို အထင်မလွဲလောက်ပါဘူး"

"ငုပ်တာပေါ့ဟာ"

"ငုပ်မနေနဲ့၊ ဒါပဲလုပ်စရာရှိတာကို"

မိန်းကလေးသုံးယောက် တိုင်ပင်နေရာသို့ လသာတို့ နှစ်ယောက် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ငါတို့အတင်းတွေ တုပ်နေတာမို့လား"

"အေး"

"ထင်ပါတယ်၊ လသာတို့နှစ်ယောက်က တော်တော်ချော တယ်လို့ နင်တို့ပြောနေတာကို ငါ ဆဋ္ဌမအာရုံနဲ့ ကြား လိုက်တယ်"

"လဲသေလိုက်"

"ဟား ဟား ... ကဲ ဘာတွေဆွေးနွေးနေကြသလဲ။ ရုပ် တွေကြည့်ရတာ ကျောင်းစာဆွေးနွေးနေတာတော့ မဖြစ်နိုင် ဘူး"

"ဟုတ်တယ်ဟ။ မိုင်မိုင့်ကိစ္စ ဆွေးနွေးနေကြတာ"

"မိုင် ဘာဖြစ်လို့လဲ"

"ပြောလိုက်လေ မိုင်မိုင်"

ကြည်ငယ်က တို့သည်။ မိုင်မိုင်က ဘယ်ကစရမှန်း မသိ။ အမှန်ဆို ဘာမှမဆိုင်ဘဲ ရိုးရိုးခင်ရုံနဲ့ အဆက်အသွယ်ဖြတ် ဖို့ ပြောရတာ တစ်မျိုးကြီးလေ။ လသာ မျက်နှာကြီးကိုကြည့်ပြီး ပိုပြီးပြောမဝံ့။





"ပြောလေ မိုင်"

မိုင်မိုင်က သက်ပြင်းချလိုက်ပြီး အကျိုးအကြောင်း ပြောနေလိုက်သည်။

"သြော်"

လသာက ငြိမ်သွားသည်။ အာကာက ...

"နင့်မေမေကလည်း ခေတ်နောက်ပြန်ဆွဲလိုက်တာဟာ။ ပြီးတော့ ခြိမ်းခြောက်ပုံကြီးကလည်း မနိပ်ဘူး"

"မင်းကလည်းကွာ။ အန်တီကလည်း သူ့သမီးကို စိုးရိမ် တာပေါ့"

"စိုးရိမ်စရာ အခြေအနေမှ မဟုတ်တာကွ"

"မိုင် ဘာမှမစိုးရိမ်နဲ့။ ကိုယ် နားလည်တယ်။ ကိုယ်က မိုင့်ကို ရိုးရိုးသားသား ညီမလေးလိုခင်တာ။ ဒါပေမဲ့ အန်တီ မကြိုက်ဘူးဆိုတော့ မိုင့်အတွက် အဆင်ပြေအောင် အန်တီ့အကြိုက် နေပေးလိုက်ကြတာပေါ့ကွာ"

"လသာ ငါတောင်းပန်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာမရှိဘူး။ စိတ်ထဲမထားနဲ့"

မိုင်မိုင်ကလည်း စိတ်မကောင်းပါဘူး။ ဒါပေမဲ့ မိုင် ဘာမှမတတ်နိုင်။

လသာကလည်း မိုင်မိုင်တို့အမေ စည်းကမ်းတင်းကျပ်ပုံကို တစ်ဆိတ် အံ့ဩမိသော်လည်း သူနဲ့တွဲတာ မကြိုက်ဘူးဆိုမှ ဆက်တွဲနေရအောင် သူတို့က ချစ်သူရည်းစားတွေမှ မဟုတ်တာ။

မိုင်မိုင့်အပေါ် တကယ်ရိုးသားတာ သူ့ကိုယ်သူသာ အသိဆုံး။

သူ့ရင်ထဲမှာ ဘယ်သူရှိနေသလဲဆိုတာလည်း သူ့ကိုယ်သူ အသိဆုံးလေ။

နောက်တော့လည်း မိုင်မိုင့်မေမေ နားလည်သွားမှာပါလေ။

လသာတစ်ယောက် ဖြေသာပါသည်။ ဖြေသာဆိုမိုင်က လသာကို ဒေါ်လီချို့နဲ့ ပတ်သက်လို့ မေမေက မကြိုက်တာကိုမှ ပြောမထားတာ။





အခြောက်တစ်ယောက်ရဲ့ရင်ခွင်မှာ ကြီးပြင်းလာလို့ မေမေက မနှစ်မြို့တာလေ။

ဒါပေမဲ့ ဘယ်သူ့ရင်မှာပဲ ကြီးပြင်းလာပါစေ ကိုယ်ကိုယ်တိုင်ကောင်းဖို့ပဲ အရေးကြီးတာမို့လား။ ရွှေထုပ်တဲ့ မြပဝါလား။ မြပဝါနဲ့ထုပ်လို့ ရွှေဖြစ်လာတာလားဆိုတာ ...။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



လသာသည် အာကာနှင့် စကားအေးဆေးပြောဖို့ အာကာ့ကို အင်းလျားကန်စောင်း လူရှင်းသည့်တစ်နေရာသို့ခေါ် လာခဲ့သည်။

လူရှင်းသည့်နေရာကို ခေါ်လာရတဲ့ ရည်ရွယ်ချက်က အာကာ ပေါက်ကွဲချင်ရင် စိတ်ကြိုက်ပေါက်ကွဲခွင့် ရစေရန်ဖြစ်သည်။

"ဘာလဲ ... လသာ၊ မင်း Heart ထိသွားတာလား၊ မင်း မိုင်မိုင့်ကို ငြိနေတာမို့လား"

အာကာ ထင်ကြေးနဲ့ ရမ်းတုတ်နေတာကို ဘာမှ ဖြေရှင်းချက်မပေးဖြစ်။ အာကာက သူထင်တာမှန်တယ်ဟု ယူဆသွားပုံဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...





"အချိန်တွေ ရှိပါသေးတယ်ကွာ။ တကယ်လို့ မိုင်မိုင်က လည်း မင်းကိုသဘောကျတယ်ဆိုရင် မင်းကိုစောင့်မှာပါ၊ ခုတောင် မင်းကို ဘလိုင်းကြီး အခေါ်အပြော ရပ်လိုက်ရလို့ တင်းနေပုံကွ"

လသာက အင်းလျားရေပြင်ကိုငေးကာ စကားပြောဖို့ အစရှာနေသည်။ အခု သူပြောမှာက အာကာ ဘယ်လိုမှထင် မှတ်မထားသော စကား။

"လသာ ... မိုင်မိုင့်ကို သူ့အမေ ဒီလောက်ထိကျပ်တာ တစ်ခုခုများ အကြောင်းရှိလို့လား။ ဥပမာကွာ မိုင်မိုင်က မင်းအကြောင်း ရေးထားတဲ့ ဒိုင်ယာရီဖြစ်ဖြစ်ပေါ့။ ပုံမှန် ဆိုရင်တော့ ဒီလောက်ထိ ကျပ်စရာမလိုဘူးလေကွာ"

အာကာ ပြောတာလည်း ဖြစ်နိုင်ပါသည်။ မထင် ချင်ပေမယ့်လည်း မိုင်မိုင့်မိခင် ဒီလောက်ကျပ်တာ အကြောင်းတစ်ခုခု ရှိလို့လဲ နေမှာလေ။

အဲဒီအကြောင်းရင်းက ဘာများလဲ။ သူ မသိချင်။ တကယ်ဆို သူ့ဘက်က ရိုးသားနေခဲ့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထားပါ။ ထားလိုက်ပါ။ အရာရာတိုင်းက သူ့အချိန်နဲ့သူ အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာပါ။

"အာကာ"

"ပြော သူငယ်ချင်း ပြော"

"မင်းနဲ့ လေပြေ့အခြေအနေ ဘယ်လိုလဲ"

"ဟား ... ခါးတယ်။ ရေလည်ခါးတယ် သံယံရင်း။ လုံး၀ မီးနီပဲ"

"အဲဒီတော့"

"ငါ ကွဲတာပေါ့ကွ။ သူက ယတိပြတ်ကြီးကို ငြင်းတာကွ။ ငါလည်း ညစ်နေတာ"

"မင်း ဘာဆက်လုပ်မှာလဲ"

"အချစ်ဆိုတာ တစ်ဖက်သတ်ချစ်လို့ ရပေမယ့် လက်တွဲဖော်ဆိုတဲ့ အခြေအနေရောက်ဖို့က နှစ်ဦးသဘောတူမှ ဖြစ်မှာလေ။ ငါ စောင့်ရမှာပေါ့"

"မင်း စောင့်နိုင်တဲ့အတိုင်းအတာထိ ဖြစ်မလာခဲ့ရင်ရော"





"ငါ ကျောင်းပြီးအောင် စောင့်မယ်။ ဘာမှဖြစ်မလာရင်တော့ အဲဒီအချိန်မှာ ငါ ဘာလုပ်မိမလဲ မသိသေးဘူး"

လသာ ဘာဆက်ပြောရမလဲ။ သူက စောင့်မယ်တဲ့။ စောင့်ဦးမယ်တဲ့။

"လသာ ... မင်း ဘာကိုပြောချင်တာလဲ"

ဒါက အခွင့်အရေးပဲ။ သူ့မေးခွန်းကို လိုက်နင်းပြီး ပြောရမည်။

အခွင့်အရေးဆိုတာ နှစ်ခါမလာနိုင်။

"တကယ်လို့ ငါက လေပြေ့ကိုဆိုရင်"

"ဘာ"

"တကယ်တော့ မင်းက အရင် ရင်ဖွင့်ခဲ့လို့ ငါရှော်ခဲ့တာ"

"ဟာ"

"ငါလည်း လေပြေ့ကိုချစ်တယ် အာကာ"

"ဟာကွာ"

"တကယ်လို့ ငါ လေပြေ့ကို ဖွင့်ပြောမယ်ဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



အာကာ မျက်နှာပျက်သွားသည်။ ဘယ်လိုမှ ထင်မှတ်မထားသောစကား။ ပြီးတော့ ဝမ်းသာစရာ မဟုတ်သည့်စကားကို ရုတ်တရက် ကြားလိုက်ရတာလေ။ အာကာ တော်တော်နဲ့ စကားပြန်မပြောနိုင်။ ကျောက်စရစ်ခဲလေးတွေကောက်ပြီး အင်းလျားရေပြင်ကို ဒေါသတကြီး ပစ်ပေါက်လိုက်သည်။

သို့သော် အကြင်နာကြီးတဲ့ အင်းလျားရေပြင်ကတော့ သူ့ကို ဘယ်လိုဆက်ဆံ ဆက်ဆံ အပြုံးမပျက်ပါ။

အာကာသည် လေပြေ့ကို တလေးတနက် ချစ်ခဲ့သည်။ သို့သော် လေပြေက မတုံ့ပြန်ခဲ့။ ထိုအတွက်နဲ့တင် သူ တော်တော်အသည်းကွဲနေခဲ့တာ။

အခုတော့ လသာကပါ လေ့ပြေကို ချစ်နေခဲ့သတဲ့။ သို့သော် လသာက သူ့ကိုငဲ့ကာ အစတည်းက ဖွင့်မပြောခဲ့ဘဲ သူ့ကို လေပြေ ငြင်းလိုက်လို့ ဖွင့်ပြောဖို့ ကြံတာပင်။

တကယ်လို့သာ သူ့ကို လေပြေလက်ခံခဲ့ရင် လသာ ရင်ဖွင့်ခွင့်တောင် ရမှာမဟုတ်။





အာကာက ခေါင်းတွေရှုပ်လာသည်။ လသာကို စာနာမိသလိုလိုလည်းဖြစ်သည်။

လသာနဲ့ လေပြေ အဆင်ပြေသွားမှာလည်း စိုးသည်။ ရူးချင်လာပြီ။ ဘယ်လောက်ခင်တဲ့ သူငယ်ချင်းဖြစ်ပါစေ။ အချစ်နဲ့ပတ်သက်လာရင် မရက်ရောနိုင်တာတော့ အမှန်ပင်။ တကယ် ချစ်တာကိုး။

✣ ◇ ✣



www.burmeseclassic.com

www.burmeseclassic.com



အာကာ အရှိုက်ထိပြီး တော်တော်နဲ့ စကားမပြောနိုင်။ လသာကလည်း ဘာမှမပြောဘဲ တိတ်ဆိတ်စွာ နေပေးလိုက်သည်။

နေရောင်က တဖြည်းဖြည်းပျောက်ကာ နီယွန်မီး အလင်းရောင်တို့ ဟိုတစ်စွန်း ဒီတစ်စ ပေါ်လာခဲ့ပြီ။

အာကာ့မှာ လသာကို ပြောစရာစကားမရှိ။ လတ်တလောမှာ ဘာပြန်ပြောရမှန်းကိုမသိ။ ဖွင့်မပြောနဲ့လို့ တားရမလား။ ဖွင့်ပြောပါလို့ တိုက်တွန်းရမလား။ ဘာလုပ်ရမှန်းမသိ။

စကားပြောဖို့ အားယူမိတာ အခါခါ။ ဒါပေမဲ့ ပြောစရာမရှိပါ။

"လသာ"





"ပြော ... အာကာ"

"မင်းမှာ တစ်ခုခု ပြောစရာရှိသေးလား"

"မင်းဆန္ဒက"

"ငါ ဘာပြောရမှန်းမသိ ဖြစ်နေလို့"

"ငါက ပထမတော့ မပြောသေးဘဲ နေမလို့ပါ။ ခုဆို မိုင်မိုင့်အမေက ငါနဲ့ မိုင်မိုင့်ကို အထင်လွဲနေကြတယ်။ ငါ တကယ်ချစ်တာ လေပြေ၊ မိုင်မိုင်ကိုက တကယ်ညီမလေးတစ်ယောက်လို ချစ်တာကွာ။ အဲဒီတော့ အဲဒီအခြေအနေလေးတွေလည်း ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် ငါ လေပြေ့ကို ဖွင့်ပြောချင်တာပဲ။ ငါနဲ့ လေပြေအဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ မိုင်မိုင့်ကိစ္စတော့ ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာပေါ့ကွာ"

"ဒါဆို မင်းက မိုင်မိုင့်အတွက် လေပြေကို ဖွင့်ပြောတာပေါ့"

"အဓိကတော့ ငါ လေပြေကိုချစ်တာပါ၊ ဒါပေမဲ့ အခြေအနေအရ အခုဖွင့်ပြောချင်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါကကွာ၊ မင်းကို တားလည်းမတားရက်ဘူး။ ဒါပေမဲ့ ငါ့ရှေ့မှာ မင်းနဲ့လေပြေ အဆင်ပြေနေမှာကိုလည်း ခံစားနိုင်ပါ့မလား မသိဘူးကွာ"

"မင်းနဲ့ လေပြေ အိုခေသွားရင်တော့ ငါ မျိုသိပ်ထားလိုက်တော့မလို့ပါ။ ခုကလည်း အဆင်ပြေမပြေ မသေချာသေးပါဘူးကွာ"

"အေးလေ ... ငါ တားခွင့်မှ မရှိတာ၊ မင်းဖွင့်ပြောကြည့်ပေါ့ကွာ"

"အဆင်ပြေရင်လည်း မင်း ကြည်လင်ရမယ်နော်"

"ကြိုးစားမယ်ကွာ"

"အိုခေ"

✣ ✧ ✣





ကျောင်းဆင်းတော့ လသာက မိန်းကလေးသုံးယောက် ကားနားသို့သွားကာ ...

"လေပြေ ... နင့်ကား ပါလား"

"မပါဘူး"

"ဒါဆို ငါ နင့်ကို လိုက်ပို့မယ်။ ငါ နင့်ကို ပြောစရာရှိလို့"

"ဟဲ့ ... ငါ့အိမ်က တွေ့သွားရင် ဆူလိမ့်မယ်"

လသာက ပခုံးတွန့်ကာ ဘာပြောရမှန်း မသိတော့။

"နင်ပြောစရာရှိရင် ဖုန်းဆက်လိုက်ဟာ၊ ညခုနစ်နာရီလောက် ဆက်လိုက်"

"ဖုန်းထဲက မပြောချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စမို့လို့လဲ"

"ထားလိုက်၊ မနက်ဖြန် ကျောင်းရောက်မှ ပြောတော့မယ်"

"ပြီးရော"

လေပြေမှာ လသာ ဘာပြောမလဲဆိုတာကို သိချင်လှသလို သိလည်းမသိချင်။

တော်ကြာ သူ မိုင်မိုင့်အပေါ်ထားတဲ့ သဘောထားတွေ ပြောနေရင် မခက်ပါလား။

ဒီတစ်ညလည်း စာကျက်ပျက်ဦးတော့မည်။

စာကျက်မရသည်နှင့် အိပ်ဖို့ကြိုးစားတော့လည်း အတွေးတွေ တောင်မြောက်ပြေးကာ မိုးလင်းရသည်။

ကျောင်းရောက်တော့ လသာက ...

"Class တစ်ချိန်ဖျက်ရအောင်"

လေပြေ စိတ်စောနေသည်။ ဘာပြောမှာပါလိမ့်။ ထူးတော့ ထူးဆန်းနေသည်။

"Canteen သွားမလား"





"မသွားဘူး။ လူရှင်းတဲ့ တစ်နေရာ သွားရအောင်။ ကိုယ့်ကားနဲ့ပဲ သွားမလား"

"ဟင် ... အပြင်ကိုမသွားချင်ဘူး။ အပြင်သွားလို့ အိမ်က သိသွားရင် အဆူခံရမှာ"

"ဒါဆိုလည်း ဟိုပိတောက်ပင်အောက်က ခုံလေးကို သွားရအောင်"

လေပြေ ရင်တောင်ခုန်လာသည်။ ဘာပါလိမ့်နော်။ ခုမှ သိချင်စိတ်တွေ တဖွားဖွားပေါ်လာကာ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

"လေပြေ"

"အင်း"

"ကိုယ် လေပြေ့ကိုချစ်တယ်"

"ဟင်"

"ကိုယ် လေပြေ့ကို ချစ်တယ်"

"လသာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြော"

ပြောဆိုတော့လည်း ဘာပြောရမှန်းမသိ။ လေပြေ့ ရင်ထဲမှာ ရင်ခုန်သံတွေ ကျယ်လောင်လွန်းသဖြင့် လသာ ကြားသွားမှာတောင် စိုးရိမ်မိသည်။ ပြီးတော့ ရင်ထဲမှာ လှိုက်ဖုန့်အောင် ပျော်သည်။

ဒါပေမဲ့ လသာ မရိပ်မိအောင် ဟန်ဆောင်နေရသည်။

"ကိုယ်က လေပြေကို စမြင်ဖူးကတည်းကချစ်တာ။ ဒါပေမဲ့ အာကာက အရင် ရင်ဖွင့်တာဆိုတော့ ကိုယ်နောက်ဆုတ်လိုက်ရတာပေါ့။ တကယ်လို့သာ အာကာနဲ့ လေပြေအဆင်ပြေသွားရင် ကိုယ် ကျိတ်ပြီး အသည်းကွဲနေရမှာ"

"လသာက မိုင်မိုင့်ကို စိတ်ဝင်စားတာ မဟုတ်ဘူးလား"

"ကိုယ် တကယ် အလေးအနက်ပြောတာနော်။ ကိုယ် မိုင်မိုင့်ကို တကယ် ညီမလေးတစ်ယောက်လို ခင်တာ၊ တကယ်ထူးဆန်းတယ်၊ ကြည်ယေ်ကို ရိုးရိုးပဲ၊ လေပြေ့ကို ချစ်တယ်။ မိုင့်ကိုတော့ တကယ်ညီမလေးလို ခင်တာပါ"





"အဲလိုလား"

"ခုတော့ ကိုယ်က မိုင့်ကို တရင်းတနှီးနေမိလို့ မိုင်လည်း သူ့အမေ အထင်လွဲခံရတယ်လေ။ လေပြေကလည်း အာကာ့ကို ငြင်းတယ်ဆိုတော့ ကိုယ့်နှလုံးသားကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြဖို့ ဆုံးဖြတ်လိုက်တာပဲ"

"လေပြေ ဘာပြောရမှန်းတောင် မသိဘူး"

အမှန်တော့ လေပြေ ဝမ်းသာလို့ ကတုန်ကယင်တောင် ဖြစ်နေတာပါ။

လသာ မိုင်မိုင့်ကို စိတ်ဝင်စားနေတယ် ထင်ပြီး ဘယ်လောက်တောင် စိတ်ဆင်းရဲခဲ့ရသလဲ။ တစ်ယောက်တည်း ကျိတ်ပြီး အသည်းတွေကွဲခဲ့ရတာ အခါခါ။

ခုမှပဲ ရင်ထဲအပြည့် ပျော်ရွှင်ရတာ။

"လေပြေ"

"ဟင်"

"ကိုယ့်ကိုရော ငြင်းမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ... မေးပုံကိုက။ ဒီလူ တကယ်ချစ်တာမှ ဟုတ်ရဲ့လား။ လေပြေ စိတ်တိုသွားကာ' ...

"ဘာလဲ ... ရှင်က ငြင်းစေချင်တာလား"

"ဒါဆို လေပြေက မငြင်းဘူးပေါ့"

"ဟင် ... လသာနော်၊ မဟုတ်ဘူးလေ လေပြေ ပြောတာက"

လသာက လေပြေ့ လက်ဖဝါးလေးကို ခပ်ဖွဖွပိ လိုက်ပြီး မျက်လုံးမှိတ်ပြလိုက်သည်။

သူတို့နှစ်ယောက်ကြားမှာ ဖြေစရာမလိုအပ်တော့ဘူး လေ။

✣ ✧ ✣





အာကာတို့အားလုံး မျက်စိလည်ကုန်ကြ၏။ လသာနဲ့ လေပြေ အဆင်ပြေတာ မြန်လို့လေ။

အာကာ့ကို လသာက ကြိုပြီးဖွင့်ပြောထား၍ အာကာက လေပြေ အပြေပြန်ပေးတာ မြန်တာကိုပဲ အံ့ဩရတာ။

မိုင်နဲ့ ကြည်ငယ်တို့ကတော့ တော်တော်ကို အံ့အားသင့်နေကြသည်။

လေပြေ မြန်မြန်ပြန်လက်ခံတာထက် လသာက လေပြေကို ချစ်နေတယ်ဆိုတာကို ပိုပြီးအံ့ဩကြတာ။ ထင်ကို မထင်ကြတာလေ။

အထူးသဖြင့် မိုင်က ပိုပြီးအံ့ဩရသည်။ မိုင်ကိုယ်တိုင်တောင် လသာ မိုင့်ကို စိတ်ဝင်စားနေတယ်လို့ပဲ ထင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အခု သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြတာကိုတောင် မိုင် မယုံနိုင်သေး။ မိုင့်ကိုရွဲ့ပြီးများ လေပြေကို ကောက်တွဲပြလိုက် သလားဟုတောင် ထင်နေမိသေးသည်။

အာကာက လေပြေကို အုံ့ညြနေသည်။ လေပြေ ရက်စက်သည်။ သူ့ကို ခါးသီးခဲ့သော လေပြေဟာ လသာကို တော့ သဘောကျနေခဲ့သတဲ့လား။ လသာကို ချက်ချင်း အဖြေ ပေးခဲ့တာကိုက နဂိုကတည်းက ...

အတွေးတွေတောင် ဆုံးအောင်မတွေးနိုင်ပါဘူး။

✣ ✧ ✣





"မေမေ သမီးပြောစရာရှိတယ်"

"ပြောလေ မိုင်"

"လသာနဲ့ လေပြေချစ်သူတွေ ဖြစ်သွားကြပြီ မေမေ"

"အဲဒီတော့"

"လသာနဲ့ သမီး ဘာမှမဆိုင်ပါဘူး မေမေ"

"ဟုတ်ပြီလေ။ လသာ ဘယ်သူနဲ့ ပတ်သက် ပတ်သက် မေမေ စိတ်မဝင်စားဘူး၊ အဓိက,က ငါ့သမီးနဲ့မပတ်သက် ဖို့ပဲ"

"လသာမှာ သူ့ချစ်သူနဲ့သူ ရှိပြီးသားဆိုတော့ လသာနဲ့ သမီးသူငယ်ချင်းလိုခင်လို့ ရတယ်မို့လား မေမေ"

"မိုင်က မေမေ့ကို နှစ်ဆယ်ရာစုမှာ ချန်ထားခဲ့မလို့လား သမီး။ လသာနဲ့ လေပြေ ကြိုက်နေတယ်ဆိုတာကို ဗွန်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လသာနဲ့သမီး ပတ်သက်စရာ ဘာအကြောင်းမှ မရှိဘူး။ ကာဗာမယူနဲ့ သမီး"

"မေမေ ... လသာက လေပြေနဲ့ တကယ်ကြိုက်နေတာ မေမေရဲ့။ သူက သူ့ဘာသာ ချစ်သူရှိနေတာကို မေမေက လိုက်ပြီး စိုးရိမ်ပူပန်ပြပြီး တားမြစ်နေတာဟာ ရှက်စရာကောင်းနေပြီနော် မေမေ။ ဟိုက သမီးကို စိတ်တောင်မဝင်စားဘူး"

"သမီးက အခြောက်မသား စိတ်မဝင်စားတာကိုများ ဝမ်းနည်းနေသေးတာလား"

"မဟုတ်ဘူး။ သမီး လသာကို စိတ်မဝင်စားဘူး။ သမီး စိတ်ဝင်စားတာ မေမေ့တားမြစ်မှုကိုပဲ။ တစ်ဖက်သတ်ကြီး တားနေတာကိုက ရှက်စရာကောင်းနေပြီ မေမေ"

"ဘာမှ ရှက်စရာမလိုဘူး။ မေမေ အစကတည်းက သမီးကို ယောကျ်ားလေးသူငယ်ချင်း မထားရဘူးလို့ ပြောပြီးသားနော်"





"မေမေ သမီးအပေါ် အရမ်းတင်းကျပ်လွန်းတယ်"

"မေမေ မွေးထားတာ သမီးလေးလေ။ သမီး မေမေ့နေရာ ရောက်တဲ့တစ်နေ့ကျရင် သမီး နားလည်လာလိမ့်မယ်။ သမီးကို အရမ်းချစ်တဲ့ မအေတစ်ယောက်ရဲ့ စိုးရိမ်မှုကို သမီး သဘောပေါက်လာလိမ့်မယ်။ အရွယ်ရောက်လာတဲ့ သမီးပျိုလေးကို အစွန်းအထင်း အပွန်းအပဲ့ မှဲ့တစ်ပေါက် လောက်တောင် အစွန်းမခံနိုင်တဲ့ မိခင်စိတ်ကို သမီးနားလည်လာလိမ့်မယ်"

ခက် ပြောရင်း မျက်ရည်တွေ ဝဲလာသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်။ သမီးလေးကို ခက်လိုဖြစ်မှာ စိုးရိမ်လို့။ ပူပန်မိလွန်းလို့ သမီးအပေါ် လိုတာထက်ပိုပြီး တင်းကျပ်မိနိုင်သည်။ ဒါပေမဲ့ ဒါဟာ သမီးအထင်လွဲစရာ ဖြစ်လာသည်။

သို့သော် သမီးအထင်လွဲကာမှလွဲရော ခက်ဘက်က မလျှော့နိုင်။

မိုင်မိုင်ခိုင်ကို ဒုတိယ ခက်နဲ့သာ အဖြစ်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ခက် တစ်ခါအသည်းကွဲခဲ့ပြီးပြီ။ ကွဲအက်နေတဲ့ ခက်ဘဝကို တော်တော်လေး ပြန်အဖတ်ဆယ်ခဲ့ရသည်။

သမီးကြောင့် ခက် ထပ်ပြီး အသည်းကွဲရရင် ခက် ခံနိုင်ရည်ရှိမှာ မဟုတ်တော့။

သမီးဘဝလေး ပွင့်ဖတ်စုံစေချင်သည်။

ခက်လို ပိုးကိုက်ခံပွင့်ဖတ်ကလေးကို ရင်နာနာနဲ့ ဖွဲ့ထုတ်လိုက်ရတာမျိုး မဖြစ်စေချင်။

ခက်မှာ သမီးအမေနဲ့လက်ထပ်ပြီး ဘဝကိုပြန်အဖတ်ဆယ်ခဲ့ရပေမယ့် ခက်ရဲ့နေ့ရက်တွေတိုင်းဟာ မျက်ရည်ကျရင်းသောက်ရတဲ့ ကော်ဖီတစ်ခွက်လိုပဲ။ ကော်ဖီတစ်ခွက်ဟာ ဘယ်လောက်ပဲ အနံ့အရသာတွေနဲ့ ပြီးပြည့်စုံနေပေမယ့် သောက်တဲ့သူရဲ့စိတ်ခံစားချက်ကသာ အဓိကလေ။ အလွမ်းတွေနဲ့ ငိုနေသူရဲ့နှုတ်ခမ်းဟာ ဘယ်လိုကော်ဖီကိုပဲသောက်သောက် ... ? ။

✣ ✧ ✣





နံနက်ခင်းကော်ဖီဝိုင်းမှာ ဦးဝင်းခိုင်က ဇနီးရောသမီးပါ မျက်နှာမကြည်တာကို သတိထားမိသည်။

ဒီသားအမိ ဘာဖြစ်ကြပြန်ပလဲမသိ။ ခက်က သမီးလေးကို တုန်နေအောင် ချစ်ရှာသည်။ ထက်ဦးတလေ သူတောင် မနာလိုလောက်အောင် ခက်ကသမီးကို ချစ်သည်။

သမီးလေး မွေးလာကတည်းက စိုးရိမ်ပူပန်မှုတွေက အပြည့်။

သမီး ကလေးတည်းက အရိပ်တကြည့်ကြည့် မျက်စိအောက်ကကို အပျောက်မခံ။ သမီးငိုရင် သူပါမဲ့သည့် မအေမျိုး။

သမီးမိန်းကလေး မွေးထားတာမို့ သမီးနဲ့ပတ်သက်ရင် ဦးဝင်းခိုင် ဝင်မစွက်ဖက်တတ်။



www.burmeseclassic.com

www.burmeseclassic.com



ခက်ကိုပဲ အရာရာလွှဲထားသည်။ ခုဆို သမီးဟာ ခက်ရဲ့ထိန်းသိမ်းမှုအောက်မှာ လုပယဉ်ကျေးသော ဆေးတက္ကသိုလ် ကျောင်းသူကလေးတောင် ဖြစ်နေပြီ။

သို့သော် အတောင်စုံချင်လာသော သမီးက အပျံသင်ချင်ပြီထင်သည်။

ယခင်လို မအေစကား မြေဝယ်မကျ နာခံခြင်းမရှိချင်တော့။

ခုတလော ခက်ဆီက သမီးနဲ့ပတ်သက်ပြီး ညည်းညူ စိတ်ပူသံတွေ သူလည်းကြားနေရတာပဲလေ။ ဒါပေမဲ့ သူကတော့ ခက် စိတ်ချမ်းသာသလို ဆုံးဖြတ်စေချင်သဖြင့် ဘာမှဝင်မပြောခဲ့။

ခက်သည် သမီးဘဝကို အကောင်းဆုံး ပုံကိုင်နိုင်လိမ့်မည်ဟု သူ ယုံကြည်သည်လေ။

"ဖေဖေ"

"ပြော ... သမီး"





"သမီး ဘွားဘွားတို့အိမ်မှာ တစ်ပတ်လောက် သွားနေချင်တယ်"

ခက်က သမီးမျက်နှာကို စိုက်ကြည့်ကာ ဘာမှမပြော။ ခက်ပုံစံက တားမြစ်မည့်ပုံမရှိ။ ထူးတော့ ထူးဆန်းသည်။ ခက်သည် တစ်ခါမှ သမီးနဲ့ခွဲဖူးတာမဟုတ်။ သူကမှ အလုပ်ကိစ္စနဲ့မကြာခဏ ခရီးထွက်တိုင်း ခက်တို့သားအမိနဲ့ ခွဲဖူးသေးသည်။

"ဖေဖေ ... သမီးကို လိုက်ပို့ပေးနော်"

သမီးက စကားကို ချည်ပြီးတုပ်ပြီး ပြောနေသည်။

"သမီးမေမေ သဘောပဲ။ သမီးမေမေက ပို့ဆိုရင်ပို့မယ်"

မိုင်မိုင့်မျက်နှာ ရှုံ့မဲ့သွားသည်။ မေမေ့ဆီ ခွင့်ပြုချက်တောင်းရင်တော့ ဒီတစ်သက် မဖြစ်နိုင်တော့။ မိုင်မိုင် ဘာမှဆက်မပြောတော့ဘဲ ကော်ဖီကို တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

"ပို့ပေးလိုက် ယောက်ျား"

"ဟင်"

သူရော သမီးပါ အံ့သြသွားသည်။ မိုင်က မိခင်ဖြစ်သူကို နားမလည်သလို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်က ကော်ဖီကို လက်စသတ်ရင်း ...

"တစ်ပတ်စာ အဝတ်အစား အသုံးအဆောင်ပစ္စည်းတွေ သေချာထည့်သွား"

မိုင်မိုင့်ကို ခပ်တည်တည်ပြောပြီး ထထွက်သွားသည်။ မိုင့်ရင်ထဲ ဝမ်းနည်းသွားသည်။ တကယ်တမ်းကျတော့ မိုင်နဲ့ မေမေ တစ်ခါမှ ခွဲဖူးတာမဟုတ်။

ခုတော့ မေမေ မိုင့်ကို စိတ်ဆိုးနေပြီထင်သည်။ တစ်စက်မှ မတား။ မကန့်ကွက်။ မိုင့်ကိုမတားရုံမျှမက အဝတ်အစားတောင် ထည့်မပေး။

မေမေ တားမယ်ထင်ပြီး မေမေ့ကို အရွဲ့တိုက်ကာ ဘွားဆီသွားဖို့ တောင်းဆိုတာပါ။ မေမေက အလွယ်တကူသွားခွင့်ပေးလိုက်သဖြင့် နေမထိ ထိုင်မသာ ဖြစ်နေသည်။

✣ ✧ ✣





ခက်သည် သမီးကို မေမေတို့အိမ် လွှတ်လိုက်ရတာကို ရင်ထဲမကောင်း။ ဒါပေမဲ့ သမီးက ခက်ရင်ခွင်ကနေ ထွက်သွားချင်နေသဖြင့် ထွက်ပေါက်ပေးလိုက်ရတာပင်။

ပြီးတော့ မေမေ့အိမ်က သမီးအတွက် လုံခြုံစိတ်ချရသည့်နေရာမို့ပါ။

သမီးနဲ့ သူ့အဖေထွက်သွားတာနဲ့ သမီးအခန်းထဲဝင်ကာ သမီးဓာတ်ပုံလေးကို ကြည့်နေမိသည်။

မလွတ်လပ်ချင်ပါနဲ့ သမီးရယ်။ လွတ်လပ်ခြင်းရဲ့ အန္တရာယ်က ကြောက်စရာကောင်းလွန်းလို့ပါကွယ်။

သမီးမိန်းကလေးတစ်ယောက်အတွက် မိခင်ရင်ခွင်က အလုံခြုံ အနွေးထွေး စိတ်အချရဆုံးပါ သမီးလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးတို့အရွယ်က အချစ်သည်သာ ဘဝအတွက် အရေးအကြီးဆုံးလို့ ထင်ကြတဲ့အရွယ်။ အချစ်ဆိုတာ ဘဝနဲ့ယှဉ်ရင် ဘာမှမပြောပလောက်ပေမယ့်၊ ဘဝအတွက် ဘာကောင်းကျိုးမှ မပေးနိုင်ပေမယ့်၊ ဘဝတစ်ခုလုံး ပျက်စီးကြေမွသွားအောင် ချေမွ ပစ်နိုင်လို့ အချစ်နဲ့မကစားချင်ပါနဲ့ သမီးရယ်။

အချစ်ဆိုတာ အပေါ်ယံလွှာ ကြည်ကြည်ကလေးပါ။ အဲဒီအောက်မှာ အဲဒီအပေါ်ယံလွှာလေးရဲ့အောက်မှာ အန္တရာယ်တွေ အများကြီး စောင့်ကြိုနေတတ်တယ်။

အချစ်ဆိုတဲ့ အပေါ်ယံလွှာကလေးက ထိမိလိုက်တာနဲ့ ရုန်းထွက်မရနိုင်အောင် စွဲငင်ထားနိုင်သလို အချစ်ရဲ့နောက်က မမြင်နိုင်တဲ့ ကံကြမ္မာကိုလည်း ဘယ်လိုမှ ရှောင်လွှဲလို့မရဘူး။

အဲဒါကြောင့် သမီးကို အချစ်နဲ့မတွေ့စေချင်ဘူး။

သမီးရဲ့နှလုံးသားလေကို အချစ်ရဲ့ဒဏ်တွေမရိုက်ခတ်စေချင်ဘူး။





သမီးလေးရဲ့ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းစေချင်တာပါ သမီးရယ်။

အဲဒါကြောင့် မေမေက သမီးကို သူများမအေတွေထက် ပိုပြီးတင်းကျပ်နေမိတာ။

ခက်သည် သမီးအိပ်ရာပေါ်လှဲရင်း တစ်ချိန်က သူမကို ပြန်မြင်ယောင်မိသည်။

ကိုလွှမ်းနဲ့သူမ ပျော်ရွှင်ခဲ့ရတာက ခဏလေး။ အဲဒီခဏလေးရဲ့နောက်မှာ သူမကို စွန့်ခွာချန်ရစ်ခဲ့တဲ့ ကိုလွှမ်းရယ်။ သူမ မြင်ခွင့်တောင်မရလိုက်တဲ့ ရင်သွေးလေးရယ်။

မျက်စိစုံမှိတ်ပြီး ခေါင်းကိုကြမ်းတမ်းစွာ ခါထုတ်လိုက်တော့ မျက်ရည်စက်တွေ လွင့်လွင့်ကြွေ။



www.burmeseclassic.com

www.burmeseclassic.com



မိုင်သည် ဘွားဘွားတို့အိမ်မှာ ပိုတောင်ကျဉ်းကျပ်သေးသည်။

ဘွားဘွားက မိုင့်ကို မျက်စိအောက်က အပျောက်ကို မခံ။ အရိပ်တကြည့်ကြည့်နှင့်။

ဖုန်းပြောလည်း မလွတ်လပ်။ စာကျက်နေရင်တောင် မသိမသာ လာအကဲခတ်သည်။

ကျောင်းသွားတော့လည်း ဘွားဘွားအိမ်က ဒရိုင်ဘာက အကြိုအပို့လုပ်သည်။

လူကြီးဆိုတော့ ပိုဆိုးသည်။ မေမေ့ထက် ဘွားဘွားက ပိုတင်းကျပ်နေသည်။





မေမေ ဘာကြောင့် ဘွားဘွားဆီ လွှတ်ခဲ့သလဲဆိုတာ မိုင် အခုမှ သဘောပေါက်သည်။

မိုင်သည် ဘွားဘွားအိမ်မှာ မပျော်ဘဲ မေမေ့ကိုပဲ သတိတွေရနေသည်။ သို့သော် မေမေကတော့ ဖုန်းတစ်ချက်မဆက်ခဲ့။ ဖေဖေကမှ ဆက်သေးသည်။ ဖေဖေ တစ်ယောက်တည်းလည်း ရောက်လာတတ်သည်။ သို့သော် မေမေ မပါ။

မေမေ မိုင့်ကို တော်တော်စိတ်ဆိုးသွားပြီထင်သည်။ သူမကို သိပ်ချစ်သော မေမေက သူမကို တော်တော်စိတ်ဆိုးလို့သာ ခုလိုပစ်ထားတာပါ။ မိုင်မိုင်သည် ဘွားဘွားအိမ်က ထမင်းဟင်းတွေကိုလည်း ခံတွင်းမတွေ့။ ထမင်းစားတိုင်း မေမေ့လက်ရာကို သတိရသည်။

စာကျက်တိုင်း မေမေနှပ်ပေးတတ်တဲ့ ကော်ဖီခွက်ကို သတိရသည်။

ဘွားဘွားကလည်း လိုလေသေးမရှိ လုပ်ပေးပေမယ့် မေမေ့လက်ရာနဲ့ကိုမတူ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ နေနိုင်သည်။

မိုင်လည်း ဘာအမှားမှ မလုပ်ဘဲ မေမေက တော်မတော်စိတ်ဆိုးနေခဲ့သည်။

တကယ်ဆို ယောက်ျားလေးတစ်ယောက်နဲ့ ခင်ရုံနဲ့ မေမေ တင်းမာလွန်းနေသည်။ သို့သော် ဘွားဘွားက မေမေ့ထက်ပိုဆိုးနေ၏။

မိုင် ကျောင်းကပြန်လာပြီး ရေကိုစိမ်ချိုးနေတုန်း ရေချိုးခန်းတံခါး လာခေါက်၏။

"မြေးလေး မြန်မြန်ချိုး အအေးပတ်မယ်"

ဟင် ... ဘွားလေးအသံပါလား။ ဘွားလေးရောက်နေတာပဲ။ မိုင်က ဘွားလေးကို အရမ်းချစ်သည်။ ဘွားလေးက နိုင်ငံခြားမှာ အနေကြာခဲ့လို့လားမသိ။ နေတာထိုင်တာ ပြောတာဆိုတာ ပွင့်လင်းပြီး လွတ်လပ်မှုရှိသည်။ မေမေတို့ ဘွားဘွားတို့နဲ့တောင်မတူ။

"ဘွားလေးလား"





"ရက်စ်"

ရေကိုမြန်မြန်ချိုးပြီး ထွက်လာတော့ ဘွားလေးက ခုတင်ပေါ်မှာ ခြေချိတ်ထိုင်နေသည်။

ဘွားလေးက အပျိုကြီးမို့လား မသိ။

ခုထိလန်းတုန်း။ နေတာထိုင်တာကအစ စတိုင်လ်ကျ စမတ်ကျပြီးသား။

"ရေကို အကြာကြီးမချိုးနဲ့ သမီးရဲ့"

"ရေပူစိမ်နေတာ ဘွားလေးရဲ့၊ အကြောအချင်တွေ ပြေအောင်လို့"

"ရေနွေးစိမ်တာ အသားအရေ ခြောက်တယ်နော် ကလေးမ"

"ဟုတ်လား။ သမီး မသိဘူး"

"ရေနွေးစိမ်ပြီးရင် Lotion သာ မြန်မြန်လိမ်းတော့"

"ဟုတ်"

"မြေးလေး ဆေး(၂)မှာ တက်တာနော်"

"ဟုတ်ကဲ့ ဘွားလေး"



www.burmeseclassic.com

www.burmeseclassic.com



"မြေး အဝတ်အစား မြန်မြန်လဲ။ ပြီးရင် စာကြည့်ခန်းထဲ လာခဲ့။ ကော်ဖီပူပူလေးနဲ့ စောင့်နေမယ်"

"ဟုတ်ကဲ့ ဘွားလေး"

Lotion မြန်မြန်လိမ်း၊ မျက်နှာကို နို့ရည်တို့ကာ ဂါဝန်လေးတစ်ထည် အမြန်လဲလိုက်၏။

✣ ✧ ✣





ရေချိုးပြီးပြီးချင်း ကော်ဖီပူပူလေးကို သောက်ရတဲ့ အရသာ တော်တော်ကောင်း၏။

"မြေးလေး ... လာ"

"ဘွားလေး ပြောစရာရှိလို့လား"

"ရှိတယ် ... ရှိတယ်၊ မြေးလေးတို့သားအမိ ဘာဖြစ်ကြလဲ"

"ဒီလိုပါပဲ ဘွားလေးရယ်"

ဘွားလေးက ဘွားဘွားတို့ မေမေတို့နှင့်တော့မတူ။ နားလည်မှုရှိသည်။ လူငယ်ဆန်သည်။ ပြောလို့ ဆိုလို့ရသည်။ လက်ခံပေးသည်။ မိုင့်ကို လသာနဲ့မေမေ အထင်လွဲရတဲ့အကြောင်း ရှင်းကို ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုင့်ရည်းစားလည်း မဟုတ်ပါဘူး ဘွားလေးရယ်၊ အဲဒီ လသာက မိုင့်သူငယ်ချင်းလေပြေနဲ့ ချစ်သူတွေတောင် ဖြစ်နေပြီ။ ဆေးကျောင်းဆိုတာကလည်း ဘွားလေးသိတဲ့ အတိုင်း အကုန် မောင်နှမလို နေကြတာပဲလေ။ မေမေက သူငယ်ချင်းလို ခင်တာတောင် လက်မခံဘူး"

"ခက်နဲ့တော့ ခက်နေပြီ။ မမရော ခက်ရော မြေးလေးကို ဝိုင်းကျပ်နေကြတာပဲ။ ဘွားလေး ခက်ကို ပြောပေးပါမယ် မြေးလေးရယ်။ ဒါပေမဲ့ မြေးဘက်ကလည်း မေမေ့ကို နားလည်ပေးလိုက်။ မြေးကို အချစ်လွန်ပြီး အစိုးရိမ်လွန် လို့ မြေးမေမေ ပူလောင်နေရှာတာပါကွယ်"

"ခက် နားလည်ပါတယ် ဘွားဘွားရယ်၊ ဒါပေမဲ့ မေမေ က အတိုင်းအတာတစ်ခုထက်ကို ပိုနေသလိုပဲ။ လသာနဲ့ ဆက်ခင်ရင် သမီးကို ကျောင်းထုတ်ပစ်မယ်တဲ့ ဘွားလေး ရယ်"

"အိုး ... ခက် တော်တော်ဆိုးနေပါလား၊ ဒီကလေးမတော့ စိတ္တဇကြီးကို ဖြစ်နေတာပါလားကွယ်၊ မဟုတ်သေးပါဘူး"





"ဟုတ်တယ် ဘွားလေး။ မိုင့်ကို မေမေချစ်တာ မိုင်သိပါ တယ်။ ဒါပေမဲ့ ဘွားလေးရယ် သမီးက တော်တော်စိတ် ကျဉ်းကျပ်ရတယ်"

"ဘွားလေး ပြောပေးပါမယ် မြေးလေး၊ သိပ်လည်း စိတ် ညစ်မနေနဲ့။ ဒါနဲ့ မြေးလေးနဲ့ခင်တယ်ဆိုတဲ့ ကလေးက လသာတဲ့လား"

"လသာချိုတဲ့ ဘွားလေးရဲ့။ ဘွားလေး ဒေါ်လီချိုကို သိ တယ်မို့လား။ အဲဒီ ဒေါ်လီချိုရဲ့သား"

"ဩော် ... ဟို Make up Artist ကို ပြောတာမို့လား။ မေချိုဆိုတဲ့ တစ်ယောက်"

"ဟုတ်တယ်၊ ဒေါ်လီချိုရဲ့သားဆိုပေမယ့် ဒေါ်လီချိုမွေး စားတာလား။ ဒါမှမဟုတ် ယောက်ျားဘဝနဲ့ မွေးထားတာ လား။ ဘယ်လိုလဲတော့ မသိဘူး။ လသာကတော့ မေမေ လို့ခေါ်တယ်။ မေမေ ခါးသီးတာကလည်း အဲဒီ ဒေါ်လီချို သား ဖြစ်နေလို့တဲ့"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားလေးရဲ့မျက်နှာကိုကြည့်ရတာ စိတ်နဲ့ကိုယ်မကပ်သလို ဖြစ်နေသည်။ တစ်စုံတစ်ရာကို တလေးတနက် တွေးနေပုံလည်းရသည်။

"ဒါနဲ့ မြေးလေးနဲ့ အဲဒီကလေးက တကယ်ရီးသားကြတယ်မို့လား"

"ရီးသားပါတယ် ဘွားလေးရ။ သူက သမီးသူငယ်ချင်းလေပြေနဲ့ ချစ်သူတွေ ဖြစ်နေကြတာ သမီးက သူ့ကိုသနားလို့ ခင်တာပါ ဘွားလေးရယ်၊ သူ့က မအေအခြောက်မနဲ့နေရတာဆိုတော့ အိမ်ထမင်းဟင်းတောင် ကောင်းကောင်းမစားဖူးဘူး။ အဲဒါကြောင့် သမီးက ဟင်းတွေပို့ထည့်သွားတာပါ။ ပြီးတော့ သူက မေမေ့လက်ရာကို တော်တော်ကြိုက်တာ ဘွားလေးရဲ့"

"ကျွတ် ... ကျွတ်၊ ဖြစ်ရတယ်ကွယ်"

ကံကြမ္မာတွေများ ဒီလောက် အကွေ့အကောက်တွေများတာတောင် ရှောင်ရင်တည့်တည့်တိုးတတ်ပါလား။

✣ ✧ ✣





ဒေါ်ဒေါ်တစ်ယောက် ခက်ဆီ အချိန်မတော်ကြီး ရောက်လာသည်။

"ခက်"

"ဟယ် ... ဒေါ်ဒေါ် ဘယ်တုန်းက ပြန်ရောက်တာလဲ"

ခက်အဒေါ် အပျိုကြီးက တစ်ကိုယ်တည်းသမားပီပီ မကြာခဏ ခရီးထွက်လေ့ရှိသည်လေ။

"ဒီနေ့ပဲ ရောက်တယ်။ ရောက်ရောက်ချင်း ညည်းတို့သားအမိကိစ္စ ကြားရတာပဲ၊ ဒါနဲ့ မောင်ဝင်းခိုင်ရော"

"ဒီည ညစာစားပွဲတစ်ခုရှိလို့ နောက်ကျမယ်တဲ့"

"ဪ ... ကဲ ... မခွေခက် ဘယ်လိုဖြစ်ကြတာလဲ"

"မေမေ့ဆီက ကြားပြီးရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမဆီကရော မြေးလေးဆီကပါ ကြားပြီးပြီ။ ငါ့သမီးရယ် ညည်းကလည်း ကလေးအပေါ် အရမ်းမတင်းပါနဲ့"

ခက်က ဒေါ်ဒေါ့်ကို ထမင်းစားခန်းထဲ ဆွဲခေါ်သွားပြီး ...

"ဒေါ်ဒေါ် ထမင်းစားမလား"

"မစားဘူး၊ ညစာထမင်းမစားဖြစ်တာ ကြာပြီ၊ အသီးဖျော်ရည်လောက်ပဲ"

ခက်က ဒေါ်ဒေါ့်အတွက် ပန်းသီးဖျော်ရည် ဖျော်ပေးလိုက်သည်။

"ကဲ ... မရွှေခက်၊ လာ ... ထိုင်၊ ငါ့သမီးကလေးကို အရမ်းမတင်းကျပ်ပါနဲ့အေ။ လျော့လွန်းရင် ပတ်တတ်သလို တင်းလွန်းရင်လည်း ပြတ်တတ်တယ်နော်၊ အခု ငါကြားရသလောက်ကတော့ ညည်းဘက်က တင်းလွန်းတာပဲ"





"ဒေါ်ဒေါ်ရယ် ... ခက့်ဝေဒနာကိုလည်း သိသားနဲ့၊ ဖြစ်နိုင်ရင် သမီးလေးကို မှန်ပေါင်းချောင်ထဲတောင် ပိတ်လှောင်ထားချင်တာ"

"သိပါတယ်ကွယ်၊ ခက် ခံစားရတာကို သိပါတယ်၊ ဒါပေမဲ့ ခက်လည်း မြေးလေးနောက်ကို တကောက်ကောက်လိုက်နေတာပဲလေ။ မြေးလေးနဲ့ အဲဒီကောင်လေး ရိုးရိုးသူငယ်ချင်းပဲဆိုတာ ခက် သိတယ်မို့လား"

"ခက် သိပါတယ်၊ ဒါပေမဲ့ သူတို့ခင်ပုံကို ခက်ကြည့်လို့မရဘူး။ တစ်ဆိတ် ရင်းနှီးလွန်းတယ်။ သမီး မိုင်ကလည်း ကောင်လေးအတွက် ဟင်းတွေပိုထည့်သွားတယ်၊ ကောင်လေးကလည်း မိုင့်ကို အရိပ်တကြည့်ကြည့်နဲ့ ဒေါ်ဒေါ်ရဲ့၊ ဒီတော့ မဖြစ်စေချင်တာတွေ ဖြစ်လာမှာစိုးလို့ ခက် တားမြစ်ရတာပါ"

ဒေါ်ဒေါ်က ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကောင်လေးမျိုးရိုးကိုလည်း ခက် သဘောမကျဘူးလေ။ ဒေါ်ဒေါ် သိပြီးရောပေါ့။ ဒေါ်လီချို့ သားတဲ့။ မွေးစားသားလား။ သားအရင်းလား။ ဘာဇာစ်မြစ်မှန်းကို မသိဘဲ ခက်က သမီးနဲ့ ဘယ်လိုစိတ်ချရမလဲ"

"အင်း ... ခက်ပြောသလိုသာဆိုရင် တခြားသမီးရှင်တွေလည်း ဒေါ်လီချို့သားကို သဘောကျပါ့မလား။ ကောင်လေးက ဆေးကျောင်းသား ဆရာဝန်လောင်းလေးမို့လား။ ရိုးသားအေးဆေးဖို့ အရေးကြီးပါတယ် ခက်ရဲ့"

"ဒါပေမဲ့ ဒေါ်ဒေါ်ရယ်။ ခက်က ဒေါ်လီချို့ကို ဘယ်လို ခမည်းခမက်တော်ရမလဲ၊ ဘယ်သမီးရှင်ကမှ အခြောက်မ တစ်ယောက်နဲ့ ခမည်းခမက်တော်ချင်မှာ မဟုတ်ဘူး"

"ထားပါ ကောင်လေးကိစ္စက။ ဒါပေမဲ့ မြေးလေးနဲ့ ကောင်လေးက ရိုးသားတာပဲကွယ်၊ ပြီးတော့ ကောင်လေးမှာက ချစ်သူရှိပြီးသားတဲ့။ ရွှေခက် ... ညည်းစိတ်လျှော့





ပါကွယ်၊ တင်းလွန်းလို့ ပြတ်သွားရင် ညည်း ဒီထက် ရင်ကွဲရလိမ့်မယ်"

ခက်ရင်ထဲက အပူကို ခက်သိပါသည်။ ဒါပေမဲ့ ဖြေဆေးတော့ ခက် ရှာမတွေ့။

✣ ✧ ✣

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများ ပေးပို့ပါလျှင်
အမှတ် ၉/၁၁၊ ၈-လွှာ(ဂ)၊ ဗေယျ၀တီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြင်နာကို ဘာလို့ရှောင်နေတာလဲ ဦးငယ်"

"မရှောင်ပါဘူး အကြင်နာရယ်၊ ကိုယ် အလုပ်ရှုပ်နေလို့ပါ"

ထုံးစံအတိုင်း ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင်နဲ့ တက်သစ်စမော်ဒယ်လ်မလေးတို့ရဲ့ ဘာညာဇာတ်လမ်းကတော့ စပြီ။

အကြင်နာကို ခေါင်းဆောင်မင်းသမီးအဖြစ် တင်ရိုက်စေရန် ကုမ္ပဏီပိုင်ရှင်ကြီးကို အကြင်နာကပ်ရသည်။

ကုမ္ပဏီပိုင်ရှင်ကြီးကလည်း အလကားတော့ ရိုက်မပေး။ အပေးအယူခေတ်ကြီးမှာ အနုပညာအရည်အသွေးက အဓိကမကျတော့။ အပေးအယူက အဓိကကျသည်။





ပိုက်ဆံတတ်နိုင်သူတွေက ပိုက်ဆံပေးပြီး ခေါင်းဆောင်နေရာကို ရယူကြရသည်။

ပိုက်ဆံမတတ်နိုင်ရင်တော့ တတ်နိုင်သလောက်ပေးဆပ်ရတာ ဓမ္မတာပဲလေ။

"ဦးငယ် ... အကြင်နာအပေါ် ဘာမကျေနပ်လို့လဲ"

"မကျေနပ်တာတော့ မဟုတ်ဘူး အကြင်နာ၊ ဒါပေမဲ့ အကြင်နာက ခေါင်းမာတာပဲ။ ကိုယ်နဲ့ အကြင်နာကြားမှာ အကြင်နာလိုချင်တာအတွက် တန်ရာတန်ကြေး ဖလှယ်ခဲ့ကြတာပါ။ အခု အကြင်နာက ဘာလို့ကိုယ်ဝန်အရှိခံရတာလဲ။ ဒါ မင်း သက်သက်လုပ်စွာပဲ။ ကိုယ့်ကို ဒီလိုလာချည်လို့ မရဘူး အကြင်နာ"

"အကြင်နာ တမင်လုပ်တာမှ မဟုတ်တာ ဦးငယ်ရယ်၊ အကြင်နာလည်း ဘယ်ဖြစ်ချင်မှာလဲ။ ဒါက မတော်တဆဖြစ်သွားတာ။ အကြင်နာ လိုချင်တာ ခေါင်းဆောင်မင်းသမီးဘဝပါ။ ကလေးမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဒါဆိုလည်း ဒီကိစ္စကို မင်းနည်းမင်းဟန်နဲ့ မြန်မြန်အဆုံးသတ်လိုက်၊ ပိုက်ဆံလိုရင်ပြော"

"ဦးငယ် ... အကြင်နာ မလုပ်ရဲဘူး ကြောက်တယ်"

"ဘာ ... ဘာကြောက်တာလဲ၊ ဒါဆို မင်းက အမိဖမ်းဖို့ ကလေးယူခဲ့တာ အရှင်းကြီးပဲပေါ့။ ဒီမှာ အကြင်နာ ငါ့မှာ သားနဲ့မယားနဲ့ နောက်ထပ် သားမယားမလိုတော့ဘူး။ မင်း နားလည်လား"

"မဟုတ်ပါဘူး ဦးငယ်ရယ်။ တကယ် ... တကယ် ... အကြင်နာ နားမလည်လို့ မသိလို့ ခုလိုဖြစ်ရတာပါ၊ တကယ်ဆို အကြင်နာလည်း မလိုချင်ပါဘူး။ ဒါပေမဲ့ အကြင်နာ ဘာမှမလုပ်ရဲဘူး၊ အကြင်နာ ကြောက်တယ် ဦးငယ်၊ အကြင်နာ ဘာလုပ်ရမလဲ၊ အကြင်နာတောင်းပန်ပါတယ် ဦးငယ်ရဲ့"

"သွားစမ်းပါကွာ၊ ဒီမှာ အံတိုနေပြီ။ ဒါမျိုးတွေ ရိုးနေပြီ။ ငါပြောသလို လုပ်ရင်လုပ်၊ မဟုတ်ရင်တော့ ငါ ဘာမှမတတ်





နိုင်ဘူး။ မင်း သတ္တိရှိရင် ဒီကလေးကို မွေးလိုက်လေ၊ ဒါပေမဲ့ ငါကတော့ အသိအမှတ်မပြုဘူး။ အိုကွာ ... ရှင်းရှင်းပြောမယ်၊ မင်းကြိုက်တာလုပ်။ လုပ်ချင်တာလုပ်။ ငါ မင်းကို Amount တစ်ခုပေးမယ်။ ဟုတ်ပြီလား"

"အဲလိုမလုပ်ပါနဲ့ ဦးငယ်ရယ်၊ အကြင်နာလေ"

အကြင်နာရဲ့လက်တွေကို အတင်းဆွဲဖြုတ်ဖယ်ထုတ်ကာ အကြင်နာနားက ထွက်သွားသော ရက်စက်မာကျောသော ခြေထောက်တစ်စုံ။ ပန်းပွင့်လေးတွေကို နင်းခြေနေကျ ခြေထောက်တစ်စုံက ပန်းပွင့်တွေရဲ့ နာကျင်မှုကိုမှ မသိတာ။

အကြင်နာ ဒုက္ခရောက်နေပြီ။ တကယ်ဆို အကြင်နာ ကိုယ်တိုင်လည်း ဒီကလေးကို တကယ်လိုချင်လို့မှ မဟုတ်တာ။ မမျှော်လင့်ဘဲ လာတာလေ။ အကြင်နာ တကယ်အရူးမီးဝိုင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... အကြင်နာ၊ ဘာတွေငေါင်နေတာလဲ"

"ဪ ... ဒေစီ"

"ဟုတ်ပ ... အကြင်နာ့ကိုတွေ့လို့ လာနှုတ်ဆက်တာ"

"ဒေစီ ဒီကို ဘာလာလုပ်တာလဲ"

"အခု အဆင်လေးတစ်ယောက်နဲ့ အဆင်ပြေနေတယ်လေ။ အဲဒါ နေ့လယ်စာ လာကျွေးတာ"

"မိုက်တယ်ကွာ။ ဘာလဲ အဆင်လေးနဲ့ တွဲလာတယ်ဆိုတော့ လသာချိုကို မေ့သွားပြီလား"

"အမယ်လေး ... မမေ့ဘူး ... မမေ့ဘူး။ ရင်နာနာနဲ့ကို မမေ့တာ။ ဒေစီ့ကို သူ့အမေ ကန်ထုတ်လိုက်တာကို လုံးဝမမေ့လို့ မရဘူး။ တစ်သက်လုံး နာကြည်းနေမှာ။ လသာချိုကလည်း မာန်တက်တယ်လေ။ ဒေစီ သူ့ကျောင်း





ထိ လိုက်သွားတာတောင် စာရင်းထဲမထည့်ဘူး။ အရမ်းနာတယ်"

"အကြင်နာကိုလည်း သူက စာရင်းမသွင်းပါဘူး ဒေစီရယ်"

"ဟယ် ... အကြင်နာကရော သူ့ကိုလား"

"အကြင်နာနဲ့ဆို ကော်ဖီတစ်ခွက်တောင် အတူမသောက်ချင်ဘူး ထင်ပါရဲ့"

"ဘာမျိုးရိုးမှန်းတောင် မသိတဲ့ကောင်က စွတ်တင်နေတာပါ။ ဒီသားအမိကို ပညာကောင်းကောင်း ပြလိုက်ချင်တယ် တကယ်"

"တကယ် ပညာပြချင်တာလား"

"တကယ်ပေါ့ အကြင်နာရဲ့"

"ဒါဆို ဒေစီနဲ့ အကြင်နာ ပေါင်းလို့ရပြီ"

"လုပ်လိုက်လေ အကြင်နာ၊ ဒေစီက သူတို့ကိုနာနေတာ၊ အခွင့်အရေးသာရမယ်ဆိုရင် ကောင်းကောင်းကို ပညာပြပစ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေလေ ... ဒါဆို အကြင်နာ ဆက်သွယ်လိုက်မယ်"

"စိတ်ချ"

ဒေစီ သူ့ကောင်လေး လာခေါ်သဖြင့် ပါသွားတော့ အကြင်နာအတွေးတွေ ကျားကွက်ရွှေ့နေသည်။

လောလောဆယ် အကြင်နာ့ အခက်အခဲကို ဖြေရှင်းဖို့က အရေးကြီးနေသည်လေ။

ဦးငယ်နဲ့ အပေးအယူဆန်ဆန် ပတ်သက်ခဲ့ကြပေမယ့် အကြင်နာ ချစ်ခဲ့တာက လသာချိုလေ။

✣ ◇ ✣





လေပြေနွဲ့ဆိုသော ကောင်မလေးနဲ့ လသာတို့ မိုးမမြင် လေမမြင် ကြည်နူးချစ်ခင်နေကြတာကိုကြည့်ပြီး အကြင်နာနဲ့ ဒေစီတို့ မရှုစိမ့်နိုင်ကြ။

ဒေစီနဲ့ အကြင်နာ တိုင်ပင်ကိုက်နေကြ၏။

"ဒေစီ တကယ်ကူညီမှာနော်"

"စိတ်ချ ... ကူညီပစ်ဦးမှာ။ သင်းက မိုးမပြင်လေမမြင် ဖြစ်နေတာ ကြည့်လို့ကို မရဘူး။ ကဲကဲဆတ်နေတဲ့ သူ့အမေအခြောက်မကြီး တက်သေအောင်ကို လုပ်ပစ်မယ်"

မကြံကောင်း မစည်ရာတွေကို ကောင်းကောင်းကြီး အကွက်ချ ကြံစည်နေကြသည်။

ကိုယ်ပြုတဲ့ကံ ကိုယ်ပြန်ခံရမည်ဆိုတာကို အကြင်နာရော ဒေစီပါ အမှုမဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေစီကလည်း အငြိုးအမုန်းတွေနဲ့။ အကြင်နာက လည်း ပြဿနာထုပ်နဲ့ဆိုတော့ ပြဿနာကို လသာဆီ ထိုးချဖို့ ကြံစည်တာပါ။

ဒါကို ဒေစီက မသိ။ ဒေစီက လသာကိုချောက်တွန်းချင်တာပဲ သိတာ။ အကြင်နာ့မှာ အထုပ်အထည် ဖြစ်နေမှန်းတော့ မသိ။

လသာနဲ့ လေပြေနွဲ့က ကျောင်းထဲမှာပဲ တွဲတာပါ။ ကျောင်းပြန်ရင်တောင် ကိုယ့်ကားနဲ့ကိုယ် တစ်လမ်းစီ။

အကြင်နာနဲ့ ဒေစီက လသာရဲ့အသွားအလာတွေကို သေချာစောင့်ကြည့်ပြီးမှ အကွက်ကျကျ စီစဉ်သည်။

ကျောင်းနားက ကော်ဖီဆိုင်ကနေ လသာတို့ကို အကဲခတ်ရင်း ...

"ဒေစီ ... အကြင်နာတို့ ဒီနေ့ပဲ လုပ်ငန်းစကြမလား"

"လုပ်လိုက်လေ ကြာသလားလို့၊ လသာချိုဆိုတဲ့ ကောင်ရော သူ့အမေ ဒေါ်လီချိုပါ မာနတွေ ကျိုးစေရမယ်"





အကြင်နာနဲ့ ဒေစီတို့ တိုင်ပင်သံကို မိုင်နဲ့ကြည်ငယ်က ကြားလိုက်သည်။

မိုင်တို့က သူတို့နောက်ကစားပွဲမှာ ထိုင်နေတာပါ။

"ဟဲ့ ... မိုင်မိုင်၊ အဲဒါ ဟိုတစ်ခါ ပြဿနာရှာတဲ့ အခြောက်မ မို့လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ သူတို့ ဘာလုပ်မလို့လဲ မသိဘူးနော်"

"ဟဲ့ ... ငါတို့ လသာကို သတိပေးရအောင်"

"အေး"

သူတို့ တိုင်ပင်နေတုန်း အကြင်နာတို့က ထထွက်သွားကြသည်။

"ဟဲ့ ... သူတို့ ထွက်သွားပြီ၊ လသာဆီ ဖုန်းဆက်ပြီး ပြောလိုက်"

ကြည်ငယ်က လသာဖုန်းကို လှမ်းခေါ်သည်။ ဒုက္ခပဲ။ ဆက်သွယ်မှုဧရိယာပြင်ပတဲ့။ အရေးထဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းအကြိမ်ကြိမ်ခေါ်သော်လည်း မရ။ တကယ်တော့ လသာက ဖုန်းကို ကျောပိုးအိတ်ထဲ ထည့်ထားမိသဖြင့် ဖုန်းမမိခြင်းပါ။ ပြီးတော့ လေပြေကို သူ့အိမ်က ကားလာကြိုသွားပြီမို့ လသာလည်း ကျောင်းထဲက ပြန်ထွက်လာပြီ။ ဖြစ်ချင်တော့ ဒီနေ့ အာကာကလည်း အစောကတည်းက လစ်သွားပြီမို့ လသာ တစ်ယောက်တည်း ပြန်လာတာ။

ဒါကိုသိတဲ့ အကြင်နာနဲ့ ဒေစီက နောက်ကအမီ လိုက်တာပါ။

"ကြည်ငယ် ဆက်လို့မရဘူးလား"

"အေး ... သူ့ဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပပဲ ဖြစ်နေတာဟာ။ ဘယ်လိုလုပ်ကြမလဲ"

"ဟိုအခြောက်မတွေ ကားနောက်လိုက်ကြမယ်ဟာ၊ သင်းတို့ တစ်ခုခုလုပ်မှာ သေချာတယ်"

"အေး"

✣ ✧ ✣





ဒေစီက သူ့အသိတစ်ယောက်ဆီက ငှားလာသော ကားကို ကျင်လည်စွာမောင်းရင်း လသာကားကို ဖြတ်ကျော်တက်ကာ ပိတ်ရပ်လိုက်သည်။

လသာလည်း ရုတ်တရက် အရှိန်နဲ့မို့ ဘရိတ်ကို အမြန်အနင်း ကားခေါင်းက လည်ထွက်သွားကာ လမ်းဘေးအုတ်ဘောင်ကို ပြေးဆောင့်သွားသည်။

"အမယ်လေး ... သေပါပြီ ဒေစီရယ်၊ ဘယ်လိုလုပ်လိုက်တာလဲ"

"ပါးပါးလေးပါ အကြင်နာရယ်၊ အရှိန်သိပ်မပါပါဘူး"

လသာ ကားပေါ်က ဒေါသတကြီး ဆင်းလာ၏။ လသာကို တွေ့လိုက်တာနဲ့ ဒေစီက ပျာပျာသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"လသာ ... လသာရယ် ဆောရီး။ ဒေစီက လသာကို တွေ့တာနဲ့ ကားကိုရပ်လိုက်မိတာ"

"ကျွတ် ... ဒေစီရာ၊ ရှေ့မကြည့် နောက်မကြည့်နဲ့ ဒီမှာ ကျွန်တော့်ကား ထိသွားပြီ"

"ဆောရီးပါဟယ်၊ ဒေစီ ပြန်ပြင်ပေးပါ့မယ်"

"ရပါတယ်၊ သိပ်လည်း မထိတော့ ကိုယ့်ဘာသာပဲ ပြင်လိုက်မယ်၊ တော်ကြာ မေမေသိရင် ကျိုင်းရှာနေဦးမယ်၊ ကဲ ... ကျွန်တော် သွားပြီ"

"ဟယ် ... လသာ၊ ခဏလေး ခဏလေး။ တို့ လသာကို အကူအညီတောင်းစရာရှိလို့"

"ဘာလို့လဲ"

"ကားထဲမှာ ဘယ်သူလဲ ကြည့်ပါဦး လသာ"

"ဟင် ... အကြင်နာ"

"လသာက အကြင်နာကိုတောင် မတွေ့ဘူးနော်"

"ဆောရီး ... အကြင်နာ"





"လသာ ... ဒေစီနဲ့ အကြင်နာလေ၊ လသာကို အကူအညီတောင်းစရာရှိလို့ လသာရယ်၊ အဲဒါကြောင့် လသာကို လာရှာကြတာ"

"ဘာအကူအညီလဲ"

"ဩော် ... ဒီလို လသာရဲ့၊ အကြင်နာ ဗေဒင်သွားတွက်တာ အကြင်နာ့ကံက တော်တော်မကောင်းဘူးတဲ့ လသာရဲ့။ အခန့်မသင့်ရင် အသက်အန္တရာယ်တောင် ရှိတယ်တဲ့။ အဲဒါတွေ ပပျောက်ချင်တယ်ဆိုရင် ဗုဒ္ဓဟူးသားတစ်ယောက်ကို နာနတ်သီးဖျော်ရည်တိုက်ရမယ်ဆိုလို့။ အကြင်နာ အသိတွေထဲမှာ ဗုဒ္ဓဟူးသားတွေ ရှိပေမယ့် ယကြာချေဖို့လို့ မပြောချင်ဘူး။ အဲဒါ ဒေစီက လသာက ဗုဒ္ဓဟူးသားဆိုတာနဲ့ လသာကို ရှာနေတာ။ ဒီနေ့က ဗုဒ္ဓဟူးနေ့လေ လသာရဲ့ ဒီညနေ ငါးနာရီမှာ နာနတ်သီးဖျော်ရည်တိုက်ရမှာ"

"ဒီညနေ"

"ဟုတ်တယ်၊ အဲဒါကြောင့် လသာကားကို အမီလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ကျွန်တော့်ကား ထိသွားတာ သွားလုပ်ရဦးမယ်"

"ဒီလိုလုပ်လေ၊ လသာကားကို ဝပ်ရှော့ပို့ထားလိုက်။ ပြီးရင် ဒေစီတို့ကားနဲ့ လိုက်ခဲ့လိုက်ပေါ့"

"အဲလိုပဲ လုပ်ရတော့မှာပေါ့"

"ဟယ် ... ကျေးဇူးတင်ပါတယ် လသာရယ်"

"ရပါတယ်"

ဒေစီနဲ့ အကြင်နာတို့ရဲ့ အခြောက်ကျင့် အခြောက်ကြံရယ်၊ မိန်းမဆိုးကျင့် မိန်းမဆိုးကြံရယ် ပေါင်းစပ်မှုမှာ လသာကျဆုံးတော့မည်။

ယောကျ်ားတွေရဲ့အားနည်းချက်က မိန်းမလှလေးတွေရဲ့ အသနားခံခြင်းမှာ ပက်ပက်စက်စက် ကျဆုံးတတ်တာပဲ။ မာယာလို့ပြောရင်တောင် သာမန်မိန်းမတွေရဲ့မာယာထက် မိန်းမလှမာယာက ပိုပြီးထိရောက်တယ်။ ခုလည်း လသာ သူတို့နောက် ပါသွားပြီလေ။ သူတို့တိုက်မယ့် နာနတ်သီးဖျော်ရည်က ရိုးသားပါတယ်လို့ ဘယ်သူ အာမခံလို့လဲ။

✣ ✧ ✣





"ဟယ် ... ကြည်ငယ်၊ ဘယ်လိုလုပ်ကြမလဲ။ ဟိုကားပေါ်ပါသွားပြီ"

"အေး ... ဘယ်လိုလုပ်မလဲ။ သူ့အမေကြီးကို ဖုန်းလှမ်းဆက်ရင် ကောင်းမလား"

"ဖုန်းနံပါတ်မှ မသိတာ"

"သူတို့နောက်ပဲ လိုက်ဟာ"

"ဟော ... ရွှေပုစွန်ထဲ ဝင်သွားပြီ"

ရွှေပုစွန်အပြင်ဘက်ကခုံတွေမှာ ထိုင်နေသည်။ အကြင်နာက အထဲဝင်သွားကာ အအေးသွားမှာပုံပဲ။ လသာနဲ့ ဒေစီက အပြင်မှာ ထိုင်နေကြသည်။ ခဏနေတော့ အအေးသုံးခွက်နဲ့ အကြင်နာ ပြန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အအေးသောက်နေကြသည်။ လသာပုံစံက မြန်မြန်ပြီးအေးရော ပုံစံနှင့် အအေးကို မြန်မြန်သောက်နေသည်။

ဒေစီနဲ့ အကြင်နာကို ကြည့်ရတာ ဘယ်လိုမှမရိုးသား။

ဟော ... ကြည့်နေရင်းနဲ့ လသာခုံပေါ်ကို ငိုက်ကျသွားသည်။

"ဟယ် ... လသာ ဘာဖြစ်သွားပြီလဲ မသိဘူး"

ကြည့်နေတုန်း အကြင်နာနဲ့ ဒေစီက လသာ့ကိုတွဲကာ ကားပေါ်ဆွဲတင်နေသည်။

"ကြည်ငယ် ... ဘယ်လိုလုပ်ကြမလဲ"

"ငါတို့ သွားခေါ်ရမှာပေါ့ဟဲ့၊ ဟိုဟာတွေက လသာကို ဘာလုပ်လိုက်လဲ မသိဘူး။ သူတို့နဲ့ ထည့်လိုက်လို့ရမလား"

ကြည်ငယ်နဲ့ မိုင်တို့ ကားပေါ်က အမြန်ဆင်းကာ ဒေစီတို့ဆီ ရောက်သွားသည်။

"လသာ ဘာဖြစ်တာလဲ"





"ဟင်"

ဒေစီနဲ့ အကြင်နာ မျက်နှာပျက်သွားသည်။

"လသာ ... လသာ"

မိုင်က လသာကို အတင်းဆွဲလှုပ်ကာ ခေါ်သော်လည်း လသာကတော့ ခေါင်းငိုက်စိုက်။

"လသာ"

"ဟဲ့ ... ဒီမှာ သူ နေမကောင်းလို့ ငါတို့ခေါ်လာတာ။ သူ့ကို မရှိုးဆိပို့ပေးရမှာ။ ဘာလာရှုပ်နေကြတာလဲ။ ဖယ် ... ဖယ် ... အချိန်မရှိဘူး"

"ဘာနေမကောင်းတာလဲ။ လသာ ခုနအကောင်း၊ ရှင်တို့ တိုက်လိုက်တဲ့ အအေးသောက်ပြီးမှ ခုလိုဖြစ်သွားတာ။ ရှင်တို့အအေးက မရိုးသားဘူး။ လသာကို အစုန်းတဲ့ဆေးခန်းတစ်ခုခုကို အရင်ပို့ရမယ်"

အကြင်နာ တော်တော်ဒေါသထွက်သွားသည်။ လူတွေဝိုင်းကြည့်နေကြပြီ။ အကြင်နာကို မော်ဒယ်တစ်ယောက်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသူတွေလည်းပါသည်။ ပြီးတော့ အကြင်နာ့ပြဿနာထုပ်ကို ဖြေရှင်းဖို့က လသာကို အရခေါ်နိုင်မှရမှာ။

“ဟဲ့ ... နင်တို့က ဘာကိစ္စ ဝင်ပါနေတာလဲ။ နင်တို့နဲ့ လသာ ဘာဆိုင်လို့လဲ။ ငါတို့က ခု လသာကို သူ့အမေဆီ သွားပို့မှာ။ ဒီမှာ လသာ တော်တော်မူးနေတယ်၊ ဖယ် ... ဖယ်”

“မူးနေရင် ဆေးခန်းပို့ရမှာပေါ့၊ ရှင်တို့က တကယ်ရိုးသားရင် သူ့အမေဆီ ဖုန်းဆက်လိုက်”

“ကြည်ငယ် ပြောမနေနဲ့ ဟိုမှာဆေးခန်း။ လသာကို ဆေးခန်းအရင်ပို့။ ဘာဖြစ်သွားမှန်း မသိဘူး”

“နင်တို့ ပါးကွဲချင်လို့လား ... ဖယ်စမ်း”

ဒေစီက သူ့ရဲ့ယောက်ျားအားကြီးနဲ့ ကြည်ငယ်ကို တွန်းထုတ်သည်။ မိုင် တော်တော်ဒေါသထွက်သွားသည်။

“ဒီမှာ အကြင်နာ ... ရှင်တို့ လသာကို ခေါ်သွားရဲရင် ခေါ်သွားကြည့်စမ်း။ အကြင်နာက လသာကို ဆေးခတ်ပြီး





ခေါ်နေတယ်လို့ အော်ပစ်လိုက်မယ်၊ ဒီမှာ ဝိုင်းကြည့်နေတဲ့ လူတွေ သက်သေရှိတယ်”

“ဘာ”

မိုင်က အတင်း လသာကို ဝင်တွဲသည်။ ဒေစီက မိုင့်ကို တွန်းထုတ်ဖို့ပြင်တော့ ...

“ဒေစီ လွှတ်ပေးလိုက်တော့”

အကြင်နာက လူအုပ်ကြီးကို မျက်စပစ်ပြကာ နောက်ဆုတ်လိုက်သည်။

ကြည်ငယ်နဲ့ မိုင်က လသာကို ဆေးခန်းထဲ တွဲခေါ်သွားသည်။ ဝိုင်းကြည့်နေသူတွေထဲက ကောင်လေးတစ်ယောက်က မနိုင်မနင်းဖြစ်နေတဲ့ ကြည်ငယ်တို့ကို လာကူသည်။

တကယ်ပဲ လသာကို သူတို့ ဆေးခတ်ထားကြတာပါ။

“လေးနာရီလောက်တော့ အိပ်ပျော်နေလိမ့်ဦးမယ်”

“ဒေါက်တာ သူ ဘာမှမဖြစ်ပါဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး။ အိပ်ပျော်နေရုံပါ"

"တော်သေးတာပေါ့၊ ဪ ... ဒေါက်တာ၊ ရန်ကုန်လမ်းညွှန်စာအုပ်ရှိလား မသိဘူးရှင့်"

"ဘာလုပ်မလို့လဲ မိုင်"

"ဒေါ်လီချို့ဆိုင်ဖုန်း ရှာမလို့"

"တုံးပါ့ဟာ၊ လသာဖုန်းထဲမှာ ရှိမှာပေါ့ဟဲ့"

"အေးဟာ ... ငါလည်း ပူထူပြီး သတိမရဘူး"

လသာဖုန်းနဲ့ သူ့အမေဆီ ဖုန်းခေါ်ပေးလိုက်သည်။ ဒေါ်လီချို ရောက်လာမှ သူမတို့ အိမ်ပြန်ရသည်။ သို့သော်အချိန်က လင့်နေပြီ။ ညခုနစ်နာရီ။

✣ ✧ ✣





ဖြစ်ချင်တော့ အဲဒီညနေက လသာရဲ့ဆက်သွယ်မှုဧရိယာပြင်ပရောက်နေသောဖုန်းကိုခေါ်ရင်း မိုင့်ဖုန်းက ဘက်ထရီကုန်သွားသည်။ ကြည်ငယ့်ဖုန်းက ကားပေါ်မှာ ကျန်ခဲ့သည်။ ကြည်ငယ်နဲ့ မိုင်တို့ ဒေါ်လီချိုလာတော့ အကျိုးအကြောင်းရှင်းပြပြီး ကားပေါ်ပြန်ရောက်တော့ ကြည်ငယ့်ဖုန်းမှာ Miss call တွေ အများကြီး ဖြစ်နေသည်။

"ဟယ် ... အိမ်ကရော၊ လေပြေ့ဆီကရော၊ နင်တို့အိမ်ကရော ဖုန်းတွေ တန်းစီနေတာပဲ"

ကြည်ငယ့်အသံကြားမှ ကိုယ့်ဖုန်းကို ပြန်ကြည့်မိသည်။ ဘက်ထရီခေါင်းသွားပြီ။ အဲဒါကြောင့် မေမေက ကြည်ငယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆီ ဆက်ထားတာကိုး။ ဒုက္ခပဲ။ မေမေ့ကို ဘယ်လိုရှင်းပြရမလဲ။ နဂိုကမှ မယုံတာလေ။

ထိုစဉ်မှာပဲ ကြည်ငယ့်ဖုန်းက မြည်လာပြန်သည်။

"လေပြေ ဆက်တာ"

ကြည်ငယ်က သူမကိုပြောရင်း ဖုန်းကိုမြန်ထူးလိုက်သည်။

"ဟဲလို"

"ကြည်ငယ် ... နင်နဲ့မိုင် ဘယ်ရောက်နေလဲ၊ နင်တို့အိမ်တွေက ရှာနေတယ်"

"ငါတို့ အခု အိမ်ပြန်နေပြီ"

"ကြည်ငယ် ... ငါ လသာကိုလည်း ဖုန်းခေါ်လို့မရဘူး။ လသာ နင်တို့နဲ့အတူ ရှိနေလား"

"ငါ အိမ်ရောက်မှ ပြန်ဆက်လိုက်မယ် လေပြေ။ အခု အိမ်ကို ဆက်လိုက်ဦးမယ်"

"အေး ... ပြီးရော"





ကြည်ငယ်က သူမအိမ်ကို ဖုန်းအရင်ဆက်လိုက်သည်။

ပြီးတော့ မိုင့်မေမေဆီ ခေါ်လိုက်သည်။

မေမေက ဘွားဘွား အိမ်မပြန်ဘဲ အိမ်ကိုပဲပြန်ခဲ့ဖို့ ပြောသဖြင့် ...

"နင် ငါ့ကို အရင်ပို့မလား ကြည်ငယ်"

"အေး ... ငါတို့အိမ်က နင့်အိမ်ကို လာစောင့်မယ်တဲ့"

"ငါတော့ ကျိုင်တက်ပြီ ကြည်ငယ်။ လသာကိစ္စနဲ့နောက်ကျမှန်းသိရင် မေမေ ခွင့်လွှတ်ပါ့မလား"

"ငါပါ ဝိုင်းရှင်းပြပေးမှာပေါ့ဟာ"

"မေမေ့အကြောင်း ငါ အသိဆုံးပဲဟာ"

"ငါ တစ်ခုပြောမယ်နော် မိုင်"

"ပြောချင်တာသာ ပြော"

"နင် စိတ်မဆိုးနဲ့"

"ပြောစမ်းပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် လသာကို တော်တော်ခင်တယ်နော်။ ပြောရမယ်ဆို ရင်ဟာ သာမန်ထက်ပိုတယ်၊ ငါတို့လည်း လသာနဲ့ခင်တာ ပဲ။ ဒါပေမဲ့ နင်က သံယောဇဉ်ပိုနေသလိုပဲ၊ ပြီးတော့ လသာလည်း အတူတူပဲ။ နင့်ကြောင့် လေပြေကို မြန်မြန် ဖွင့်ပြောလိုက်သလိုပဲ။ အန်တီက နင့်ကို သံသယကင်းအောင် ပေါ့ဟာ"

"ငါ လသာကို အစ်ကိုတစ်ယောက်လို ခင်တာ။ သူက ညီမလေးလို့ခေါ်တိုင်း တကယ့် အစ်ကိုရင်းတစ်ယောက် လို ခံစားရတယ်၊ ငါက အစ်ကို အစ်မ မရှိတဲ့သူဆိုတော့ တွယ်တာမိသွားတာ ထင်ပါတယ်"

"နင် သူ့ကို မချစ်တာ သေချာလား"

"နင်ပြောတဲ့ မရိုးမသားအချစ်မျိုး လုံးဝမရှိဘူး။ သေချာ တယ်။ ဘာလို့လဲသိလား။ ငါချစ်နေတာ သပ်သပ်ရှိလို့ ပေါ့"

"ဘာရယ်"





"တော်ပြီ ကြည်ငယ်၊ နင်နဲ့ ငါ ပြောခဲ့တဲ့စကားတွေ ဒီနေရာမှာပဲ ဖျောက်လိုက်ကြစို့ဟာ"

ကြည်ငယ် အတွေးများသွားသည်။ မိုင် ချစ်တာ ဘယ်သူလဲ။ လသာမဟုတ်ရင် အာကာများလား။ ကမ္ဘာကြီးက ဘာတွေဖြစ်ကုန်ပြီလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကြည်ငယ်နဲ့ မိုင် ဘယ်လိုပဲ အမှန်အတိုင်း ရှင်းပြပေမယ့် လက်မခံ။ လုံးဝကို လက်မခံပါ။

အထူးသဖြင့် လသာကြောင့် နောက်ကျရတာမို့ သူမကို ကျောင်းတက်ခွင့်ပါ ပိတ်ပစ်လိုက်သည်။

မိုင်လည်း ဘာမှပြောချင်စိတ် မရှိတော့ပါ။ မေမေ ကြိုက်သလိုသာ ဆုံးဖြတ်တော့။

အရေးထဲ လေပြေကပါ အထင်လွဲသည်။

“မိုင်မိုင် ... နင်တို့ ဘယ်လိုဖြစ်တာလဲ။ လသာနဲ့ငါ အခု ထိ အဆက်အသွယ် မရသေးဘူး။ နင်တို့ ငါ့နောက်ကျော ကို ဓားနဲ့ထိုးနေကြတာလား။ နင်တို့ရဲ့သံယောဇဉ်ကို ဖုံး ကွယ်ပြီး ငါ့ကို အရူးလုပ်ကြတာလား”





မိုင်မိုင် ဘာမှမပြောချင်တော့ဘဲ ဖုန်းပိတ်ပစ်လိုက်သည်။

စိတ်ညစ်သည်။ လသာကိုလည်း စိတ်ပူနေသည်။ လသာ နိုးလာပြီလားမသိ။

ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ဟာ အရိုးသားဆုံးနဲ့ ခင်မင်သံယောဇဉ်ရှိခွင့် မရှိဘူးလား။

ကောင်လေးနဲ့ ကောင်မလေး ပတ်သက်လိုက်တာနဲ့ မရိုးသားတာလား။

ခါးတယ်ကွာ။

✣ ◇ ✣

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ကစပြီး မိုင် ကျောင်းမတက်ရတော့။ ကြည်ငယ်က လေပြေကို စိတ်ဆိုးသည်။

"လေပြေ ... နင် သိပ်လွန်တာပဲ။ အကျိုးအကြောင်းကို အရင်မေးပါဦးလား။ ဘုမသိဘမသိနဲ့ မိုင်မိုင့်ကို သွားရမ်းတယ်။ တကယ်ဆို ငါလည်း ပါတာပဲ။ အကျိုးအကြောင်း မေးပါဦးလား"

"ဆောရီးဟာ ... ငါကလည်း အခံရှိထားတော့ စိတ်ပူပြီး ပြောမိတာ။ ငါ မိုင့်ကို တောင်းပန်လိုက်ပါ့မယ်"

လေပြေက လသာကို စူးစိုက်ကြည့်ကာ ...

"မိုင်မိုင်က လသာကို ကူညီရင် သူ ဒီလိုအပြစ်ပေးခံရမယ်ဆိုတာကိုတောင် သိရက်နဲ့ ကူညီတယ်။ လသာကလည်း မိုင်မိုင် ကျောင်းမတက်တာကို ပျာယာခတ်နေတာပဲနော်"





"လေပြေ ... မင်းစကားက ကိုယ်တို့ကို စော်ကားနေသလိုပဲ။ ကိုယ်တို့ တကယ်ရိုးသားတာ မင်း သိပါတယ်။ အေး ... ဒါပေမဲ့ သံယောဇဉ်တော့ရှိတယ်။ မင်းထင်သလို မရိုးမသား သံယောဇဉ်တော့ မဟုတ်ဘူး။ ငါ့ညီမလေးတစ်ယောက်လို ငါ သံယောဇဉ်ရှိတာ"

လေပြေက မလျှော့ပါ။

"အဲဒါလည်း ထူးဆန်းတယ်နော်။ တကယ်ဆို သူစိမ်းတွေပဲ"

"မယုံသင်္ကာတွေနဲ့ ပြောနေတာလား လေပြေ"

"လေပြေ တစ်ခုပြောမယ်နော်၊ ချစ်သူတစ်ယောက်အနေနဲ့ သိချင်တာ တစ်ခုရှိတယ်။ မိုင်မိုင်နဲ့ လေပြေ ဘယ်သူ့ကို ပိုပြီး သံယောဇဉ်ရှိလဲ"

"နှိုင်းစရာမလိုပါဘူး လေပြေ။ လေပြေက ကိုယ့်ချစ်သူ ကိုယ်လက်ထပ်မယ့် ကိုယ့်ဘဝရဲ့လက်တွဲဖော်။ ဒါပေမဲ့ မိုင်မိုင့်ကိုက ညီမလေးတစ်ယောက်လို ရိုးသားပါတယ်။ ဒါကို လေပြေ နားလည်ပေးစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပြီးရော၊ လေပြေက လသာကို အရမ်းချစ်လို့ သဝန်တိုတာပါ လသာရယ်"

ကြည်ငယ်က မျက်စောင်းထိုးသည်။

"အဲဒါဆို ဒီညနေ ငါတို့သုံးယောက် မိုင်မိုင့်ဆီ သွားကြတာပေါ့။ အာကာက ဒီနေ့လည်း မလာပြန်ဘူး။ ဒီကောင်ခုတလော ကျောင်းအရမ်းပြေးတာပဲ"

ဒါပေမဲ့ အာကာ ဘာကြောင့် စိတ်နဲ့လူ မကပ်သလဲဆိုတာကိုလည်း သူတို့အားလုံး နားလည်ကြပါသည်။

အချစ်ဆိုတာလည်း ခက်သားကလား။ မေတ္တာဆိုတာသာ ရောင်ပြန်ဟပ်တတ်ပေမယ့် အချစ်ကတော့ အသွားအပြန်မရှိဘူးလေ။ ချစ်ကတည်းက မေတ္တာတရားတွေ စိမ့်ယိုစီးနေပေမယ့် တဏှာပေမဆိုတာကြီးကပါ ရောယှက်စပ်နွှယ်နေတာကိုး။

ဒီတော့လည်း ကိုယ်ကချစ်ရသလောက် ကိုယ့်ကိုချစ်တုံ့ပြန်မှာပဲလို့ မျှော်လင့်လို့ မရနိုင်ဘူးလေ။

မျှော်လင့်တယ်ဆိုကတည်းက ကိုယ့်ဖို့ဆိုတာကပါနေတာကိုး။





မေတ္တာတရားမှာတော့ မျှော်လင့်ခြင်း မပါဝင်ဘူး။ မျှော်လင့်နေရင်လည်း မေတ္တာတရားက မသန့်စင်ပဲ အရောင်ဆိုးခံနေရပြီလေ။

အဲဒါကြောင့် မေတ္တာသန့်သန့်လေးတွေမှာ အသွားအပြန်ရှိတတ်ပေမယ့် အချစ်ဆိုတဲ့ အရာကတော့ ! ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းတာနဲ့ လသာတို့အားလုံး မိုင်မိုင်တို့ အိမ်ကို သွားကြသည်။

မိုင်မိုင့်အမေက သူတို့ရောက်လာတာကို အံ့သြနေပုံ ရပေမယ့် နှင်တော့မထုတ်။ မိုင်မိုင်နှင့်လည်း မတွေ့ရပါ။

"ကဲ ... ထိုင်ကြ၊ ဘာကိစ္စနဲ့ လာကြတာလဲ"

အိမ်ဖော်ကောင်မလေးတစ်ယောက်က အအေးနဲ့ ကိတ်တွေ လာချပေးပေမယ့် မိုင်မိုင့်ကိုတော့ အရိပ်တောင်မမြင်ရပါ။

"ကျွန်တော်က လသာချိုပါ အန်တီ"

ခက် ရင်ထဲ ဒိတ်ခနဲတုန်သည်။ မျက်ဝန်းညိုညိုတွေ။ ခက်တစ်သက်လုံး မေ့မရတဲ့ မျက်ဝန်းညိုညိုတွေ။ ဒီကောင်လေး ကို ခက်အဝေးကပဲ မြင်ဖူးခဲ့တာ။ အနီးကပ်မြင်ဖူးတော့မှ ဒီကောင် လေး မျက်နှာက တစ်စုံတစ်ယောက်နဲ့ တော်တော်တူနေသည်။





ကိုလွမ်းရဲ့ အမျိုးတွေထဲကများလား။ ကွယ် ... တိုက်ဆိုင်မှုတွေက ဘာလို့ ဒီလောက်ခြောက်လှန့်ရတာလဲ။ တစ်ချိန် က ဒီမျက်ဝန်းညိုတွေအောက်မှာ ခက် ကျဆုံးခဲ့တယ်လေ။

အခု ခက်ရဲ့သမီးလေး ပတ်ဝန်းကျင်မှာလည်း ဒီလိုမျက်ဝန်းတစ်စုံ ရှိနေသတဲ့လား။

ခက် သက်ပြင်းကို ခပ်ဖွဖွချရင်း ခေါင်းညိတ်ပြလိုက် သည်။

"မနေ့က ကျွန်တော့်ကို မိုင်နဲ့ ကြည်ငယ်သာ မကူညီခဲ့ရင် ကျွန်တော် တော်တော်ဒုက္ခရောက်မှာ အန်တီ။ ဒါပေမဲ့ ကျွန်တော့်ကို ကူညီလို့ မိုင့်ကို အန်တီက ကျောင်းတက်ခွင့် မပေးတော့ဘူးဆိုတော့ ကျွန်တော် တော်တော်စိတ်မကောင်း ဖြစ်ရတယ်"

ဒေါ်ခက်နဲ့သာက ဘာမှပြန်မပြောပါ။ ခုချိန်ထိ ဒီကောင်လေး ဘာအတွက် လာသလဲဆိုတာ သူ မသိသေးဘူး လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ မိုင် ခင်တာကို အန်တီအထင်လွဲနေတယ်လို့ သိရပါတယ် အန်တီ၊ အဲဒီအတွက် ကျွန်တော်လာရှင်းပြတာပါ အန်တီ၊ ကျွန်တော်ချစ်တာ လေပြေပါ၊ ခုဆို ကျွန်တော်နဲ့ လေပြေတို့ဟာ အပြန်အလှန် ချစ်ကြတဲ့ ချစ်သူတွေပါ။ ဒါပေမဲ့ မိုင့်ကို ကျွန်တော်က ညီမလေးတစ်ယောက်လို သံယောဇဉ်ရှိတာ ဝန်ခံပါတယ် အန်တီ၊ မိုင်ကိုယ်တိုင်လည်း ကျွန်တော့်ကို မောင်နှမလို သံယောဇဉ်ရှိတာပဲဖြစ်မှာပါ၊ တကယ်ဆို ကျွန်တော်တို့က ညီအစ်ကိုမောင်နှမမရှိကြလို့ သူငယ်ချင်းကို မောင်နှမလို ခင်မိတာလည်းဖြစ်နိုင်ပါတယ် အန်တီ။ အန်တီက ကျွန်တော်တို့ကိုနားလည်ပေးပြီး မိုင့်ကို ကျောင်းပြန်တက်ခွင့်ပေးပါ အန်တီ။ ကျွန်တော် မိုင့်ကို တကယ့်ညီမလေးတစ်ယောက်လို စောင့်ရှောက်ပါမယ်လို့ ကတိပေးပါတယ် အန်တီ"

လသာက ပြောလက်စကိုရပ်ပြီး အအေးသောက်လိုက်သည်။ ဘာကြောင့်မှန်းမသိ။ ဒီအန်တီကို ခခယယပြောနေမိ





သည်။ ပြီးတော့ ဒီအန်တီကို မြင်မြင်ချင်း ဘယ်လိုနှစ်လိုမိမှန်းမသိ။

လေပြေကလည်း ...

"ဟုတ်ပါတယ် အန်တီ၊ လေပြေနဲ့ လသာက တကယ်ချစ်သူတွေပါ။ မိုင်နဲ့ ဘာမှမဆိုင်ပါဘူး။ မိုင်နဲ့ လသာက ရိုးရိုးခင်တာပါ။ မနေ့ကလည်း လသာဒုက္ခရောက်မှာကို သိသိကြီးနဲ့ မျက်နှာလွှဲမသွားနိုင်လို့ ကူညီတာနေမှာပါ အန်တီ။ မိုင့်ကို ကျောင်းပြန်တက်ခွင့် ပေးလိုက်ပါနော်"

"ပေးရမှာပေါ့ကွယ်"

ထိုစကားကို ဒေါ်ခက်နုံ့သာက ပြောတာမဟုတ်ပါ။

"ဒေါ်ဒေါ်"

"ဟင် ... အန်တီကြီး"

"ရွှေခက်ရယ် သမီးကို ဒေါ်ဒေါ် ဘာပြောထားလဲကွယ်။ ဒီကလေးက ဒီဘက်က သမီးလေးရဲ့ချစ်သူပါလို့ အလီဘိုင်ပြနေပြီပဲကွယ်၊ မိုင်လေးကို ဘာလို့ ကျောင်းပေးမ



www.burmeseclassic.com

www.burmeseclassic.com



တက်တာလဲ၊ ကလေးတို့ စိတ်အေးအေးထား။ မနက်ဖြန် မိုင်လေး ကျောင်းပြန်တက်စေရမယ်"

"ကျေးဇူးပါပဲ အန်တီကြီးရယ်"

လသာက မမျှော်လင့်ဘဲ မေမေ့မိတ်ဆွေ အန်တီကြီးနဲ့တွေ့လိုက်ရသဖြင့် အားတက်သွားသည်။

"ဒေါ်ဒေါ်"

"ရွှေခက် ... သမီး ဘာမှမပြောနဲ့တော့။ ဒီကလေးနဲ့ မြေးလေးအတွက် ဒေါ်ဒေါ် တာဝန်ယူတယ်"

ခက် ဘာမှမပြောနိုင်တော့။

"ဒါဆို သားတို့ပြန်လိုက်ပါဦးမယ် အန်တီ၊ အန်တီကြီး ခွင့်ပြုပါဦး"

"ကောင်းပြီ ကလေး"

ကလေးတွေ ပြန်သွားတော့ စက်ရုပ်ကြီးပြုတ်။

"ဒေါ်ဒေါ် ... အဲဒီ လသာချိုက ကိုလွှမ်းနဲ့အရမ်းတူတယ်၊ ဒေါ်ဒေါ် အဲဒီကလေးကို သိနေတာလား"





"သူ့အမေ ဒေါ်လီချိုနဲ့ ခင်တာပါ။ ကလေးက သဘောမနောကောင်းလေးပါ။ တကယ်လည်း မြေးလေးနဲ့ဘာမှဖြစ်မှာ မဟုတ်ဘူး။ သမီး မစိုးရိမ်နဲ့တော့"

"ဒေါ်ဒေါ်ရယ်"

"ရွှေခက်ရယ် ... ငါ့သမီးစိတ်တွေ လျှော့စမ်းကွယ်"

"ပြောရရင် ကိုလွှမ်းကို ခက် တစ်ရက်မှ မေ့မရခဲ့ဘူး ဒေါ်ဒေါ်။ အခု ဒီကလေးကို မြင်ရတော့ ပိုဆိုးတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ကိုလွှမ်းနဲ့ တော်တော်ဆင်တယ်"

တူမဖြစ်သူကိုကြည့်ကာ အဒေါ်ဖြစ်သူရင်မှာ မချိ။ တူမှာပေါ့။ အဲဒါ ကိုလွှမ်းရဲ့ရင်သွေး။ ညည်းမွေးခဲ့တဲ့ ကလေးပဲလို့။

ဒါပေမဲ့ တည်ငြိမ်ပြီးသား ကန်ရေပြင်။ တည်ငြိမ်အောင် မနည်းကြိုးစားထားရတဲ့ ကန်ရေပြင်ကို ခဲနဲ့မပေါက်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခုချိန်မှာ ပိုပြီးမပြောချင်။ နလုံးရောဂါရှိနေတဲ့ တူမဖြစ်သူဟာ စိတ်လှုပ်ရှားလွန်းလို့ ချွေးသီးချွေးပေါက်တွေနဲ့လေ။

အရာအားလုံးကို သိနေရတာလည်း မကောင်းပါဘူးလေ။ ကိုယ့်မှာပဲ အပြစ်ရှိသလို ခံစားရတယ်။

✣ ✧ ✣





မိုင်မိုင် ကျောင်းပြန်တက်ခွင့် ရခဲ့ပါသည်။ သို့သော် လေပြေကတော့ ပြဿနာတက်နေသည်။

လေပြေတို့အိမ်က လေပြေနဲ့ လသာ ချစ်သူတွေဖြစ်နေကြတာကို သိသွားကာ ဒေါ်လီချိုသား လသာနှင့် လေပြေကို လုံးဝဘောမတူဘဲ ခါးခါးသီးသီး ဖြစ်နေကြပါသည်။

ဒေါ်လီချိုသား အရင်းလား၊ မွေးစားသားလား စသဖြင့် လသာမျိုးရိုးကို မေးတော့လည်း လေပြေက ဘာမှမဖြေနိုင်။ လေပြေချစ်တာ လသာလေ။ သူ့မျိုးရိုးမှ မဟုတ်တာ။

ပြီးတော့ လေပြေ လသာကို အဲဒီလိုကိစ္စတွေလည်း မမေးချင်ဘူးလေ။

သို့သော် အိမ်က တော်တော်ခါးသီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လေပြေ မေမေအားလုံးကြားပြီးသား၊ မခက်က သူ့သမီး မိုင်မိုင်နဲ့ လသာချိုကို သဘောမတူလို့ အသည်းအသန်တားတာလေ။ ဒေါ်လီချို့ကို ခမည်းခမက် မတော်နိုင်လို့တဲ့။ မေမေကရော ဒီအခြောက်ကို ခမည်းခမက်တော်ရမှာလား လေပြေ"

"မေမေရယ် ... ဒါတွေက အရေးမကြီးတဲ့ ပညတ်ချက်တွေပါ။ အဓိက လသာက ကောင်းရင် ပြီးတာပဲမို့လား"

"လူမှာအမျိုး ကြက်မှာအရိုးတဲ့။ ဘာမျိုးရိုး ဘာဗီဇမှန်းတောင် သေချာမသိတဲ့သူနဲ့ ညည်းကို မေမေ ဘယ်လိုသဘောတူရမလဲ။ ပြောစမ်း"

"မေမေ"

"တော်ပြီ လေပြေ၊ မေမေ့ကို ဘာမှထပ်မပြောနဲ့။ မေမေလုံးဝသဘောမတူဘူး"

"မေမေ အဓိကသဘောမတူတာက ဒေါ်လီချို့သားဖြစ်နေလို့လား"





"သေချာတာပေါ့။ ဒေါ်လီချို့ဟာ သူ့အနေအထားနဲ့သူ အရမ်းအောင်မြင်တဲ့ လူတစ်ယောက်၊ လူတော်တစ်ယောက်ပါ။ ဒါပေမဲ့ လသာချို့ရဲ့အဖေ မဟုတ်ဘဲ အမေဖြစ်နေတာက သမီးရဲ့ယောက္ခမဖြစ်ဖို့ မသင့်တော်သလို မေမေတို့ရဲ့ခမည်းခမက်လည်း မဖြစ်နိုင်ဘူး သမီး။ ပိုပြီးမဖြစ်နိုင်တာက မခက်နဲ့သာတို့က သမက်တော်ဖို့ ငြင်းထားတဲ့ကောင်လေးကို မေမေက ဝမ်းသာအားရကြိုဆိုသင့်လား"

"အဲဒါတော့ မဆိုင်ပါဘူး မေမေရယ်"

"တော်ပြီ သမီး၊ ဘာမှမပြောနဲ့"

လေပြေ ဘာလုပ်ရမလဲ လသာရယ်။

✣ ◇ ✣



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်ဖွဲ့လုံး ဝိုင်းပြီးညစ်ပေးကြသည်။ လသာကိုလည်း သနားသည်။ လေပြေကိုလည်း သနားသည်။ အာကာတောင် သူ့အချစ်ဆုံးသူငယ်ချင်းနဲ့ အချစ်ဆုံးကောင်မလေးတို့အတွက် တော်တော်စိတ်မကောင်း ဖြစ်ရသည်။

လေပြေနဲ့ လသာတို့ နှစ်ယောက်တည်း ကန်င်တီးတွင် ထိုင်နေကြသည်။ ရင်မှာအပူတွေစုနေတာမို့ အတန်းလည်း မတက် နိုင်။

ပြီးမှ မိုင်တို့ဆီက စာပြန်ကူးရမည်။

"လသာ"

"ပြော … လေပြေ"





"လသာက ဒေါ်လီချို့သားအရင်းလား"

"ဖြစ်နိုင်ရင် ဒီအကြောင်းတွေကို မပြောချင်ဘူး လေပြေ။ ဒါပေမဲ့ ကိုယ့်လေပြေကို ချစ်လွန်းလို့ ဖွင့်ပြောပြမယ်။ ကိုယ်က မေမေ့သား မဟုတ်ပါဘူး။ မေမေက ကိုယ့်ကို မွေးစားခဲ့တာ။ ဒါပေမဲ့ ဘယ်သူ့ဆီက မွေးစားခဲ့တယ်၊ ဘယ်သူက ကိုယ့်မိဘတွေလဲဆိုတာ ကိုယ်မသိဘူး။ မေမေက သူ့ကို သနားရင် မိဘအရင်းတွေအကြောင်း ဘယ်တော့မှ မမေးပါနဲ့လို့ပဲ ပြောခဲ့တာ"

"လသာရယ်"

"အဲဒါကြောင့် ကိုယ် မေမေ့ကို မမေးရက်ခဲ့ဘူး။ ဒါပေမဲ့ ခု ကိုယ်အရမ်းချစ်ရတဲ့ လေပြေတို့ဘက်ကလည်း ကိုယ့်မိဘမျိုးရိုးကို သိရမှ သဘောတူနိုင်မယ့် အခြေအနေဖြစ်တယ်။ ကိုယ် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး လေပြေ။ မေမေ့ကိုလည်း သနားတယ်၊ လေပြေကိုလည်း သနားတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း သနားလာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"လသာရယ်"

"ကိုယ့်ကို မေမေက ဘယ်လိုမွေးမြူစောင့်ရှောက်ခဲ့ရသလဲဆိုတာ ကိုယ်အသိဆုံး။ လေပြေ ကိုယ့်ကိုချစ်တာလည်း သိတယ်။ ကိုယ် ဘယ်လိုဖြေရှင်းရမလဲ မသိဘူး လေပြေ"

"လသာ ... လေပြေကို အတွက်ကြီးတယ်တော့ မထင်ပါနဲ့နော်။ လေပြေ လသာနဲ့ မခွဲနိုင်ဘူး"

လသာ ညစ်ရသည်။ လေပြေစကားက အတိုင်းအတာတစ်ခုထိ ထိရောက်သည်လေ။

စာတွေမကူးနိုင်သဖြင့် အာကာတို့ မိုင်တို့က သူတို့အတွက် စာတွေဝိုင်းကူပေးနေ၏။

အိမ်ပြန်ရောက်ပြီး အခန်းထဲမှာလှဲလိုက်၊ ထိုင်လိုက်၊ လမ်းလျှောက်လိုက်နဲ့ ညစ်နေမိသည်။

မိုးလင်းရင် ကျောင်းသွား။ လေပြေနဲ့တွေ့။

တစ်နေ့ကုန် ကင်န်တီးမှာထိုင်ပြီး နှစ်ယောက်သား အဖြေရှာလည်း အဖြေမတွေ့ဘဲ စိတ်ပဲညစ်လာသည်။





နောက်ပိုင်းကျတော့ လေပြေအိမ်က လေပြေကို ကျောင်းပေးမတက်တော့။

"ကျောင်းလွှတ်တာ စာမသင်ဘဲ ကင်န်တီးထိုင်နေမှတော့ ညည်းကို ဘာလို့ ကျောင်းတက်ခိုင်းနေတော့မလဲ လေပြေ။ ညည်းကို စာသင်ခိုင်းလည်း စာထဲစိတ်မရောက်မယ့်အတူတူ ကျောင်းထုတ်ပစ်မယ်။ အရှက်တော့ အကွဲမခံဘူး။ နားလည်လား"

"မေမေ"

"တော် ... ငါ့ကို ဘာမှမပြောနဲ့။ ဒီမှာ လေပြေ ... ညည်းကို ဒီတိုင်းထားလို့ မဖြစ်ဘူးဆိုတာ ငါသိပြီ။ ညည်းအတွက် တစ်ခုခုစီစဉ်မှ ရတော့မယ်"

"မေမေ"

ဘုရား ... လေပြေကို ယောကျ်ားပေးစားတော့မလား မသိ။ ဖုန်းလည်းသိမ်းသွားပြီမို့ လေပြေ ပြင်ပနဲ့အဆက်အသွယ်ပြတ်ပြီး မိုင်နဲ့ ကြည်ငယ် လာတာတောင် ပေးမတွေ့တော့။ ရှုပြီ။

✢ ◇ ✢



www.burmeseclassic.com

www.burmeseclassic.com



လေပြေနဲ့ အဆက်အသွယ် မရသဖြင့် လသာ နေမထိထိုင်မသာ ဖြစ်နေသည်။ မျက်နှာ မကြည်သာသော သားဖြစ်သူ အရိပ်အကဲကိုကြည့်ကာ ဒေါ်လီချို က အကဲတခတ်ခတ်။ နောက်ဆုံးမနေနိုင်တော့ ဖွင့်မေးဖြစ်သည်။

"သားချို ... သား ဘာဖြစ်နေတာလဲ။ မေမေ့ကိုပြော။ သား တစ်ခုခု ဖြစ်နေတယ်မို့လား"

"မဖြစ်ပါဘူး မေမေ"

"သားနဲ့ မေမေကြားမှာ ဖုံးကွယ်ထားစရာ လိုလို့လားသား။ ဒေစီတို့ အကြင်နာတို့ ငါ့သားကိုထပ်ပြီး ပြဿနာရှာပြန်ပြီလား။ ဒီတစ်ခါတော့ သင်းတို့ကို ဘယ်လိုမှ





သည်းမခံနိုင်ဘူး။ သင်းတို့ သေရင်သေ။ မသေရင် ငါအသေပဲ"

"မဟုတ်ပါဘူး မေမေရယ်။ သူတို့နဲ့ ဘာမှမဆိုင်ပါဘူး"

"ဒါဆို ဘာဖြစ်လို့လဲပြော"

"သား စာသိပ်မလိုက်နိုင်လို့ပါ"

မိခင်ဝမ်းကကျွတ်ပြီး အူဝဲဆိုကတည်းက နို့ဘူးတိုက်ပြီး တယုတယ ပြုစုစောင့်ရှောက်လာရတဲ့သားက မိမိကိုညာနေသည်။

ဒီသားမျက်နှာအရိပ်ကိုကြည့်ပြီး ရှင်သန်ခဲ့ရတာ အနှစ်နှစ်ဆယ်တောင်ရှိပြီ။ ဒီသား တစ်ခုခုဖြစ်ကိုဖြစ်နေပြီဆိုတာ သိပြီးသား။ သားက ပြောချင်ပုံမရ။ ဘာများအခက်အခဲဖြစ်နေပါလိမ့်။ ရှိစေတော့။ သားမပြောချင်တာကို အတင်းမမေးလိုတော့။ သားရဲ့သူငယ်ချင်းလေးတွေဆီ သွားမေးကြည့်ရမည်။

သား ဒီလိုညစ်မှိုင်မှိုင်နေတာကို မကြည့်ရက်နိုင်။ သားရဲ့အခက်အခဲဟာ သူ့အခက်အခဲပဲပေါ့။ ဒီသားကို သူဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့ရသလဲ။ မိဘအသိုင်းအဝိုင်းတစ်ခုလုံးရဲ့ အစွန့်ပစ်ခံပြီးမွေးလာရတဲ့သား။

သားအရင်းမဟုတ်ဘူး ဆိုပေမယ့် သားအရင်းအခြာသွေးစစ်စစ်ကလေးလို တန်ဖိုးထားချစ်ခင်ခဲ့မိတာ ကိုယ်ပဲသိသည်။

သဘာဝတရားကြီးက ယောကျ်ားခန္ဓာကိုယ်အဖြစ်မွေးဖွားခဲ့ပေမယ့် ငယ်စဉ်ကတည်းက ကိုယ့်ကိုယ်ကိုယ် မိန်းကလေးလို့ သတ်မှတ်ခဲ့ပြီး မိန်းကလေးလို ကျင့်ကြံနေထိုင်ခဲ့ကာ အရွယ်ရောက်လာတော့ သားသမီးမွေးဖွားချင်စိတ်တွေပါ အလိုလိုပေါက်လာတာ။

ဒါပေမဲ့ ဆန္ဒပဲရှိကာ မဖြစ်နိုင်တဲ့အရာမို့ ဒီသားလေးကို မွေးစားပြီး မိခင်ဘဝ ခံယူခဲ့တာပါ။ တစ်မျိုးလုံး တစ်ဆွေလုံးက ဒီကိစ္စကြောင့် ဝိုင်းဝန်းစွန့်ပစ်ခဲ့ကြပေမယ့် သားကိုပဲရွေးခဲ့တာပါ။

✣ ✧ ✣





"သား ကျောင်းမသွားဘူးလား"

"မသွားချင်ဘူး မေမေ"

"အေး ... အေး ... မသွားရင်လည်းနေ။ ရော့ ... ဒီမှာ နွားနို့ရယ်၊ ပေါင်မုန့်ရယ်၊ နေ့လယ်စာ မေမေပို့လိုက်မယ် သား"

"ရတယ် မေမေ၊ တကူးတက မပို့ပါနဲ့။ သား ဘာမှစားချင်စိတ် မရှိဘူး။ ဆာရင် ရှိတာတစ်ခုခု စားလိုက်မယ်"

"ငါ့သားလေးလည်း အစားအသောက် ဒုက္ခရောက်ရှာတယ်"

"ရပါတယ် မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေမေ ဆိုင်ခဏပြေးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

သား ကျောင်းကိုသွားပြီး သားသူငယ်ချင်းလေးတွေကို သွားရှာမိသည်။

"ကလေးတို့ရယ် မေချိုကို သိသလောက် ပြောပြကြပါ"

အာကာတို့လည်း ဘာပြောရမှန်းမသိ။ လသာတောင် သူ့ပြဿနာကို သူ့အမေကို မပြောရက်တာ အာကာတို့က ဘာပြောရမလဲ။

ဒေါ်လီချို့သား ဖြစ်နေလို့ လသာကို သူ့ကောင်မလေးဘက်က သဘောမတူဘူးလို့ ပြောရမှာလား။ မဖြစ်နိုင်ပါ။ ကာယကံရှင် လသာတောင် မပြောဘဲ ကြိတ်မှိတ်ခံစားနေတာလေ။ သူတို့အားလုံး ဒေါ်လီချို့ကို ပြန်မပြောနိုင်ကြ။

ဒေါ်လီချို ဘယ်လိုမေးမေး မသိဘူးပဲ ဘူးခံကြသည်။

ဒေါ်လီချိုသည် ဒီကလေးတွေ မသိဘူးဆိုတာ ယုံကို မယုံ။ ဒါပေမဲ့ မပြောတော့ ဘာမှမတတ်နိုင်ဘဲ ပြန်လာခဲ့ရသည်။





သားလေး ဘာဖြစ်နေပါလိမ့်ကွယ်။ ကလေးတွေ ဘာလို့ မပြောနိုင်ကြပါလိမ့်။

မွန်းကျပ်လိုက်တာ။

ဘယ်သူ့ကို ရင်ဖွင့်ရပါ။ လက်တွေက ဖုန်းခလုတ်တစ်ခုကို အလိုလို နှိပ်မိရက်သား။

"ဟဲလို ... မမလား။ ဒေါ်လီပါ မမ"

မမက ဒေါ်လီ့ဆိုင်ကို လာခဲ့မယ်တဲ့။ ဆိုင်ကိုရောက်ပြီး ခဏအကြာမှာပဲ မမရောက်လာသည်။

"ဒေါ်လီ ဘာဖြစ်လို့လဲ"

ဒေါ်လီ နားနေခန်းထဲဝင်ပြီး တံခါးကို လော့က်ချလိုက်ကာ သားအကြောင်း ပြောပြလိုက်သည်။

"သားက တစ်ခါမှ ဒီလိုမဖြစ်ဘူး မမရဲ့။ ဒေါ်လီ့ကို အမြဲပြောနေကြ။ အခု မေးလို့ကို မရဘူး။ သူ့သူငယ်ချင်းတွေကို မေးလည်းမရဘူး။ တစ်ခုခုဖြစ်နေတာ သေချာတယ်၊ ဒေါ်လီ စိတ်ညစ်တယ် မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လီက ပြောရင်း မျက်ရည်တွေ ကျလာ၏။ ယောက်ျားတန်မဲ့ အတိတ်ဘဝဝင့်ကြွေးကြောင့် မိန်းမစိတ်ပေါက်ကာ သူ မမွေးခဲ့သောသာ လသာချိုအပေါ် မိခင်စိတ်တွေ ယိုဖိတ်ပြီး ယုယချစ်ခင်ခဲ့သော ဒေါ်လီချိုကို နားလည်အပေးနိုင်ဆုံးသူက လသာကို ဒေါ်လီ့လက်ထဲ ထည့်ခဲ့တဲ့ မမတစ်ယောက်ပဲရှိသည်လေ။

တော်ရုံတန်ရုံဆို ဒေါ်လီ ရင်ဖွင့်မှာမဟုတ်။ ဘာပဲဖြစ်ဖြစ် မြေးလေး မိုင်မိုင်ကို မေးကြည့်ရင် တစ်ခုခုတော့ သိရနိုင်သည်။

"မငိုပါနဲ့ ဒေါ်လီရယ်။ ဘာမှစိတ်မပူနဲ့။ မမ စုံစမ်းကြည့်ပါဦးမယ်။ ပြဿနာဆိုတာရှိရင် ဖြေရှင်းစရာနည်းလမ်းလည်း ရှိရမှာပေါ့။ မမ ကလေးနဲ့တွေ့ကြည့်ပါဦးမယ်"

"မမ ဒေါ်လီ အကြောက်ဆုံးက သားချို သူ့မိဘရင်းတွေဆီ ပြန်သွားမှာကိုပဲ ဒေါ်လီ စိတ်ထဲထင့်နေတယ် မမရယ်၊ ပြီးတော့ ဒီအရွယ်ထိ သားကို ဒေါ်လီတစ်ယောက်တည်း ပိုင်ခဲ့တာ။ ခုချိန်ကျမှ ဘယ်သူ့ကိုမှ ဒေါ်လီ မပေးနိုင်ဘူး"





"ဒေါ်လီရယ် ... ဒေါ်လီ့စိတ်ကို မမ နားလည်ပါတယ်၊ စိတ်မပူပါနဲ့ကွယ်၊ အခြေအနေတွေ အကောင်းဆုံးဖြစ်လာအောင် မမ ဝိုင်းဖြေရှင်းပေးပါ့မယ်"

"ဟုတ်ကဲ့ မမ။ ဒေါ်လီ့မှာ မမတစ်ယောက်တည်း အားကိုးစရာရှိပါတယ် မမရယ်"

"စိတ်ချပါ ဒေါ်လီရယ်၊ ဒေါ်လီ ရင်မနာစေရဘူး။ မနက်ဖြန်ကျရင် မမ ကလေးဆီ ဖုန်းဆက်လိုက်မယ်။ ဒေါ်လီ့အချစ်ကို ကလေး နားလည်အောင် မမ ပြောပေးမယ်နော်"

"ကျေးဇူးတင်ပါတယ် မမရယ်၊ တကယ်တော့ ဒေါ်လီ့ဘဝက သားကို ဆိုင်လည်းမဆိုင် ပိုင်လည်းမပိုင်ပါဘူး မမရယ်။ ဒေါ်လီ့ရင်ခွင်က ဟောင်းလောင်းပေါက်ကြီးပါ။ သား ထွက်သွားမယ်ဆိုရင် ပိတ်ဆို့ထားနိုင်တဲ့တံခါးတွေ မရှိဘူး"

"မဟုတ်ဘူး၊ ဒေါ်လီ ပိုင်တာပေါ့၊ ဒေါ်လီက ကျွေးမိခင်ပဲ။ ဘာလို့မပိုင်ရမှာလဲ။ ပြဿနာက ဘာမှန်းလဲ သေချာမသိသေးဘူးမို့လား။ စိတ်အေးအေးထား။ အဆင်ပြေသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

အခြောက်မတာစ်ယောက်မှာ မိန်းမစစ်စစ်တွေထက် တောင် မိခင်စိတ် ပိုရှိသေးတယ်လို့ ပြောရင် ? ။

✣ ✧ ✣





"ရွှေခက်ရေ ... မြေးလေး ကျောင်းက ပြန်ရောက်ပြီ လား"

"ရောက်ပြီ ဒေါ်ဒေါ်"

"အေး ... အေး ... ငါ ဒီမှာ မြေးလေးအတွက် အင်္ကျီလေး ဝယ်လာလို့"

"ဒေါ်ဒေါ့်မြေး ရေချိုးနေတယ်ထင်တယ်"

"ရတယ်၊ ငါ သူ့အခန်းထဲ သွားလိုက်မယ်"

"ဒေါ်ဒေါ် ဘာသောက်မလဲ"

"ရေအေးအေးလေးပဲ"

ရေပဲသောက်ချင်သည်။ ရင်ကပူနေတာကိုး။ ဘာ တွေဖြစ်နေမှန်းမှ မသိတာလေ။ လသာချို့ဆိုတာက အမြစ်အ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှန်ရင် ကိုယ့်မြေးပဲလေ။ ကိုယ့်လက်နဲ့ ကိုယ်ကိုယ်တိုင် စွန့်ပစ်ခဲ့တဲ့ မြေး။ အဲဒီအတွက် တူမဖြစ်သူ ခက်ရဲ့ဘဝ ဝေဖြာစိမ်းလန်းခဲ့ပေမယ့် မြေးကတော့ ဒေါ်လီချို့ရဲ့သားဘဝမှာ မျက်နှာငယ်နေရှာပြီထင်ပါ့။

"ဘွားလေး"

"ဟော ... မြေးလေး ရေချိုးလို့ပြီးပြီလား"

"ဟုတ်"

"ရော့ ... ဒီမှာ မြေးလေးအတွက် အင်္ကျီလှတာလေးတွေ့လို့ ဝယ်လာတာ"

"ဟယ် ... ဘွားလေး ဝယ်လာတာ ဆိုရင်တော့ အလန်းစားလေး နေမှာပဲ ... good ... good"

မိုင်မိုင်က အင်္ကျီလေးတွေ ထုတ်ကြည့်ရင်း သဘောကျနေသည်။

"ဪ ... ဒါနဲ့ မြေးလေး၊ ဟိုကလေး ဘာပြဿနာတက်နေလို့လဲ။ လသာချိုလေ"





"ဟင် ... ဘွားလေးက ဘယ်လိုသိလဲ၊ လသာ ပြဿနာတက်နေတာကို"

လသာချို နာမည်ပါလာ၍ ခက်နဲ့သာက မျက်လွှာပင့်ကြည့်သည်။

"ဒေါ်လီချို့ဆီက ကြားတာပါ၊ သူ့သားပြဿနာတစ်ခုခုဖြစ်နေပုံပဲတဲ့။ ဘာမှန်းလဲမသိ။ မေးလို့လည်းမရဘူးတဲ့"

"ဟုတ်တယ်၊ ဒီနေ့လည်း ဒေါ်လီချိုက သမီးတို့ကိုလာမေးသေးတယ်။ သမီးတို့ကလည်း မပြောရက်လို့"

"ဘာဖြစ်နေလို့လဲ"

"ဘွားလေး သွားပြန်မပြောနဲ့နော်။ လသာက သနားပါတယ်"

"မပြောပါဘူး၊ ဘွားလေးက သိချင်လို့မေးရုံသက်သက်ပါ"

"လသာနဲ့ လေပြေကို လေပြေ့ဘက်က သဘောမတူကြဘူးလေ။ လသာက ဒေါ်လီချို့သား ဖြစ်နေလို့တဲ့"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"လသာရဲ့မျိုးရိုးကိုလည်း မသိရဘူးလေ။ လသာကို ဒေါ်လီချို့က မွေးစားထားတာတဲ့၊ ဒါပေမဲ့ ဒေါ်လီချို့က လည်း လသာကို သူ့မိဘအရင်းတွေအကြောင်း ဘယ်တော့မှ မမေးပါနဲ့လို့ ပြောထားတော့ လသာက မမေးရက်ဘူး ...

လေပြေတို့ဘက်ကလည်း ဒေါ်လီချို့သားအနေနဲ့ သဘောမတူဘူး။ ခုဆို လေပြေကို သူ့အိမ်က အပြင်တောင် ပေးမထွက်တော့ဘူး။ သမီးတို့နဲ့တောင် အဆက်အသွယ် မရဘူး။ တကယ်လို့ လသာမိဘမျိုးရိုးကိုသိပြီး လေပြေတို့ဘက်က လက်ခံနိုင်ရင်တော့ အဆင်ပြေမှာ။ ခက်တာက လသာက ဒေါ်လီချို့ကို မမေးရက်ဘူး။ အဲဒါကြောင့် ဒေါ်လီချို့ လာမေးတော့ သမီးတို့က မပြောလိုက်တာ။ လသာ ဘယ်လိုဆုံးဖြတ်မလဲ မသိဘူးလေ"

"ဖြစ်ရတယ်ကွယ်"

"လသာ သနားပါတယ် ဘွားလေးရယ်၊ သူ လေပြေကို တကယ်ချစ်တာ။ လေပြေကလည်း လသာကိုတော်တော် ချစ်တာ"





ငြိမ်နားထောင်နေသော ဒေါ်ခက်နဲ့သာက ဝင်မှတ်ချက်ချသည်။

"လေပြေတို့ဘက်ကလည်း မှန်တာပဲ။ ဒေါ်လီချို့ကို ဘယ်လို ခမည်းခမက် တော်မလဲ"

✣ ◇ ✣



www.burmeseclassic.com

www.burmeseclassic.com



"သားချိုရေ ... ဖုန်း"

လသာ အံ့သြသွားသည်။ သူ့ဖုန်းကိုမဆက်ဘဲ အိမ်ဖုန်းကို ဘယ်သူဆက်တာပါလိမ့်။

ဘယ်သူနဲ့မှ ပြောချင်စိတ် မရှိပေမယ့် ထူးဆန်းနေသဖြင့် ထကိုင်လိုက်သည်။

"ဟဲလို"

"ကလေး ... ဘွားလေးက မိုင်မိုင့်ဘွားလေးပါ"

"အန်တီကြီး"

"အေး"

"ကလေးကို ပြောစရာရှိလို့။ ဘွားလေးဆီ လာတွေ့မလား"

"ဟုတ် ... ဘယ်ကိုလာရမလဲ အန်တီကြီး"





"ဝေးဝေးမဟုတ်ပါဘူး။ သားတို့လမ်းထိပ်က ကော်ဖီဟောက်စ်မှာ ဘွားလေးရှိတယ်၊ ခဏထွက်ခဲ့မလား"

"ဟုတ်"

ဘာအကြောင်းရှိမှန်း မသိပေမယ့် ထိုအန်တီကြီးဟာ လသာအကြောင်း သိထားတယ်ဟု အလိုလို ယုံကြည်မိသည်။ ခုချိန်မှာ ဒီအန်တီကြီးနဲ့တွေ့လိုက်ရင် လသာ စိတ်သက်သာရာရတွေ့နိုင်သည်။

ပေစုတ်စုတ်ဒီဇိုင်းနဲ့ပဲ လမ်းထိပ်ကို ထွက်လာလိုက်သည်။

"လာ ... မြေးလေး"

လသာ ဝင်ထိုင်ကာ ကော်ဖီတစ်ခွက် မှာလိုက်သည်။

"မြေးလေးပြဿနာကို မိုင်လေး ပြောလို့သိပြီးပြီ"

"ဟုတ်"

"တော်တော် စိတ်ညစ်နေတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လေပြေကိုရော မေမေ့ကိုပါ ချစ်တယ်။ ကျွန်တော် ဘာလုပ်ရမှန်းမသိဘူး။ ကျွန်တော့်မိဘတွေ ဘယ်သူလဲဆိုတာ အန်တီကြီး သိတယ်မို့လား။ ကျွန်တော့်ကို ပြောပြပါလားဗျာ"

"မင်း သိချင်ရင် ဒေါ်လီချို့ကို မေးပါလား"

"မမေးရက်ဘူး။ မေမေက ကျွန်တော့်အပေါ် အရမ်းကောင်းတယ်၊ မေမေ့ရင်ခွင်က အရမ်းနွေးထွေးခဲ့တယ်၊ သူများတွေ ဘယ်လိုမြင်မြင် ကျွန်တော့်အတွက် မေမေက အမေကောင်းတစ်ယောက်ပဲ၊ ဒါပေမဲ့ မေမေ့ကို မမေးရက်ပေမယ့် ကျွန်တော့်မိဘတွေ ဘယ်သူဆိုတာ ကျွန်တော်သိချင်တယ်၊ အန်တီကြီးသိရင် ပြောပြပါဗျာ"

"ပြောဖို့ ဆုံးဖြတ်ပြီး မင်းကို ခေါ်လိုက်တာပဲ ကလေး"

လသာ ရင်တွေခုန်လာသည်။ သူ သိရတော့မည်။ သူ ဘယ်သူလဲ။





"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ချစ်သူကောင်လေးနဲ့ ကောင်မလေးတို့ အချစ်နယ်ကျွံမိကြတယ်။ ကိုယ်ဝန်ရှိလာတော့ နှစ်ယောက်သား မဖြေရှင်းတတ်ကြဘဲ ခိုးပြေးကြတာပေါ့။ အဲလို ခိုးပြေးရင်း လမ်းမှာ ကားမှောက်တယ်။ ကောင်လေးက ဆုံးသွားတယ်။ ကောင်မလေးက ကိုယ်ဝန်နဲ့ ကျန်ခဲ့တာပေါ့"

အတိုချုံးပြီး အမြန်ပြောနေမိသည်။ ပြောပြရတဲ့သူက ရင်နာရသလို နားထောင်ရတဲ့သူလည်း စိတ်သက်သာမှာ မဟုတ်ဘူးလေ။

"ကောင်လေးက မရှိတော့ဘူး။ ကောင်မလေး ဒီကိုယ်ဝန်ကို ဘယ်လိုမွေးရမလဲ။ ဒါပေမယ့် ကောင်မလေးက ဒီကိုယ်ဝန်ကို မဖျက်ဆီးရက်ခဲ့ဘူး။ ကောင်လေး ချန်ရစ်ခဲ့တဲ့ သံယောဇဉ်ကြိုးလေးဆိုတော့ ဒီကလေးကို ကောင်မလေးက မွေးခဲ့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရဲ့မိဘတွေက ကောင်မလေးကို နယ်မြို့လေးတစ်မြို့က ဆေးရုံမှာ တာဝန်ကျနေတဲ့ ကောင်မလေးရဲ့အဒေါ် ဆရာဝန်မဆီကို ပို့ခဲ့ကြတယ်၊ အဲဒီမှာ ကောင်မလေးက ကလေးကို ရှောရှောရှူရှူ မွေးခဲ့တယ်၊ ဒါပေမဲ့ တူမဖြစ်သူရဲ့ရှေ့ရေးကို မျှော်တွေးခဲ့တဲ့ သူ့အဒေါ် ဆရာဝန်မက ကလေးကို သူများကို ပေးပစ်ခဲ့ပြီး ကောင်မလေးကိုတော့ အသေလေးမွေးတယ်လို့ ညာခဲ့တယ် ...

အဲဒီအချိန်မှာ ဒေါ်လီချိုကလည်း ကလေးလေးတစ်ယောက်ကို အင်မတန် လိုချင်နေခဲ့လို့။ ပြီးတော့ ဆရာဝန်မကလည်း ဒေါ်လီချိုကို ယုံကြည်ပြီး ပေးခဲ့တယ်။ အဲဒီဆရာဝန်မကပဲ လသာဆိုတဲ့နာမည်ကို ပေးခဲ့တာ။ လသာတဲ့ညမှာ မွေးခဲ့လို့လေ ...

ကျောင်းတက်တော့မှ ဒေါ်လီချိုက သူ့နာမည်ကချိုကို ထပ်ထည့်လိုက်တာ။ လောကကြီးမှာ လသာဆိုတဲ့





ကလေးတစ်ယောက် ရှင်သန်လူလားမြောက်ခဲ့တာကို အဲဒီဆရာဝန်မတစ်ယောက်ပဲသိပြီး ဒေါ်လီချို့ဆီက ကလေးအတွက် မကြာ မကြာ ထောက်ပံ့ပေးခဲ့တယ် ...

မင်းကိုမွေးခဲ့တဲ့ မအေကတော့ မင်းကို အဖတ်မတင်တာသိပြီး ရူးမတတ် ဖြစ်ခဲ့တယ်၊ နိုင်ငံခြားကို နှစ်နှစ်သုံးနှစ်လောက် ခေါ်သွားပြီး ရေပြောင်း မြေပြောင်းမှာ စိတ်ဖြေပေးခဲ့တယ်၊ ပြီးတော့ ဒီပြန်ရောက်တာနဲ့ သူ့ကို သင့်တော်တဲ့သူနဲ့ စီစဉ်ပေးစားခဲ့ကြတယ် ...

ကလေးတစ်ယောက် မွေးတယ်၊ ပြီးတော့ သူဟာ သူ့ချစ်သူနဲ့ သူ့ရဲ့အဖတ်မတင်တဲ့ကလေးကို တမ်းတခဲ့စားပြီး နှလုံးရောဂါရလာတယ်။ ဒါပေမဲ့ သူ့အိမ်ထောင်ဘက်ကတော့ သူ ကလေးတစ်ယောက် မွေးဖူးတာကို ဒီနေ့ထိ မသိခဲ့ဘူး။ သူ အသည်းကွဲခဲ့တာ သားတစ်သက်ပေါ့။ ဒါပေမဲ့ လူမသိ သူမသိ ကျိတ်ကြေကွဲနေရှာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ သူ့သားမသေတာသိရင် ရတ်တရက်ရှော့ခ် ရသွားနိုင်တယ်။ သူ့ရောဂါက ခံနိုင်ရည်ရှိမယ် မထင်ဘူး။ ရှိဦးတော့ သူ့အိမ်ထောင်ရေးက ဘယ်လိုဖြစ်သွားမလဲ မသိနိုင်ဘူး။ အဲဒါကြောင့် ဖွင့်မပြောရဲခဲ့ဘူး ...

ပြီးတော့ ဒေါ်လီချို။ ဒေါ်လီဟာ သားကိုသိပ်ချစ် တယ်၊ သားမိဘအရင်းတွေ ပေါ်လာမှာ သူ သိပ်ကြောက် ရှာတယ် သား ...

မင်းရဲ့မွေးမိခင်ရော ကျွေးမိခင်ပါ မင်းကိုအရမ်း ချစ်ခဲ့ကြတယ်၊ ဒါပေမဲ့ မင်းကလည်း ဒေါ်လီချို့သားအဖြစ် နဲ့ မျက်နှာပန်းမလှခဲ့ဘူး ...

ဘွားလေး မှားခဲ့တာပါ။ ခုချိန်မှာ ဘွားလေး ရင်နာ မဆုံးဘူး"

"ဒါ ... ဒါဆို ... ဒါဆို ... ကျွန်တော့်မေမေက ဒေါ်ခက် နဲ့သာပေါ့"





"ဟုတ်ဘယ် ... မိုင်မိုင်က မင်းညီမလေး။ အဲဒါကြောင့် မင်းတို့ သာမန်ထက် သံယောဇဉ်ပိုနေကြတာပေါ့"

လသာ ကောင်းကောင်းကြီး သဘောပေါက်သွား၏။ ကမ္ဘာကြီးက ကျဉ်းလှချည်လား။ သူ့အပေါ် အလွန်တရာမှ မနှစ်မြို့ ခဲ့သော ဒေါ်ခက်နဲ့သာက သူ့အမေတဲ့လား။ ပြီးတော့ သူ့ကြောင့်ပဲ နှလုံးရောဂါ ရခဲ့တာတဲ့လား။

လေပြေ ... သူ လေပြေကို လက်ထပ်ချင်ရင် မေမေဒေါ်ခက်နဲ့သာရဲ့အတိတ်ကို လှန်ရတော့မည်။

ဒါဆို မေမေ ဒေါ်ခက်နဲ့သာရဲ့ရောဂါ။ ပြီးတော့ မေမေ့ရဲ့အိမ်ထောင်ရေး။ ဘာတွေဖြစ်ကုန်မလဲတောင်မသိ။

ပြီးတော့ မေမေ ဒေါ်လီချိုရဲ့ ရင်ကွဲမှု။

လေပြေနဲ့ အမေနှစ်ယောက်ရဲ့မျက်နှာကို တစ်လှည့် စီမြင်ယောင်လာသည်။

ကျွေးမိခင်၊ မွေးမိခင်၊ ချစ်သူ။

သူ့ခေါင်းတွေ ချာချာလည်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလုပ်ရမလဲ။ သူ ဘာလုပ်ရမလဲ။

သူ့မျိုးရိုး သူ့ဇာစ်မြစ်ကို သူ သိပြီ။ ဒါပေမဲ့ လှုပ်လို့မရတဲ့ အခြေအနေ။

မိုင့်အပေါ် လိုတာထက် ပိုတင်းကျပ်နေတဲ့ မွေးအမေကို သူ နားလည်သွားသည်မို့ ...။

✢ ✧ ✢





ဒါဆို အန်တီကြီးက သူ့ဘွားလေးပဲပေါ့။ သူ ဘွားလေးကိုပဲ တောင်းဆိုလိုက်သည်။

သူ့မွေးအမေ ဒေါ်ခက်နဲ့သာဃည်း သူ မရှိတော့ဘူးလို့ပဲ သိထားပါစေတော့။

သူ့အမေ ဒေါ်လီချိုလည်း သူ ဒီအကြောင်းတွေသိနေတာကို မသိပါစေနဲ့တော့။

ပြီးတော့ သူချစ်တဲ့ လေပြေ။

လေပြေလည်း သူ့ကို နာကြည်းမုန်းတီးပါစေတော့။

မွေးမိခင်ရဲ့အသက်နဲ့သိက္ခာ။ ကျွေးမိခင်ရဲ့ မျက်ရည်ကိုချနင်းမှ သူနဲ့ လေပြေ နီးစပ်ရမယ်ဆိုရင် နေပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



လေပြေကို သူ သနားပေမယ့် လေပြေသည် တစ်ချိန်က ဒေါ်ခက်နဲ့သာလောက် အဖြစ်မဆိုးသေး။

သူ့မိဘရင်းတွေဟာ သူ့ကိုမုန်းလို့ စွန့်ပစ်ခဲ့ကြတာ မဟုတ်ဘူးဆိုတဲ့ အသိတစ်ခုနဲ့ပဲ သူ ကျေနပ်လိုက်ပါသည်။

သူနဲ့ဝေးရပေမယ့် တစ်နေ့နေ့တော့ တစ်နည်းနည်းနဲ့ လေပြေ အဆင်ပြေသွားမှာပါ။

ဘဝမှာ ဖြစ်ချင်တာ မဖြစ်ရတဲ့အခါ သို့မဟုတ် ဖြစ်ချင်တာတွေက မဖြစ်သင့်တော့တဲ့အခါ ဖြစ်သင့်တာကို ရွေးချယ်လိုက်တာသည်သာ ...။

ဖုန်းခလုတ်တစ်ခုကို သူ နှိပ်လိုက်သည်။

"ဟဲလို ... အန်တီလား၊ ကျွန်တော် လေပြေနဲ့ပြောချင်လို့ပါ"

"မင်း ဘယ်သူလဲ"

"လသာချိုပါ"

"ရာရာစစ ဘာကိစ္စ ဆက်တာလဲ"

"ပြောစရာတစ်ခု 'ရှိလို့ပါ အန်တီ"





"ဘာမှပြောစရာမလိုဘူး။ မင်းနဲ့ ငါ့သမီးကို လုံးဝသဘော မတူဘူး။ လေပြေကို ငါတို့သဘောတူတဲ့သူနဲ့ ပေးစားဖို့ စီစဉ်ပြီးပြီ"

"ကောင်းပါတယ် အန်တီ။ ကျွန်တော်ကလည်း လေပြေ့ကို ဘယ်လိုမှ လက်မထပ်နိုင်တဲ့အကြောင်း ပြောချင်လို့ပါ"

"ဘာ"

"ဟုတ်ပါတယ် အန်တီ။ ကျွန်တော့်ဇာစ်မြစ်ကို သိရမှ၊ ကျွန်တော့်မျိုးရိုးကောင်းမှ သဘောတူမယ်ဆိုရင် ကျွန်တော်က အမြဲတမ်း ဒေါ်လီချို့ရဲ့သားပါပဲလို့။ ကျွန်တော် ဘယ်တော့မှ လေပြေကို လက်မထပ်ဘူးလို့ ပြောပေးပါ အန်တီ"

ဖုန်းခလုတ်တွေကို ညင်သာစွာ ဖိနှိပ်ပစ်လိုက်၏။

သစ်ပင်တစ်ပင်ရဲ့

ပင်စည် ...

အကိုင်းအခက် ...

အသီးအပွင့်တွေကို

မြင်နေရတာတောင်မှ



www.burmeseclassic.com

www.burmeseclassic.com



အမြစ်ကိုလှန်ပြီး

ဇာစ်မြစ်ကို ကြည့်ချင်သတဲ့လား .?

အမိက,က

အဲဒီသစ်ပင်လား။

အမြစ်လား။

ဘယ်ကစပေါက်သလဲဆိုတဲ့

ဇာစ်မြစ်လား ?

သစ်ပင်က အမိကလား ?

ဇာစ်မြစ်က အမိကလား ?

BURMESE CLASSIC .com

**မွေးမြူလန်းဆန်း ဘဝပန်းကို**

**ထာဝရ ပန်ဆင်နိုင်ကြပါစေ**

ရွှန်းရမိမိုး

25th June'11


1:10 Am(SAT)

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရပိပိုး




ရာဇဝင်မလှတဲ့ တာရာ

www.burmeseclassic.com